မြန်မာ့အလင်း

အတွဲ (၅၃)
အမှတ် (၂၁၁)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၈ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်

၂၀၁၆ ခုနှစ်၊ မေ ၄ ရက်၊ တနင်္ဂနွေနေ့။

ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘက်စုံထူးချွန်လူငယ်များ၊ ထူးချွန်ကြက်ခြေနီများ၊ ကင်းထောက်လူငယ်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

လူငယ်ဖွံ့ဖြိုးမှုဆောင်ရွက်ခြင်းသည် နိုင်ငံ့သားကောင်းရတနာများ လေ့ကျင့်မွေးထုတ်ပေးခြင်းပင်ဖြစ်

နေပြည်တော် မေ ၃

၂၀၁၆ ခုနှစ် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ဂုဏ်ပြုမှတ်တမ်းလွှာ ဆက်ကပ်ခြင်းအခမ်းအနားနှင့် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်သမ္မတ အိမ်တော်၌ ကျင်းပသည်။

ရှေးဦးစွာ နံနက် ၉ နာရီတွင် ဆရာတော်ကြီးများအား နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ဂုဏ်ပြုမှတ်တမ်းလွှာ ဆက်ကပ်ခြင်းအခမ်းအနားကို နိုင်ငံတော်သမ္မတအိမ်တော်ရှိ ခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် ဂုဏ်ပြုမှတ်တမ်းလွှာဆက်ကပ်ခြင်း ခံယူတော်မူကြမည့် ဆရာတော်ကြီး ရှစ်ပါး၏ သာသနာရေးနှင့် လူမှုရေးဆိုင်ရာ စွမ်းဆောင်ချက်များကို တစ်ပါးချင်းစီအလိုက် ထုတ်နုတ်ဖော်ကျူးပြသသည်။

ထို့နောက် ဆရာတော်ကြီးများအား နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က နိုင်ငံတော်သမ္မတ၏ ဂုဏ်ပြုမှတ်တမ်းလွှာများကို ဆက်ကပ်သည်။

ယင်းနောက် ဆရာတော်ကြီးများနှင့်အတူ နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများဖြစ်ကြသော ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးညာဏ်ထွန်း၊ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းတို့သည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယနေ့ နိုင်ငံတော်သမ္မတ၏ ဂုဏ်ပြုမှတ်တမ်းလွှာ ဆက်ကပ်ခြင်းခံယူတော်မူကြသည့် ဆရာတော်ကြီးများမှာ ရှမ်းပြည်နယ် တာချီလိတ်မြို့ နဂါးနှစ်ကောင်ကျောင်းတိုက်ဆရာတော် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ခမ္မသီရိ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် တောတိုက်ခမ္မရိပ်သာ ကျောင်းတိုက်ဆရာတော် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တခမ္မသာရ၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မဟာဝိဇယရံသီ စလေကျောင်းတိုက်ဆရာတော် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက

စာမျက်နှာ ၇ ကော်လံ ၁ ❍

॥ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၏ အခြေခံအုတ်မြစ်သည် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍဖြစ်သည့်အတွက် ဗလငါးတန်နှင့်ပြည့်ဝသည့် နိုင်ငံသားကောင်းများပေါ်ထွန်းရေး နိုင်ငံတော်အနေဖြင့် ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍတို့တွင် အထူးအလေးထားအားပေးမြှင့်တင်ကြိုးပမ်း။ ॥

ပျောက်ဆုံးမလေးရှားလေယာဉ်နှင့်ပတ်သက်၍ မိသားစုဝင်များအား နစ်နာကြေးပေးရန် စီစဉ်လျက်ရှိ

စာမျက်နှာ » ၃

ကန်တော်ကြီးရေပြင်ကြည်လင်စေရေး အမေရိကန်ပညာရှင်များ ငှားရမ်းဆောင်ရွက်

စာမျက်နှာ » ၁၁

ရွှေကိုမလို ရေကိုသာလိုသည်ဆိုသည့် ကျေးရွာများ

စာမျက်နှာ » ၅

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

မြန်မာ့စွမ်းအားရှင်များ

ကျွန်ုပ်တို့တိုင်းပြည်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်နိုင်ငံဖြစ်လာစေရန် အစိုးရတစ်ခုတည်းနှင့် မဖြစ်နိုင်ပါ။ ပြည်တွင်း ပြည်ပကျွမ်းကျင်ပညာရှင်များ အကူအညီအထောက်အပံ့များလိုအပ်လျက်ရှိပါသည်။ သို့သော် ဥစ္စာရင်လို ဥစ္စာရင်ခဲဆိုသည့်အတိုင်း မိမိတို့နိုင်ငံ ကြီးပွားတိုးတက်ရန် မိမိတို့ကိုယ်တိုင်ကြိုးစားအားထုတ်ကြရမည်ဖြစ်ပါသည်။ ဤသို့ ကြိုးပမ်းအားထုတ်ရာတွင် စွမ်းဆောင်ရည်ရှိသည့် လူမှုအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များ၊ လူသားအရင်းအမြစ်များ အထူးပင်လိုအပ်ပါသည်။

ထို့ကြောင့်ပင် နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူတို့၏ လူမှုစီးပွားဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် စွမ်းဆောင်ရည်ရှိသည့် အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များအား ရွေးချယ်ပြီး နိုင်ငံတော်သမ္မတက နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ပွဲအခမ်းအနားကို နိုင်ငံတော်သမ္မတ ညေ့ဂေဟာ၌ မေ ၃ ရက် နံနက်ပိုင်းက ခမ်းနားထည်ဝါစွာ ကျင်းပခဲ့သည်။

နိုင်ငံ့စွမ်းဆောင်ရည်ဆုကို နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားရေးတိုးတက်ရေးတို့အတွက် စွမ်းဆောင်ကြမည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်သော စီးပွားရေးစွမ်းဆောင်ရှင်များ၊ လူမှုရေးစွမ်းဆောင်ရှင်များ၊ အဖွဲ့အစည်းများတိုးပွားလာစေရန်၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် မြို့ပြကျေးရွာများဖွံ့ဖြိုးတိုးတက်လာစေရန် ချီးမြှင့်ခြင်းဖြစ်ပါကြောင်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အဆိုပါအခမ်းအနား၌ ပြောကြားခဲ့သည်။

ယခုနှစ်တွင် ယခင်နှစ်များနှင့်မတူဘဲ ဘက်စုံထူးချွန် လူငယ်များ၊ ထူးချွန်ကြက်ခြေနီ လူငယ်များနှင့် ကင်းထောက်လူငယ်များကိုပါ ဖိတ်ကြားပြီး စုပေါင်းတွေ့ဆုံပွဲပြုလုပ်၍ အမြင်ခြင်းဖလှယ်ခြင်း၊ နိုင်ငံ့စွမ်းဆောင်ရည်ဆုရရှိသူများ၏ စီးပွားရေး၊ လူမှုရေး တိုးတက်အောင် စွမ်းစွမ်းတမံကြိုးစားဆောင်ရွက်ချက်များကို အားကျစံပြုအတုယူကြိုးစားနိုင်စေရန် ဟောပြောဆွေးနွေးပွဲများ ပြုလုပ်ခြင်းတို့ကို ထည့်သွင်းစီစဉ်ခဲ့ကြောင်း သိရသည်။

ဤသို့ နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်ခံရသူတို့သည်ကား ကျွန်ုပ်တို့နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့တာဝန်ကျရာ တစ်ထောင့်တစ်နေရာက ပါဝင်ဆောင်ရွက်နေသည့် စွမ်းအားရှင်များပင်ဖြစ်ပါသည်။ နိုင်ငံနှင့်အဝန်း စွမ်းအားရှင်များတိုးတက်လာပါက နိုင်ငံသည်လည်း အလျင်အမြန်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ သိပ္ပံနှင့်နည်းပညာအစရှိသဖြင့် စွမ်းအားရှင်များ တိုးတက်လာရမည်ဖြစ်ပါသည်။

ယနေ့ကမ္ဘာ့ဖွံ့ဖြိုးပြီး ဖွံ့ဖြိုးဆဲနိုင်ငံတို့တွင် တန်ပြန်ကြီးပွားတိုးတက်ရေးအတွက် အဓိက အားဖြင့်စွမ်းဆောင်ရည်မြင့်မားသူများအား တစ်နှစ်ထက်တစ်နှစ် မွေးထုတ်ပေးပြီး တိုင်းပြည် ကြီးပွားတိုးတက်အောင် ဆောင်ရွက်နေကြောင်း သိရသည်။ မည်သည့်နိုင်ငံ၌ချမ်းသာ ကြွယ်ဝသူမည်မျှရှိသည်၊ မည်သို့စီးပွားရေးလုပ်ငန်းများ တိုးတက်အောင်ကြိုးစားကြသည် ဆိုသည်ကို မကြာခဏကြားဖူးပါသည်။ ဤသူတို့သည်ကား စွမ်းအားရှင်များပင်ဖြစ်ပါသည်။ တိုင်းပြည်တိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှကူညီပေးနေကြသူများဖြစ်ပါသည်။ ကျွန်ုပ်တို့နိုင်ငံတွင်လည်း စွမ်းအားရှင်အမြောက်အမြား တိုးလာဖို့လိုပါသည်။ စွမ်းအားရှင်များတိုးပွားလာသည်နှင့်အမျှ တိုင်းပြည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့ ရန်ကင်းကျေးရွာ၌ ပအိုဝ်းဘာသာစာပေဖြင့်ကျင်းပသော အခြေခံဗုဒ္ဓယဉ်ကျေးမှုသင်တန်းဖွင့်

ဟိုပုံး မေ ၃

ရှမ်းပြည်နယ်(တောင်ပိုင်း)ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့၌ မိမိတို့၏ လူမျိုးဘာသာ၊ သာသနာရောင်ဝါနှင့် ယဉ်ကျေးမှုမြှင့်တင်ရေးအတွက် ရည်ရွယ်ဦးတည်ချက်ဖြင့် ပအိုဝ်းဘာသာစာပေဖြင့် ကျင်းပသော အခြေခံဗုဒ္ဓယဉ်ကျေးမှုသင်တန်းဖွင့်ပွဲအခမ်းအနားကို မေ ၁ ရက် နံနက် ၉ နာရီက ဟိုပုံးမြို့နယ် ရန်ကင်းကျေးရွာ ဇောတိကာရာမပရိယတ္တိစာသင်တိုက်၌ ကျင်းပရာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင် တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းသို့ သံဃာတော်အပါး ၄၀၀ ကျော်နှင့် ဟိုပုံးမြို့နယ်၊ ဆီဆိုင်မြို့နယ်၊ ပင်လောင်းမြို့နယ်၊ နောင်တရားမြို့နယ်ခွဲ၊ ဖယ်ခုံမြို့နယ်၊ လွိုင်ကော်မြို့နယ်၊ ကလောမြို့နယ်၊ ဟဲဟိုးမြို့နယ်၊ ပင်းတယမြို့နယ်၊ အောင်ပန်းမြို့နယ်၊ လွိုင်လင်မြို့၊ ပင်လုံမြို့နှင့်သထုံမြို့တို့မှ ပအိုဝ်းတိုင်းရင်းသား သင်တန်းသား သင်တန်းသူ ၂၅၀၀ တို့ တက်ရောက်ကြသည်။

သင်တန်းတက်ရောက်သော သင်တန်းသား သင်တန်းသူများသည် သင်တန်းပြီးဆုံးပါက မိမိဒေသသို့ ပြန်လည်ထွက်ခွာပြီး မိမိဒေသရှိ ကျေးရွာများတွင် ဆင့်ပွားသင်တန်းများ ပြန်လည်ပို့ချသွားမည် ဖြစ်ကြောင်း သိရသည်။

သင်တန်းကာလမှာ မေ ၁ ရက်မှ ၉ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး "အခုလို ပအိုဝ်းဘာသာစာပေဖြင့် ဗုဒ္ဓဘာသာဆရာဖြစ် သင်တန်းနဲ့ အခြေခံယဉ်ကျေးမှုသင်တန်း မဖွင့်လှစ်နိုင်တာ နှစ်ပေါင်း ၃၀ ကျော်ရှိခဲ့ပြီ။ အခုမှ ဒီသင်တန်းကို ပြန်ပြီးဖွင့်လှစ်နိုင်တယ်" ဟု ကျောက်တလုံးကြီးမြို့နယ်ခွဲ ပုံဆွေပင်ကျောင်းဆရာတော် ဦးအာနန္ဒက မိန့်ကြားသည်။

နန်းဦးခမ်း(ဟိုပုံး)

စစ်တွေမြို့ ကုန်သည်လမ်းတစ်လျှောက် မီးလင်းစေချင်

ထင်သာမြင်သာပြုပြင်စရာ

စစ်တွေမြို့ ညေဝတီရပ်ကွက်နှင့် စက်ရုံစုရပ်ကွက်အကြား ကုန်သည်လမ်းတစ်လျှောက် (ကိုက် ၆၀၀ ခန့်)မှာ လမ်းမီးမရှိသဖြင့် နေ့အလင်းရောင်ပျောက်ပြီး ညဘက်ရောက်သည်နှင့် မှောင်မိုက်လျက်ရှိသည်။

ကုန်သည်လမ်းမှာ စစ်တွေမြို့၏ အချက်အချာကျသောလမ်းဖြစ်သလို အဝေးပြေးကားဂိတ်နှင့် မြို့တွင်းသို့ သွားလာရေးအလွယ်ကူဆုံးဖြစ်၍ ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ခြင်း၊ အနီးအနားရပ်ကွက်များနှင့် ကျေးရွာများမှ အလုပ်လုပ်ကိုင်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့်ခရီးသွားပြည်သူများ နိစ္စဓူဝသွားလာခြင်းတို့ကြောင့် စည်ကားလျက်ရှိသည်။ သို့သော် ၎င်းလမ်းမှာ မိုးချုပ်သည်နှင့် လမ်းတစ်လျှောက်ရှိ ဓာတ်မီးတိုင်များတွင် လမ်းမီးမရှိသဖြင့် လမ်းသွားလမ်းလာများအတွက် ယာဉ်မတော်တဆမှုနှင့် မသမာလုယက်မှု၊ မှောင်ရိပ်ခိုရမ်းကားမှုတို့ ဖြစ်ပေါ်နိုင်ခြင်းကြောင့် ကြိုတင်တားဆီးရှောင်ရှားနိုင်ရေးအတွက် လမ်းမီးတပ်ဆင်ပေးရန် လိုအပ်လျက်ရှိသည်ကို တွေ့ရသည်။

"လမ်းမီးမရှိတာ အတော်ကို ကြာပါပြီ။ လမ်းသွားလမ်းလာပြည်သူတွေ ဒီအတိုင်း အမှောင်ထဲသွားနေရတယ်။ လူနေအိမ်ခြေရှိတဲ့နေရာတွေမှာ လမ်းမီးမရှိရင်လည်း အိမ်မီးရှိလို့ ပြဿနာမရှိပါဘူး။ ဒီလမ်းမှာက လူနေအိမ်ခြေလည်းမရှိတော့ အဆက်ပြတ်တာပေါ့။ ဘာပဲပြောပြော လမ်းမီးလင်းနေရင်တော့ သွားရေးလာရေး စိတ်ချမ်းသာပြီး မြို့လည်းကျက်သရေရှိတာပေါ့" ဟု လမ်းသွားလမ်းလာတစ်ဦးက ပြောသည်။

မြို့အင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်အေးချမ်းစေရေးအတွက် ကုန်သည်လမ်းတစ်လျှောက် လမ်းမီးလင်းစေချင်ကြောင်း တင်ပြလိုက်ရပါသည်။

ကိုခိုင်ကြီး

သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ

လေဘေးသင့်အိမ်ထောင်စုများအား ငွေလှူဒါန်း

မြင်းခြံ မေ ၃

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ဆီမီးခုံဒေသရှိ သဘာဝဘေးအန္တရာယ် လေဘေးသင့်အိမ်ထောင်စု ၂၅၀ အား ငွေလှူဒါန်းခြင်းကို ဆီမီးခုံကျေးရွာ အထက်တန်းကျောင်း ဦးရွှန်းခန်းမ၌ မေ ၁ ရက် နံနက် ၈ နာရီက ကျင်းပသည်။ အဆိုပါလှူဒါန်းပွဲတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီး ဦးအောင်ဇံက အမှာစကားပြောကြားပြီး မန္တလေးမြို့ မြင်းခြံမြို့နယ်အသင်း ဒုတိယဥက္ကဋ္ဌက ငွေလှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားကာ ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ဆီမီးခုံ၊ ဖက်ပင်အိုင်၊ ငါ့နန်း၊ ကုလကျေးရွာအုပ်ချုပ်ရေးမှူးများမှတစ်ဆင့် လေဘေးသင့်အိမ်ထောင်စုများအတွက် တစ်အိမ်ထောင်လျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၂၅ သိန်းကို ပေးအပ်လှူဒါန်းခဲ့သည်။ လှူဒါန်းပွဲသို့ မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူးဦးမြင့်သင်းအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးထွန်းသိန်းအောင်၊ ခရိုင်နှင့်မြို့နယ်ပြည်ခိုင်ဖြိုးပါတီဝင်များ၊ အလှူရှင်များနှင့် ကျေးရွာ ပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ဇော်မင်းနိုင်(မြင်းခြံ)

ပြည်တွင်းသတင်း

ပြည်ထောင်စုအဆင့် အရေးပေါ်ပေါင်းစပ်ညှိနှိုင်းရေးစင်တာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး စစ်တွေမြို့တွင် ကျင်းပ

စစ်တွေ မေ ၃

ပြည်ထောင်စုအဆင့် အရေးပေါ်ပေါင်းစပ်ညှိနှိုင်းရေးစင်တာလုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁/၂၀၁၄)ကို မေ ၂ ရက် မွန်းလွဲ ၁ နာရီမှ ၄ နာရီအထိ စစ်တွေမြို့ရှိ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။ **(ယာပုံ)**

အစည်းအဝေးသို့ ပြည်ထောင်စုအဆင့် အရေးပေါ် ပေါင်းစပ်ညှိနှိုင်းရေးစင်တာဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းက အမှာစကားပြောကြားခဲ့ပြီး ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှုအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးကြပြီး ဆက်လက်၍ လုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များအား ချိတ်ဆက်ဖြည့်ဆည်းပေးနိုင်ရန် ပေါင်းစပ်ညှိနှိုင်းဆွေးနွေးဆောင်ရွက်ခဲ့ကြသည်။

အစည်းအဝေးသို့ ပြည်ထောင်စုအဆင့် အရေးပေါ် ပေါင်းစပ်ညှိနှိုင်းရေးစင်တာ ဒုတိယဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မောင်မောင်အုန်း၊ အဖွဲ့ဝင် ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်း၊ ဦးကျော်ကျော်ဝင်းနှင့် အဖွဲ့ဝင်ဝန်ကြီးဌာန ကိုယ်စားလှယ်များ၊ ပြည်နယ်အဆင့် အရေးပေါ် ပေါင်းစပ်ညှိနှိုင်းရေးစင်တာဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မြို့မိ မြို့ဖများနှင့်ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

လက်ရှိအခြေအနေတွင် ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်လျက်ရှိသော ကုလသမဂ္ဂနှင့် နိုင်ငံတကာ အဖွဲ့အစည်းများမှ အဖွဲ့ ၂၂ ဖွဲ့တို့သည် မူလလုပ်ငန်းများ ပြန်လည်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ယူနက်စကိုက ကြီးမှူးကျင်းပသည့် ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့အခမ်းအနား ကျင်းပ

ရန်ကုန် မေ ၃

ယူနက်စကိုက ကြီးမှူးကျင်းပသည့် ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ချက်ထရီယံဟိုတယ်၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် တာဝန်ရှိသူများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ)၊ မြန်မာနိုင်ငံစာရေးဆရာအသင်း၊ မြန်မာနိုင်ငံသတင်းစာဆရာအသင်းနှင့် မြန်မာဂျာနယ်လစ်ကွန်ရက်တို့မှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ပြည်တွင်း ၊ ပြည်ပသတင်းထောက်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည် **(ယာပုံ)**က အမှာစကားပြောကြားရာ၌ ဤအခမ်းအနားသည် နိုင်ငံတော်၏လွန်ခဲ့သော သုံးနှစ်တာကာလအတွင်း နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများအတွင်းမှ ဖြစ်ပေါ်လာသော မီဒီယာဖွံ့ဖြိုးတိုးတက်မှု၏ ပြယုဂ်တစ်ခုလည်း ဖြစ်ပါကြောင်း၊ မိမိတို့သည် အစိုးရသစ်တက်လာပြီး လအနည်းငယ်အကြာမှာပင် မီဒီယာပြောင်းလဲရေးလုပ်ငန်းစဉ်ကို စတင်ဆွေးနွေးနိုင်ခဲ့ပါကြောင်း၊ ယခုအချိန်မှာမူ ပြီးခဲ့သော နှစ်များအတွင်းက မိမိတို့စိုက်ထူခဲ့သော ထူးခြားပြောင်မြောက်သည့် မီဒီယာပြုပြင်ပြောင်းလဲရေးဆိုင်ရာ မှတ်ကျောက်များကို ထင်ရှားစွာ တွေ့မြင်နေကြရပြီဖြစ်ပါကြောင်း။

ယင်းတို့မှာ စာနယ်ဇင်းဆင်ဆာစနစ်ကို ရုပ်သိမ်းခဲ့ခြင်း၊ ပုဂ္ဂလိကသတင်းစာများ ပြန်လည်ထွက်ပေါ်လာခြင်း၊ ဘလော့ဂ်ဂါများနှင့် စာနယ်ဇင်းသမားများ ပြန်လည်လွတ်မြောက်လာကြခြင်း၊ လွတ်လပ်သော စာနယ်ဇင်းနှင့်ပုံနှိပ်ထုတ်ဝေသူများ အသင်းအဖွဲ့များ ပေါ်ထွက်လာခြင်း၊ တစ်ချိန်က ပြည်ပရောက်မီဒီယာများအား နိုင်ငံတွင်း၌ တရားဝင်မီဒီယာများအဖြစ် လိုင်စင်များ ပြန်လည်ခွင့်ပြုချမှတ်ပေးခြင်းတို့ ပါဝင်ပါကြောင်း၊ ထို့အပြင် တင်းကျပ်သည့် ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေကို ဖျက်သိမ်းနိုင်ခဲ့ပြီး အမျိုးသားရေး၊ လူမျိုးရေး၊ ဘာသာရေး အမုန်းတရားများအတွက် အားပေးခြင်းတို့ကို တားမြစ်သည့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေနှင့် သတင်းစာဆရာများ၏ သတင်းရှာဖွေရန် အခွင့်အရေးကိုလည်းကောင်း၊ သတင်းစာဆရာများကို အကာအကွယ်ပေးရန်လည်းကောင်း ရှင်းလင်းစွာဖော်ပြထားသည့် သတင်းမီဒီယာဥပဒေတို့ကို ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါကြောင်း၊ ထိုမျှသာမက သတင်းစာဆရာများအနေဖြင့် အာဏာပိုင်အဖွဲ့အစည်းများနှင့် ပြည်သူ့ဘဏ္ဍာများဖြင့် တည်ထောင်ထားသည့် အစိုးရမဟုတ်သော အဖွဲ့အစည်းများထံမှ သတင်းများကိုလည်း တောင်းဆိုပိုင်ခွင့်ရရှိကြမည်ဖြစ်ပါကြောင်း။

နိုင်ငံသားတိုင်းအတွက် တန်းတူညီမျှ အခွင့်အရေးပေးသောဒီမိုကရေစီလူ့အဖွဲ့အစည်းတစ်ရပ်၏ ကောင်းမွန်သော အုပ်ချုပ်ရေးလုပ်ငန်းစဉ်အတွက် လွတ်လပ်သော မီဒီယာဗဟုဝါဒသည် အလွန်တရာမှုပင် အရေးကြီးပါကြောင်း၊ ဗဟုမီဒီယာ၏ ပန်းတိုင်တစ်ခုအဖြစ် ပြည်သူ့ဝန်ဆောင်မှုမီဒီယာကို ထည့်သွင်းထားရာ ဝေးလံခေါင်ဖျားဒေသများမှ တိုင်းရင်းသား ညီအစ်ကိုများ အပါအဝင် နိုင်ငံသားအားလုံးသည် သတင်းအချက်အလက်များ လွယ်ကူစွာ ရရှိပိုင်ခွင့်ကို ကောင်းစွာခံစားကြရတော့မည်ဖြစ်ပါကြောင်း။

သို့ပါသော်လည်း ချောမွေ့အဆင်ပြေသော ပြုပြင်ပြောင်းလဲမှု ဖြစ်ပေါ်လာရန်အတွက် လွယ်ကူသောလမ်းကြောင်းသည် မည်သည့်အခါမျှ မရှိနိုင်ပါကြောင်း၊ မြန်မာနိုင်ငံကဲ့သို့ လူမျိုးစုံ၊ ဘာသာစုံနိုင်ငံတစ်ခုအတွက် မီဒီယာလွတ်လပ်ခွင့်နှင့် လူတစ်ဦးချင်းစီ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်မှုတို့အကြားတွင် တစ်ဖက်နှင့်တစ်ဖက် မတိမ်းမစောင်းစေရေး ထိန်းကျောင်းပေးရန် လိုအပ်ကြောင်း။

မြန်မာနိုင်ငံ၏ ဒီမိုကရေစီတည်ဆောက်ရေး ခရီးစဉ်တွင် လွတ်လပ်မျှတ၍ ဘေးအန္တရာယ်ကင်းသော ဗဟုမီဒီယာဝန်းကျင်ဖြစ်ပေါ်လာစေရေးအတွက် လူတိုင်းက တာဝန်သိစွာ ပါဝင်ကူညီကြပါရန် လေးစားစွာ တိုက်တွန်းကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ယူနက်စကို ဌာနေကိုယ်စားလှယ် Mr. Sardar Umar Alan က ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် ယူနက်စကိုညွှန်ကြားရေးမှူးချုပ်တို့၏ ပူးတွဲကြေညာချက်ကို ဖတ်ကြားရာတွင် ၂၀၁၅ ခုနှစ် ထောင်စုနှစ် ရည်မှန်းချက်အောင်မြင်စွာဆောင်ရွက်ရန် မျိုးဆက်သစ်များတွင် တစ်ကြိမ်တစ်ခါ အခွင့်အရေးရရှိအောင် ရေရှည်လုပ်ငန်းစဉ်တစ်ရပ်ကို နိုင်ငံတကာအဖွဲ့အစည်းက ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ လူတန်းစားပေါင်းစုံပါရှိသော အခြေခံကျ၍ လွတ်လပ်စွာ သဘောထားထုတ်ဖော်ခွင့်ကို အောင်မြင်စွာ အကောင်အထည်ဖော်ရန် လိုအပ်ကြောင်း၊ ဒီမိုကရေစီစနစ်၊ ပွင့်လင်းမြင်သာမှု၊တာဝန်သိမှု၊ ဥပဒေပြဋ္ဌာန်းချက်တို့သည်လည်း အခြေခံအခွင့်အရေးတွင် ပါရှိရန်လိုအပ်ကြောင်း၊ လူ့ဂုဏ်သိက္ခာ၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အခြေခံအခွင့်အရေးသည် မရှိမဖြစ်လိုအပ်ကြောင်း ပါရှိသည်။

ဆက်လက်၍ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ) ၏ သဝဏ်လွှာကို မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ) အတွင်းရေးမှူး ဦးကျော်မင်းဆွေက လည်းကောင်း၊ မြန်မာနိုင်ငံ ဂျာနယ်လစ်ကွန်ရက်၏ သဝဏ်လွှာကို မြန်မာဂျာနယ်လစ်ကွန်ရက် အထွေထွေအတွင်းရေးမှူး ဦးမြင့်ကျော်ကလည်းကောင်း၊ မြန်မာနိုင်ငံ သတင်းစာဆရာအသင်း၏ သဘောထားကြေညာချက်ကို မြန်မာနိုင်ငံသတင်းစာဆရာအသင်းဥက္ကဋ္ဌ ၂၀၁၄ ယူနက်စကို သတင်းလွတ်လပ်ခွင့်ဆုရွေးချယ်ရေး နိုင်ငံတကာ ဂျူရီအဖွဲ့ဝင် ဦးကိုကိုကလည်းကောင်း၊ နိုင်ငံတကာ မြန်မာ့သတင်းအဖွဲ့ (Burma News International)၏ ကြေညာချက်ကို နိုင်ငံတကာမြန်မာ့သတင်းအဖွဲ့ အဖွဲ့ဝင် ဦးကိုကိုဇော်ကလည်းကောင်း၊ အမျိုးသားစီမံခန့်ခွဲမှုကောလိပ် သတင်းအတတ်ပညာသင်တန်းဌာန၏ ကြေညာချက်ကို အဆိုပါသင်တန်းဌာနမှ ကျောင်းသားမောင်ဂင်ရှန်လျန်က လည်းကောင်း ဖတ်ကြားကြသည်။

ထို့နောက် ကွယ်လွန်သွားပြီဖြစ်သည့် သတင်းစာဆရာကြီး ဟံသာဝတီ ဦးဝင်းတင် ယမန်နှစ်က ကျင်းပသည့် ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားခဲ့သည့် ဗီဒီယိုမှတ်တမ်းကို ပြသပြီး တက်ရောက်လာသူများက ဝမ်းနည်းကြောင်းစာသားကို ရေးသားဖော်ပြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

အစိုးရသစ်တက်လာပြီး လအနည်းငယ်အကြာမှာပင် မီဒီယာပြောင်းလဲရေးလုပ်ငန်းစဉ်ကို စတင်ဆွေးနွေးနိုင်ခဲ့။ ယခုအချိန်မှာမူ ပြီးခဲ့သောနှစ်များအတွင်းက မိမိတို့စိုက်ထူခဲ့သော ထူးခြားပြောင်မြောက်သည့် မီဒီယာပြုပြင်ပြောင်းလဲရေးဆိုင်ရာ မှတ်ကျောက်များကို ထင်ရှားစွာတွေ့မြင်နေ

ပျောက်ဆုံးမလေးရှားလေယာဉ်နှင့်ပတ်သက်၍ မိသားစုဝင်များအား နစ်နာကြေးပေးရန်စီစဉ်လျက်ရှိ

မလေးရှား လေကြောင်းလိုင်း (MAS) က ၎င်း၏ကိုယ်စားလှယ်များသည် ကြိုတင်လျော်ကြေးငွေ ပေးအပ်ရေးအစီအစဉ် စတင်ရန်အတွက် ပျောက်ဆုံးမလေးရှားလေယာဉ်ပေါ် လိုက်ပါသွားသော ခရီးသည်များ၏ မိသားစုများနှင့် အဆက်အသွယ်ပြုလုပ်လျက်ရှိကြောင်း စနေနေ့က ပြောကြားသည်။

အဆိုပါ အစီအစဉ်သည် ဝမ်းနည်းပူဆွေးနေသော မိသားစုဝင်များ၏ စီးပွားရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်အတွက်ဖြစ်ပြီး ဥပဒေအရ နောက်တစ်ဆင့်အဖြစ် နစ်နာကြေးတောင်းခံရေး ၎င်းတို့၏ အခွင့်အရေးကို ထိခိုက်စေမည်မဟုတ်ကြောင်း၊ ယင်းအစီအစဉ်ကို အပြီးသတ် လျော်ကြေးပေးဆောင်ခြင်း၏ တစ်စိတ်တစ်ဒေသအဖြစ် မှတ်ယူရမည်ဖြစ်ကြောင်း (MAS) က ပြောကြားသည်။

သို့ရာတွင် မလေးရှား လေကြောင်းလိုင်းကုမ္ပဏီက လျော်ကြေးနှင့် ပတ်သက်သည့်ကိစ္စရပ်များကို လျှို့ဝှက်ထားဆဲဖြစ်ကြောင်းနှင့် ပူဆွေးသောက ရောက်နေကြသော မိသားစုများ၏ဆန္ဒမပါဘဲ အသေးစိတ်အချက်အလက်များကို လူသိရှင်ကြား ဖော်ထုတ်မည်မဟုတ်ကြောင်း ပြောကြားသည်။

ထို့အပြင် လေကြောင်းလိုင်းကုမ္ပဏီက သောကြာနေ့ညတွင် သီးခြားကြေညာချက်တစ်ရပ် ထုတ်ပြန်ပြီး မလေးရှားလေကြောင်းလိုင်းသည် ပျောက်ဆုံးလေယာဉ်ပေါ် လိုက်ပါသွားသော လူ ၂၃၉ ဦးအနက်

ဘာသာပြန်-ထန်နိုး

ခရီးသည် ၃၈ ဦးမှာ မလေးရှားနိုင်ငံသားများဖြစ်သည်ဟု အတည်ပြုခဲ့ကြောင်း သိရသည်။

သို့ရာတွင် ပျောက်ဆုံးလေယာဉ်ပေါ်တွင် မလေးရှားခရီးသည် ၃၈ ဦး ပါဝင်သည်ဟု အတည်ပြုသော်လည်း ပျောက်ဆုံးလေယာဉ်နှင့်ပတ်သက်၍ ထုတ်ပြန်သည့် ပဏာမအစီရင်ခံစာ၌ ခရီးသည်ဦးရေ အရေအတွက် ဖော်ပြရာတွင် မလေးရှားခရီးသည်ဦးရေမှာ ၃၈ ဦးထက်နည်းသည်ဟု ဖော်ညွှန်းသဖြင့် စိတ်ရှုပ်ထွေးမှု ဖြစ်ပေါ်စေခဲ့ကြောင်း သိရသည်။

ခရီးသည်များနှင့် လေယာဉ်အမှုထမ်းများ စုစုပေါင်း ၂၃၉ ဦး လိုက်ပါသည့် မလေးရှားလေယာဉ်အမှတ်စဉ် MH 370 သည် မတ် ၈ ရက် မွန်းလွဲ ၁၂ နာရီ ၄၁ မိနစ်တွင် ကွာလာလမ်ပူနိုင်ငံတကာ လေဆိပ်မှ ထွက်ခွာပြီးနောက် တစ်နာရီခန့်အကြာ တောင်တရုတ်ပင်လယ် အထက်ကောင်းကင်ယံ၌ ပျံသန်းစဉ် ရေဒါမြင်ကွင်းမှ ပျောက်ကွယ်သွားခဲ့သည်။ ၎င်းလေယာဉ်သည် ပုံမှန်ပျံသန်းပါက ယင်းနေ့ ညနေ ၆ နာရီခွဲခန့်တွင် ပေကျင်းနိုင်ငံတကာလေဆိပ်သို့ ဆိုက်ရောက်မည်ဖြစ်သည်ဟု သိရသည်။

နိုင်ငံစုံ ရှာဖွေရေးအဖွဲ့သည် ပျောက်ဆုံးလေယာဉ်ကို ကနဦး၌ တောင်တရုတ်ပင်လယ်ထဲတွင် ရှာဖွေခဲ့ပြီး မူလလားရာမှ လမ်းကြောင်းပြောင်းသည်ဟု သိရှိရသောအခါ အိန္ဒိယသမုဒ္ဒရာ တောင်ပိုင်းသို့ ပြောင်းရွှေ့ရှာဖွေခဲ့သည်။

မလေးရှား လေယာဉ်ပျောက်ဆုံးသည်မှာ ၅၇ ရက်ကျော်လွန်လာပြီဖြစ်သော်လည်း ပျောက်ဆုံးလေယာဉ်နှင့်ပတ်သက်၍ လေယာဉ်အပိုင်းအစတစ်ခုမျှ ယခုထိ မတွေ့ရှိရသေးကြောင်း သိရသည်။

(ဆင်ဟွာ)

နိုင်ငံတကာသတင်း

အီဂျစ်သမ္မတရွေးကောက်ပွဲ တရားဝင်မဲဆွယ်စည်းရုံးမှုစတင် လက်နက်ကိုင်အဖွဲ့အကြီးအကဲဟောင်း ဗိုလ်ချုပ်ကြီးစီစီ သမ္မတဖြစ်ရန်မျှော်မှန်း

ကိုင်ရို မေ ၃

အီဂျစ်သမ္မတ ရွေးကောက်ပွဲအတွက် တရားဝင်မဲဆွယ်စည်းရုံးမှုကို စတင်လိုက်ပြီဖြစ်သည်။ ယင်းမှာ ဗုံးခွဲတိုက်ခိုက်မှုများနှင့် အဓိကရုဏ်းများကြောင့် လူတစ်ဒါဇင်ကျော်သေဆုံးပြီးနောက် စတင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ မဲဆွယ်စည်းရုံးခြင်းကို စနေနေ့တွင်စတင်ပြီး မေ ၂၃ ရက်တွင် အဆုံးသတ်လိမ့်မည်ဟု မျှော်လင့်ထားသည်။ သမ္မတ ရွေးကောက်ပွဲကို မေ ၂၆ ရက်နှင့် ၂၇ ရက်တွင် ကျင်းပဖွယ်ရှိသည်။

သောကြာနေ့က ဆိုင်းနိုင်းကျွန်းဆွယ်၌ ဗုံးလေးလုံးဖောက်ခွဲတိုက်ခိုက်ခဲ့သည်။ မြို့တော်ကိုင်ရိုမြို့၌ အီဂျစ်အစိုးရဆန့်ကျင်သူများနှင့်လုံခြုံရေးတပ်များ အဓိကရုဏ်းဖြစ်ပွားခဲ့ရာ လူတစ်ဒါဇင်နီးပါးသေဆုံးခဲ့ရသည်။

အီဂျစ် လက်နက်ကိုင်တပ်ဖွဲ့၏ အကြီးအကဲဟောင်း အဗ္ဗဒယ်ဖာတာ အယ်လ်စီစီသည် သမ္မတရွေးကောက်ပွဲတွင် အနိုင်ရလိမ့်မည်ဟု ယူဆထားသည်။

အီဂျစ်ဗိုလ်ချုပ်ကြီးစီစီက ၂၀၁၃ ခုနှစ် ဇူလိုင်လတွင် နိုင်ငံ၏ပထမဆုံးသော ဒီမိုကရေစီနည်းလမ်းတကျ ရွေးကောက်တင်မြှောက်ခဲ့သည့် မိုဟာမက်မော်စီသည် ၎င်း၏ရာထူးနေရာတွင် ဆက်ခံနိုင်တော့မည်မဟုတ်ကြောင်း ကြေညာလိုက်သည်။ ဟမ်ဒင်းဆပ်ဘာဟီသည် ရွေးကောက်ပွဲတွင် စီစီ၏တစ်ဦးတည်းသော အဓိကပြိုင်ဘက်ဖြစ်သည်။ ၎င်းသည် ၂၀၁၂ ခုနှစ် ရွေးကောက်ပွဲတွင် တတိယနေရာသာ ရခဲ့သည်။ ဆပ်ဘာဟီသည် မော်စီနေရာကို ဆက်ခံရန် မျှော်လင့်ထားသည်။

အီဂျစ်နိုင်ငံတွင် ပြီးခဲ့သည့် ဇူလိုင်လက မော်စီကို ထောက်ခံသူများအား အကြီးအကျယ် ဖြိုခွင်းတိုက်ခိုက်ခဲ့သည်။ ထိုကာလအတွင်း အကြမ်းဖက် တိုက်ခိုက်မှုကြောင့် လူပေါင်း ၁၄၀၀ သေဆုံးခဲ့ပြီး ထောင်ပေါင်းများစွာ ဖမ်းဆီးခံရကြောင်း လူ့အခွင့်အရေးအဖွဲ့က ပြောသည်။ အီဂျစ်မွတ်စလင် ညီအစ်ကိုတော်များအဖွဲ့ကို စစ်တပ်ကျောထောက်နောက်ခံပြုသော အစိုးရက အကြမ်းဖက်အုပ်စုအဖြစ် သတ်မှတ်ထားသည်။

မွတ်စလင် ညီအစ်ကိုတော်များအဖွဲ့ဝင် ၁၀၀၀ ကျော်နှင့် ထောက်ခံသူများအား ယခုနှစ်အတွင်း သေဒဏ်စီရင်ခဲ့ကြောင်း သိရသည်။

(ပရက်စ်တီဗွီ)

ဥတ္တဇာမြို့ ကြောက်မက်ဖွယ်အကြမ်းဖက်မှုဖြစ်ပွားပြီးနောက် ယူကရိန်းတပ်များ စစ်ဆင်ရေးပြန်လည်စတင်

ကီယက်ဗ် မေ ၃

ယူကရိန်းအစိုးရက ဥတ္တဇာမြို့၌ ကြောက်မက်ဖွယ်အကြမ်းဖက်မှုဖြစ်ပွားပြီး တစ်ရက်အကြာ အရှေ့ပိုင်းရှိ ရုရှားလိုလားသော ခွဲထွက်ရေးသမားများအား ကိုင်တွယ်ရန် စစ်ဆင်ရေးကို ပြန်လည်ဆောင်ရွက်ပြီဖြစ်သည်။

ခရာမာကော့မြို့ဝန်းကျင်တွင် တိုက်ခိုက်မှုများနှင့်အတူ စစ်ဆင်ရေးစတင်လိုက်ကြောင်း ပြည်ထဲရေးဝန်ကြီး အာဆင်အဗာကော့ဗ်က အတည်ပြုပြောကြားသည်။

သောကြာနေ့က ဥတ္တဇာမြို့ အနောက်တောင်ပိုင်း၌ ရုရှားလိုလားသူများက အဆောက်အအုံတစ်လုံးကို သိမ်းပိုက်ပြီး မီးရှို့ဖျက်ဆီးခဲ့ရာမှ လူဒါဇင်နှင့်ချီ၍ သေဆုံးခဲ့ရသည်။ အကြမ်းဖက်မှုများအတွက် စိုးရိမ်ပူပန်မိကြောင်း အမေရိကန်က ပြောသည်။ ယူကရိန်းတပ်များက ရုရှားလိုလားသော ခွဲထွက်ရေးသမားများ၏ ဆလိုဗီးယန်းခံတပ်အနီး ခရာမာကော့မြို့ ရုပ်မြင်သံကြားတာဝါကို စနေနေ့က သိမ်းပိုက်လိုက်သည်။

"ကျွန်တော်တို့နိုင်ငံကို ပြန်လည်တည်ငြိမ်မှုရအောင် ကြိုးစားနေပါတယ်။ နိုင်ငံပိုင်အဆောက်အအုံတွေ ပြန်လည်သိမ်းပိုက်နိုင်ဖို့ ရပ်တန့်နေမှာမဟုတ်ပါဘူး"ဟု မစ္စတာအဗာကော့ဗ်က သူ၏ဖေ့စ်ဘုတ်စာမျက်နှာတွင် ဖော်ပြသည်။

ယူကရိန်းတပ်များအနေဖြင့် ဆလိုဗီးယန်းဝန်းကျင်တွင် စစ်ဆင်ရေးများ ဆက်လက်ပြုလုပ်နေကြောင်း သို့သော် အောင်မြင်အောင် မကြိုးစားနိုင်သေးကြောင်း ဒိုးနက်မြို့ရောက် ဘီဘီစီသတင်းထောက်က ပြောသည်။

ဆလိုဗီးယန်း အနောက်ဘက် လေးမိုင်ခန့်အကွာ အင်ဒရီးကာအရပ်၌ ယမန်နေ့ညပိုင်းက ပြင်းထန်သော တိုက်ပွဲဖြစ်ပွားခဲ့ကြောင်း ၎င်းကပြောကြားသည်။

(ဘီဘီစီ)

နိုင်ငံတွင်းဆူပူမှုဖြစ်အောင်လုပ်နေသည့် နိုင်ငံခြားသား ၅၈ ဦး ဗင်နီဇွဲလားအစိုးရက ဖမ်းဆီးထိန်းသိမ်း

ကရာကာ့စ် မေ ၃

လက်တင်အမေရိကနိုင်ငံဖြစ်သည့် ဗင်နီဇွဲလားနိုင်ငံ၌ လွန်ခဲ့သည့်သုံးလတာကာလအတွင်း အစိုးရဆန့်ကျင်ဆန္ဒပြသူများနှင့် အကြမ်းဖက်မှုများဖြစ်ပွားခဲ့ပြီးနောက် နိုင်ငံခြားသား ၅၈ ဦးကို ဖမ်းဆီးထားကြောင်း ဗင်နီဇွဲလားအစိုးရက ပြောကြားသည်။

အဆိုပါ ဖမ်းဆီးခံရသူများတွင် ကိုလံဘီယာနိုင်ငံသားများ၊ အမေရိကန်တစ်ဦး၊ စပိန်တစ်ဦးနှင့် အာရပ်တစ်ဦးတို့ပါဝင်ကြောင်း ဗင်နီဇွဲလား ပြည်ထဲရေးဝန်ကြီး မီဂူးလ်ရိုဒရီဂုဇ်သောရက်က သောကြာနေ့သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။

"ယခုအထိတော့ အခြားနိုင်ငံသား ၅၈ ဦးကို လက်လုပ်သေနတ်ကိုင်ဆောင်အသုံးပြုမှုနဲ့ ဖမ်းဆီးထားပါတယ်"ဟု ရိုဒရီဂုဇ်က ပြောသည်။

အမေရိကန်နိုင်ငံသားဟု အတည်ပြုထားသူမှာ တောဒ်မိုက်ကယ်လင်နင်ဂါဖြစ်ပြီး လက်နက်မှောင်ခိုမှုနှင့် လူသတ်ရန်ကြိုးစားမှုတို့ဖြင့် ဖမ်းဆီးထားသည်ဟု ဆိုသည်။

ဗင်နီဇွဲလားသမ္မတနီကိုလတ်မာဒူရိုအား ဖြုတ်ချရန် ကြိုးစားနေကြောင်း ရိုဒရီဂုဇ်က အမေရိကန်ကိုစွပ်စွဲလိုက်သည်။ ရဲတပ်ဖွဲ့နှင့် အစိုးရဆန့်ကျင် ဆန္ဒပြသူများသည် ကြာသပတေးနေ့က မြို့တော်ကရာကာ့စ်၌ အဓိကရုဏ်းထပ်မံ ဖြစ်ပွားခဲ့သည်။ လမ်းပေါ်ထွက် ဆန္ဒပြခြင်းကို ဥပဒေဖြင့်တားမြစ်ထားသော်လည်း ဆန္ဒပြသူများသည် လမ်းပေါ်ထွက်ဆန္ဒပြခဲ့ကြသည်။ ဆန္ဒပြမှုကို ရဲအဖွဲ့က ရော်ဘာကျည်ဆန်များ၊ မျက်ရည်ယိုဗုံးများဖြင့် ဖြိုခွင်းခဲ့ကြသည်။

(ပရက်စ်တီဗွီ)

အသက် ၆၂ နှစ်အရွယ် ချက်နိုင်ငံသား အတ္တလန္တိတ်သမုဒ္ဒရာကို သစ်သားဖောင်ဖြင့်ရွက်လွှင့်သွားမည်

ပရာဟာ မေ ၃

ချက်နိုင်ငံသား အသက် ၆၂ နှစ်အရွယ် ဂျိုဇူဖ်ဘိုဟက်သည် အတ္တလန္တိတ်သမုဒ္ဒရာကိုဖြတ်၍ ပေါ်တူဂီမှဖလော်ရီဒါသို့ သစ်သားဖောင်ဖြင့် ရွက်လွှင့်သွားရန် စီစဉ်နေကြောင်း ဒေသသတင်းရပ်ကွက် ဖော်ပြချက်တစ်ခုအရ သိရသည်။

ထင်ရှားကျော်ကြားသော နော်ဝေနိုင်ငံသား သောဟေယာဒါလ်သည် ကျူပင်များဖြင့်ပြုလုပ်ထားသော လှေဖြင့် ပစိဖိတ်သမုဒ္ဒရာကို ရွက်လွှင့်သွားလာခဲ့ဖူးကြောင်း၊ ယခုကဲ့သို့ ဖောင်ဖြင့် ကမ္ဘာ့တိုက်ကြီးများ တစ်တိုက်မှတစ်တိုက်သို့ သွားလာရန် စီစဉ်နေသူ မည်သူတစ်ဦးတစ်ယောက်မျှ မရှိသေးကြောင်း ဘိုဟက်က ပြောသည်။

၁၉၅၀ ပြည့်နှစ်များက ပစိဖိတ်သမုဒ္ဒရာကိုဖောင်ဖြင့် ရွက်လွှင့်သွားလာခဲ့သူ ချက်နိုင်ငံသား ခရီးသွား အက်ဒွက်အင်ဂရစ်က ၎င်းကို အားပေးမှုများပြုလုပ်ခဲ့သည်ဟု ဆိုသည်။

ဘိုဟက်၏ ရေလမ်းခရီးသည် ကီလိုမီတာထောင်ပေါင်းများစွာ ရှည်လျားမည်ဖြစ်သည်။ ၎င်းဖောင်သည် ရက်မ ၁၆ ချောင်းကို စတီးလ်ကြိုးများဖြင့်ဆိုင်းကာ ပြုလုပ်ထားပြီး ရွက်တိုင်နှစ်ခု၊ အိပ်စင်နှင့်အတူ စကြိုတစ်ခုပါရှိမည်ဖြစ်သည်။ ထို့နောက် အစားအစာ၊ ရေနှင့်အခြားသော အသုံးအဆောင်ပစ္စည်းများကို စည်ပိုင်းများဖြင့် တင်ဆောင်မည်ဟု ဆိုသည်။

၎င်းစီမံကိန်းအတွက် ချက်ခရောင်းငွေ ၄၀၀၀၀၀ (အမေရိကန်ဒေါ်လာ ၂၀၀၀၀ ခန့်) ကုန်ကျမည်ဖြစ်ရာ ထောက်ပံ့မည့်သူများကို ကြိုဆိုလျက်ရှိသည်ဟု ၎င်းက ပြောသည်။

(ဆင်ဟွာ)

အာဖဂန်နစ္စတန်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြို မိသားစု၃၀၀မှ လူပေါင်း၂၁၀၀ကျော် သေဆုံးကြောင်းအတည်ပြု

ကာဘူးလ် မေ ၃

အာဖဂန်နစ္စတန်အရှေ့မြောက်ပိုင်း ဘာဒက်ရှန်ပြည်နယ် ရွှေ့ပြောင်းနေရာ၌ သောကြာနေ့ နံနက်အစောပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တောင်ပြိုကျခဲ့ရာ အိမ်ရာပေါင်းများစွာနှင့် လူ ၂၀၀၀ ထက်မနည်း ပိမိနေခဲ့ပြီး ကယ်ဆယ်ရေးအဖွဲ့များသည် ရှာဖွေရေးဒုတိယနေ့ကို ပိုက်စိပ်တိုက်ပြုလုပ်လျက်ရှိသည်ဟု သိရသည်။ ယင်းကဲ့သို့ ရှာဖွေမှုများပြုလုပ်ရာ အလောင်း ၃၅၀ ကျော် ပြန်ရရှိခဲ့ကြောင်း ကုလသမဂ္ဂက ဆိုသည်။

ကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်ပြုလုပ်နေသော်လည်း အသက်ရှင်ကျန်ရစ်သူများကိုတွေ့ရှိရန် အလားအလာမရှိကြောင်း မိသားစု ၃၀၀မှ လူပေါင်း ၂၁၀၀ကျော် သေဆုံးခဲ့ကြောင်း သက်ဆိုင်ရာက အတည်ပြုပြောကြားသည်။ ဒေသရဲတပ်ဖွဲ့က အိုးအိမ်မဲ့ဖြစ်သွားသောပြည်သူ ထောင်ပေါင်းများစွာကို ပေါင်မုန့်နှင့်ရေများ ဝေငှ ပေးခဲ့သည်။ ပြီးခဲ့သည့် ရက်များကလည်း အာဖဂန်အရှေ့ပိုင်းနှင့်မြောက်ပိုင်း နေရာတော်တော်များများ၌ မိုးသည်းထန်စွာရွာသွန်းခဲ့သည်။ အာဖဂန်ဆိုင်ရာ ကုလသမဂ္ဂမစ်ရှင်က သေဆုံးသူအရေအတွက် ၂၁၀၀ကျော်လာပြီဖြစ်ကြောင်း ဖော်ပြခဲ့သည်။

(ရိုက်တာ)

ပြည်တွင်းသတင်း

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များတွေ့ဆုံ

နေပြည်တော် မေ ၃

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်များ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နိုင်ငံတော်သမ္မတရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် နိုင်ငံပိုင်မြေ လွှဲပြောင်းမှုဆိုင်ရာ ကိစ္စရပ်များ၌ ဥပဒေလုပ်ထုံးလုပ်နည်းနှင့် အညီ ဆောင်ရွက်နိုင်ရေး၊ လယ်မဲ့၊ မြေမဲ့၊ ယာမဲ့စာရင်းများ ကောက်ယူရရှိမှုများအပေါ် မှန်ကန်သည့် စာရင်းပြုစုနိုင်ရေး၊ မော်တော်ယာဉ်များမှတ်ပုံတင်ခြင်းဆိုင်ရာကိစ္စရပ်များ၊ လူငယ်လှုပ်ရှားမှုများဖြစ်ကြသည့် ဘက်စုံပညာထူးချွန်လူငယ်၊ ကြက်ခြေနီအသင်းများ၊ ကင်းထောက်လုပ်ငန်းများတွင် ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ၊ သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်၍ ပျက်စီးဆုံးရှုံးမှုများတွင် လိုအပ်သည့် ငွေကြေးနှင့် အထောက်အပံ့ပစ္စည်းများ အချိန်မီရရှိပြင်ဆင်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသများ၏ အုပ်ချုပ်မှုပိုင်းဆိုင်ရာ ကိစ္စရပ်များ၊ အုပ်ချုပ်မှုပြုပြင်ပြောင်းလဲရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးကြသည်။

တက်ရောက်

အဆိုပါညှိနှိုင်းအစည်းအဝေးသို့ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးတင်နိုင်သိန်း၊ ဦးလှထွန်း၊ တိုင်းဒေသကြီး/ပြည်နယ် ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုနှင့် အထူးဂုဏ်ထူးဆောင်ဆုရရှိသူများက ဘက်စုံပညာထူးချွန်လူငယ်များ၊ ထူးချွန်ကြက်ခြေနီလူငယ်များနှင့် ကင်းထောက်လူငယ်များအား ဟောပြောပွဲကျင်းပ

နေပြည်တော် မေ ၃

၂၀၁၄ ခုနှစ် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုနှင့် အထူးဂုဏ်ထူးဆောင်ဆု ရရှိသူများက ဘက်စုံပညာထူးချွန် လူငယ်များ၊ ထူးချွန်ကြက်ခြေနီ လူငယ်များနှင့် ကင်းထောက်လူငယ်များအား ဟောပြောပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) ၌ ကျင်းပသည်။ **(အောက်ယာပုံ)**

ရှေးဦးစွာ စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်တောင်သူလယ်သမားဆုရရှိသူ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်မှ ဦးကျော်ဇော၊ မွေးမြူထုတ်လုပ် ထူးချွန် လုပ်ငန်းရှင်ဆုရရှိသူ ရှမ်းပြည်နယ် တောင်ကြီးမြို့မှ ဒေါက်တာဦးသိန်းစိန်၊ နိုင်ငံတော်နှင့်ပြည်သူတို့၏ လူမှုရေးအကျိုးပြုမှု အကောင်းဆုံးလူမှုရေးအသင်းအဖွဲ့ အထူးဂုဏ်ထူးဆောင်ဆုရရှိသူ ရန်ကုန်တိုင်းဒေသကြီး ဇီဝိတဒါနသံဃာ့ဆေးရုံကြီးမှ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်၊ နိုင်ငံတော်နှင့် ပြည်သူတို့၏ လူမှုရေးအကျိုးပြုမှု အကောင်းဆုံးလူမှုရေးအသင်းအဖွဲ့ စွမ်းဆောင်ရည်ဆုရ ထူးဖောင်ဒေးရှင်းမှ ဦးပေါ်မြင့်ဦးတို့က ၎င်းတို့၏ အတွေ့အကြုံများနှင့် ရင်ဆိုင်ကျော်လွှားအောင်မြင်မှု ရခဲ့သည့် အခြေအနေများကို ဟောပြောကြသည်။

ထို့နောက် အများပြည်သူဘေးအန္တရာယ်ကျရောက်မှုအား သက်စွန့်ကြိုးပမ်းကယ်တင် စွမ်းဆောင်သူ စွမ်းဆောင်ရည်ဆုရ စစ်ကိုင်းတိုင်းဒေသကြီးမှ ဦးခင်ဦး၊ အကျိုးအမြတ်မယူသော ထူးချွန်စီးပွားရေးအသင်းအဖွဲ့ စွမ်းဆောင်ရည်ဆုရရှိသူ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်းမှ ဦးဇော်မင်းဝင်း၊ အကျိုးအမြတ်ရယူသော ထူးချွန်စီးပွားရေးအသင်းအဖွဲ့ စွမ်းဆောင်ရည်ဆုရရှိသူ မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းမှ ဦးစိုးမြင့်အောင်၊ တန်ဖိုးမြင့်ထုတ်ကုန် ထူးချွန်ထုတ်လုပ်ရောင်းချနိုင်သည့် စီးပွားရေးလုပ်ငန်းရှင် စွမ်းဆောင်ရည်ဆုရ ရှမ်းပြည်နယ်မှ ဦးရဲမြင့်မောင်တို့က လူမှုရေးဆိုင်ရာ စွမ်းစွမ်းတမံ ဆောင်ရွက်ချက်များ၊ စီးပွားရေးလုပ်ငန်းများတွင် အများနှင့်တန်းတူယှဉ်ပြိုင်နိုင်ရန် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ခဲ့မှုများနှင့် တစ်ဦးတစ်ယောက်ချင်းမှသည် တာဝန်ရှိပြည်သူများအဖြစ် လူတိုင်းတာဝန်ရှိသည်ဟု ခံယူကြကာ နိုင်ငံတော် တိုးတက်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်သွားကြရေးဆိုင်ရာများကို ဟောပြောကြသည်။

ဆက်လက်၍ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန် ထူးချွန်ထမ်းဆောင်သည့် အထူးဂုဏ်ထူးဆောင်ဆုရ ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း၊ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန် ထူးချွန်ထမ်းဆောင်သည့် လုပ်ငန်းရှင်စွမ်းဆောင်ရည်ဆုရ ရန်ကုန်တိုင်းဒေသကြီးမှ ဦးအောင်ဇော်နိုင်၊ ထုတ်လုပ်ရောင်းချမှုထူးချွန် အသေးစားစီးပွားရေးလုပ်ငန်းရှင် စွမ်းဆောင်ရည်ဆုရ မန္တလေးတိုင်းဒေသကြီးမှ ဦးအောင်ဆန်း၊ ထုတ်လုပ်ရောင်းချမှုထူးချွန် အလတ်စား စီးပွားရေးလုပ်ငန်းရှင် စွမ်းဆောင်ရည်ဆုရ ရန်ကုန်တိုင်းဒေသကြီးမှ ဒေါက်တာခင်မောင်လွင်တို့က လူမှုပရဟိတလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့မှုများ၊ လုပ်ငန်းအဆင့်ဆင့် အောင်မြင်တိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်ခဲ့မှု အခြေအနေများကို ဟောပြောကြသည်။

အခမ်းအနား ကျင်းပနေစဉ်အတွင်း ဘက်စုံပညာထူးချွန် လူငယ်များ၊ ထူးချွန်ကြက်ခြေနီလူငယ်များနှင့် ကင်းထောက်လူငယ်များ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ ကဏ္ဍများတွင် အသုံးပြုနိုင်ရန်အတွက် ကမ္ဘောဇဘဏ်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းက ငွေကျပ် သိန်း ၅၀၀ ကို လှူဒါန်းပေးအပ်ရာ နှစ်ထပ်ကွမ်း လူရည်ချွန် မောင်သူရထက်အောင်က လည်းကောင်း၊ ရွှေတောင်ဖွံ့ဖြိုးလီမိတက်ဥက္ကဋ္ဌ ဦးအောင်ဇော်နိုင်က ငွေကျပ်သိန်း ၂၀၀ ကိုပေးအပ်လှူဒါန်းရာ နှစ်ထပ်ကွမ်း လူရည်ချွန် မနှင်းဦးဝတ်ရည်ကလည်းကောင်း၊ အခမ်းအနားသို့ တက်ရောက်လာကြသည့် စီးပွားရေးလုပ်ငန်းရှင်များ စုပေါင်းလှူဒါန်းသည့် အလှူငွေကျပ် ၁၂၅ သိန်းကို ကိုယ်စားလှယ်တစ်ဦးက ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးကလည်းကောင်း လက်ခံကြသည်။

အဆိုပါ အခမ်းအနားသို့ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ရရှိသူများ၊ ဘက်စုံပညာထူးချွန် လူငယ်များ၊ ထူးချွန်ကြက်ခြေနီ လူငယ်များနှင့် ကင်းထောက်လူငယ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပြီး အခမ်းအနားသဘာပတိများအဖြစ် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဝင်း၊ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်ဒေါက်တာအောင်သူနှင့် မန္တလေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမောင်သင်းတို့က ဆောင်ရွက်ခဲ့ကြသည်။ **(သတင်းစဉ်)**

ရွှေကိုမလို ရေကိုသာလိုသည်ဆိုသည့် ကျေးရွာများ

သတင်း-ဇူလိုင်မိုး
ဓာတ်ပုံ-ချစ်သမီး

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ရေဆင်းကျေးရွာအုပ်စု ကန်သာအေးကျေးရွာတွင် လူကြီး၊ လူငယ်၊ လူလတ်မှအစ ကလေးအဆုံး ရေပုံး ကိုယ်စီဖြင့် ပျားပန်းခပ်မျှ လှုပ်ရှားနေကြသည်။

နေပြည်တော်ကောင်စီ၏ ညွှန်ကြားချက်ဖြင့် ဇေယျာသီရိမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြတ်သိန်းထွန်း ဦးဆောင်၍ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်မီးသတ်တပ်ဖွဲ့ဝင်များသည် မြို့နယ်အတွင်း ရေရရှိမှုခက်ခဲနေသော ကျေးရွာများသို့ သောက်သုံးရေများကို ယနေ့ နံနက် ၉ နာရီခွဲက လာရောက်လှူဒါန်းဖြန့်ဝေပေးနေသည့် မြင်ကွင်းပင်ဖြစ်သည်။ **(ယာပုံ)**

"ရေဆင်းကျေးရွာအုပ်စု ကန်သာအေးကျေးရွာ ဓမ္မသုခဘုန်းကြီးကျောင်းဝင်းအတွင်း မန်းအောင်ငြိမ်းဖောင်ဒေးရှင်းမှ လှူဒါန်းထားသော စက်ရေတွင်းမှ ရေကို ရဿဝတီစက်သုံးဆီရောင်းဝယ်ရေးမှ ဂါလန် ၂၀၀၀ ဆံ့ ရေသယ်ယာဉ်နှင့် ဇေယျာသီရိမီးသတ်ဦးစီးဌာနမှ ဂါလန် ၁၄၀၀ ဆံ့ ရေသယ်ယာဉ်နှစ်စီးဖြင့် စုပ်ယူကာ ရေဂါလန် ၁၂၀၀၀ ကျော်ကို ရေရရှိမှုခက်ခဲသည့် ကျေးရွာများဖြစ်သည့် ကန်သာအေး၊ အောင်ချမ်းသာ၊ ချောင်းဖျား၊ ညောင်အိုင်၊ စက်ကုန်း၊ ဒိုးပင်ဂုံ စသည့်ကျေးရွာတွေကို ဖြန့်ဝေပေးသွားမှာ ဖြစ်ပါတယ်။ ဒီရာသီမှာတော့ ပထမဆုံးအကြိမ်လှူတဲ့ အလှူဖြစ်ပါတယ်။ နောက်ထပ်လည်း ဇေယျာသီရိမြို့နယ်အတွင်းမှာရှိတဲ့ ရေရှားပါးသောကျေးရွာများကို စစ်တမ်းကောက်ပြီး ဆက်လက်ဖြန့်ဝေပေးသွားမှာပါ" ဟု ဇေယျာသီရိမြို့နယ်အုပ်ချုပ်ရေးမှူးက ပြောသည်။

ရေကားရောက်လာပြီ ဆိုသည်နှင့်ကျေးရွာအတွင်းမှ သက်ရွယ်စုံညီတို့သည် ရေပုံးကိုယ်စီဖြင့် ရေကားအနီးသို့ ရောက်ရှိလာကြသည်။ မကြာမီမှာပင် ရေကားအနီး၌ လူတန်းရှည်ကြီးဖြစ်သွားပြီး စည်းကမ်းတကျ ရေသယ်ယူကြသည်။ ထိုကျေးရွာများတွင် ရေကား ရောက်လာပြီဆိုသည်နှင့် သုံးနှစ်အရွယ်ကလေးမှစ၍ ရေပုံးကလေးဆွဲပြီး အပြေးလာကာ ရေတန်းစီနေသည်ကို တွေ့ရသည်။ အသက် ၈၀ ကျော်အဘွားများလည်း ရေရရှိရေးအတွက် ခေါင်းရွက်ပုံးလေးများဖြင့် ကိုယ်တိုင်လာရောက် ရေသယ်ယူနေကြရာ ရေအတွက် အတော်လေး ရုန်းကန်နေရသည့် အခြေအနေပင် ဖြစ်သည်။

"အခုလို ရေကားတွေလာရောက်လှူဒါန်းပေးတယ်ဆိုတော့ အလွန်ကို ကျေးဇူးတင်ပါတယ်။ ဝမ်းလည်း ဝမ်းသာပါတယ်။ အပူရှိန်မြင့်တဲ့ နွေရာသီရောက်ပြီဆိုလျှင် ရေက အခက်အခဲဖြစ်ရပါတယ်။ နွေစပါး အတွက်ရတဲ့ ဆည်ရေကိုသာ အသုံးပြုရပါတယ်။ အဲဒီရေကလည်း အချိန်မရွေးမရဘူး၊ နွေစပါးစိုက်ဖို့ပေးတဲ့အချိန်လေးပဲရတာ၊ ကျန်တဲ့ အချိန်တွေမှာဆို လက်ရေတွင်းက ရေကိုပဲ စစ်ယူရတယ်" ဟု ကန်သာအေးကျေးရွာမှ အဘွားအိုတစ်ဦးကပြောသည်။

"အခုလို နွေရာသီမှာ ရေက အတော်ခက်တယ်။ ရွာရဲ့ အိမ်ခြေ အနေနဲ့စာလိုက်တော့ လက်ရေတွင်းတွေက မလောက်ဘူး၊ တစ်ခါတလေ ညပါစောင့်ယူရတယ်။ ရွာထဲမှာက လက်ရေတွင်းလေးတွင်း ရှိတာကို တစ်တွင်းပဲ သုံးလို့ရတယ်။ အဲဒီတွင်းကပဲ တစ်ရွာလုံး မျှသုံးနေရတယ်။ ယခုလို ရေကားတွေ လာရောက် လှူဒါန်းပေးတော့ ကျွန်မတို့ကျေးရွာနေ ပြည်သူတွေ အလွန်ကို ဝမ်းသာပီတိဖြစ်ရပါတယ်။" ဟု ဒေသခံတစ်ဦးဖြစ်သည့် ဒေါ်ခင်စန်းရီက ပြောသည်။

"ဒီရာသီမှာ အခုလို ရေလှူပေးတာက ရေတိုဖြေရှင်းနည်းပေါ့။ ရေရှည်စီမံကိန်း အနေနဲ့ကတော့ လာမယ့်နှစ်မှာ ကျေးလက်ရေရရှိစေရေးအတွက် ဖြည့်ဆည်းပေးဖို့ တိုင်းထွာနေပြီဖြစ်ပါတယ်။ ရေတင်မကပါဘူး။ ကျေးရွာတွေအတွက် လမ်း၊ ရေ၊ မီး၊ ဖွံ့ဖြိုးရေးလုပ်ငန်းများကို လာမယ့်နှစ်မှာ အားလုံးအဆင်ပြေအောင် အကောင်အထည်ဖော်ဆောင်ရွက်သွားမှာပါ" ဟု မြို့နယ်အုပ်ချုပ်ရေးမှူးက ဆက်လက်ပြောကြားသည်။

ကန်သာအေးကျေးရွာမှ ကျေးလက်ပြည်သူများသည် တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုကြပြီး အချို့မှာ ကျပန်း၊ ခေါင်းရွက် ဗျပ်ထိုး လုပ်ကိုင်ကြကြောင်း သိရသည်။ ရေရရှိရေးအတွက် ခက်ခဲစွာ ရုန်းကန်လှုပ်ရှားနေရသည့် ထိုကျေးလက်နေပြည်သူများအဖို့ နှစ်ရက် သုံးရက်စာအတွက် ရေခက်ခဲမှုမှ ကျော်လွှားနိုင်ခဲ့ပြီဖြစ်သည့်တိုင်အောင် နောက်ရက်များကို အဘယ်ကဲ့သို့ ဖြတ်ကျော်ကြပါမည်နည်းဟု မှန်းဆမိပါသည်။

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

တစ်ဦးချင်းစွမ်းအား၊ အဖွဲ့အစည်းစွမ်းအားတို့ဖြင့် မြှင့်တင်ရမည့်ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး

နိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေးတို့တွင် ပုဂ္ဂလိကကဏ္ဍမှ ရာခိုင်နှုန်း ၉၀ ကျော် ပါဝင်သည်။ နိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေးတိုးတက်လာစေရန် စွမ်းဆောင်ကြမည့်သူများသည် ပြည်သူများ ဖြစ်ကြသည်။ ထို့ကြောင့် နိုင်ငံတော်က **"ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကိုတည်ဆောက်အံ့"** ဟူသော ဆောင်ပုဒ်ဖြင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးမြှင့်တင်လျက်ရှိသည်ကို တွေ့ရှိရသည်။

နိုင်ငံတော်အစိုးရသစ် တာဝန်ယူပြီးချိန်တွင် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ် (၄) ရပ် ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ယင်းအနက် **အစိုးရယန္တရားကောင်းမွန်တိုးတက်ရန် ပြုပြင်ပြောင်းလဲမှု**ပြုလုပ်သည့် လုပ်ငန်းစဉ်များကို လေ့လာပါက ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးထောက်ပံ့သည့် လုပ်ငန်းစဉ်များပါဝင်သည်။ **ပုဂ္ဂလိကကဏ္ဍ ပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်**တွင်လည်း အစိုးရဌာန အဖွဲ့အစည်းများက ငွေကြေးကဏ္ဍ၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ အသေးစား အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ ပြင်ဆင် ဖြေလျှော့ခြင်းနှင့် အခွန်အကောက်စနစ် ပြုပြင်ပြောင်းလဲမှုတို့ပါဝင်ကြောင်း တွေ့ရှိရသည်။

ယင်းလုပ်ငန်းစဉ်များကို **စီးပွားရေးနှင့်လူမှုရေးပြုပြင်ပြောင်းလဲမှု အခြေခံမူဘောင်** (Framework for Economic and Social Reforms-FESR) ရေးဆွဲအကောင်အထည်ဖော်လျက်ရှိကြောင်း သိရသည်။

ဒုတိယသမ္မတ (၁) ဦးဆောင်သည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းရေးဆွဲအကောင်အထည်ဖော်ရေးဗဟိုကော်မတီ၊ ဒုတိယသမ္မတ (၂) ဦးဆောင်သည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းကော်မတီ၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီတို့ကို ဖွဲ့စည်းလျက် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးမြှင့်တင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း လေ့လာတွေ့ရှိရသည်။

ပုဂ္ဂလိကကဏ္ဍတွင် စိုက်ပျိုးထုတ်လုပ်သည့် တောင်သူလယ်သမားများမှ ကုန်သည်၊ စီးပွားရေးလုပ်ငန်းရှင်များအထိ ကျယ်ပြန့်စွာပါဝင်သည်။ ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်အောင် တစ်ဦးချင်းစွမ်းအား၊ အဖွဲ့အစည်းအလိုက်စွမ်းအားများ မြှင့်တင်ရန်လိုသကဲ့သို့ ဒေသအလိုက်လည်း အလားတူ ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်သည်။

ပညာရေး၊ ကျန်းမာရေးအပါအဝင် **လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ညှိနှိုင်းအကောင်အထည်ဖော်လျက်ရှိကြသော အစိုးရအဖွဲ့ဆပ်ကော်မတီ (Delivery Unit) များမှာ-**

- ပညာရေးနှင့် လူ့အရင်းအမြစ်ဖွံ့ဖြိုးရေးဆပ်ကော်မတီ
- ကျန်းမာရေးဆပ်ကော်မတီ
- အလုပ်အကိုင်နှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီတို့ဖြစ်ကြောင်း လေ့လာသိရှိရသည်။

ပုဂ္ဂလိကကဏ္ဍ ပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေးအတွက် အောက်ဖော်ပြပါ အစိုးရအဖွဲ့ဆပ်ကော်မတီ (Delivery Unit) ခုနစ်ခုဖြင့် ညှိနှိုင်းဆွေးနွေး အကောင်အထည်ဖော်နေကြောင်းသိရသည်-

- ပုဂ္ဂလိကကဏ္ဍ ပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီ
- ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီ
- အသေးစား၊အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ
- ဘဏ္ဍာရေး၊ငွေရေးကြေးရေး၊ စီးပွားရေး ပူးပေါင်းညှိနှိုင်းရေးဆပ်ကော်မတီ
- အခွန်အကောက်ဆိုင်ရာဆပ်ကော်မတီ
- ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီ
- စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဆပ်ကော်မတီ

မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်အသင်းများ၊ စီးပွားရေး၊ လူမှုရေးအဖွဲ့အစည်းများ အသီးသီးကလည်း ဆိုင်ရာကဏ္ဍအသီးသီးတွင် ပုဂ္ဂလိကဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကြိုးပမ်းအားထုတ် ဆောင်ရွက်လျက်ရှိကြကြောင်း တွေ့မြင်ရသည်။ ထို့ကြောင့် အစိုးရဘက်က ကြိုးပမ်းဆောင်ရွက်မှုများနှင့် ပုဂ္ဂလိကကဏ္ဍမှ ကြိုးပမ်းဆောင်ရွက်မှုများကို Delivery Unit များက ပေါင်းစပ်ညှိနှိုင်း၍ ဆင့်ပွားအားများတိုးပွားလာစေရန် ဆက်လက်ဆောင်ရွက်ရဦးမည်ဟု ယူဆပါသည်။

ပြည်သူများက စီးပွားရေးလုပ်ကိုင်ရာတွင် အဆင်ပြေချောမွေ့ပြီး လုပ်သာကိုင်သာရှိမှသာလျှင် အခြားနိုင်ငံဈေးကွက်များအား ယှဉ်ပြိုင်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် စီးပွားရေးလုပ်ငန်းများလုပ်ကိုင်မှု (Doing Business) တွင် နိုင်ငံတကာလုပ်ထုံးလုပ်နည်းများနှင့် လိုက်လျောညီထွေရှိစေရန်အတွက် ကမ္ဘာ့ဘဏ် အဖွဲ့အစည်းတစ်ခုဖြစ်သော နိုင်ငံတကာ ငွေကြေးကော်ပိုရေးရှင်း (International Finance Corporation-IFC)နှင့် ညှိနှိုင်းဆွေးနွေး ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး လုပ်ထုံးလုပ်နည်းများပြင်ဆင်ရန် စီစဉ်လျက်ရှိကြောင်း ကြားသိရသည်။

ဒုတိယအကြိမ် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်ပွဲ အခမ်းအနားတွင် **ဆုပေါင်း (၆၁)ဆု** ပါဝင်သည့်အနက် **ပုဂ္ဂလိကကဏ္ဍကို အားပေးမြှင့်တင်သည့် ဆုပေါင်း (၃၇)ဆု ပါဝင်**သည်။ ယင်းတို့မှာ စိုက်ပျိုးထုတ်လုပ်မှုထူးချွန် တောင်သူလယ်သမားဆု၊ မွေးမြူ ထုတ်လုပ်မှုထူးချွန် လူပုဂ္ဂိုလ်ဆု၊ မွေးမြူထုတ်လုပ်မှုထူးချွန် လုပ်ငန်းရှင်ဆု၊ ရေထွက်ပစ္စည်းမွေးမြူထုတ်လုပ်မှုထူးချွန် လုပ်ငန်းရှင်ဆု၊ နိုင်ငံတော်နှင့် ပြည်သူတို့၏ လူမှုရေးအကျိုးပြုမှု အကောင်းဆုံးလူမှုရေးအသင်းအဖွဲ့ဆု၊ အကျိုးအမြတ်မယူသော ထူးချွန်စီးပွားရေးအသင်းအဖွဲ့ဆု၊ အကျိုးအမြတ်ရယူသော ထူးချွန်

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာ၌ အဓိကအထောက်အပံ့ဖြစ်စေသော လျှပ်စစ်မီး၊ ဆက်သွယ်ရေး၊ လမ်း၊ တံတား၊ ဆိပ်ကမ်း၊ လေဆိပ် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအလိုက်၊ ဌာန၊ အဖွဲ့အစည်းအလိုက် ကြိုးပမ်းဆောင်ရွက်နေသည်ကိုတွေ့ရှိ

ထက်နိုင်

စီးပွားရေး အသင်းအဖွဲ့ဆု၊ ပို့ကုန်ထူးချွန် လုပ်ငန်းရှင်ဆု၊ တန်ဖိုးမြှင့်ထုတ်ကုန်ထူးချွန် ထုတ်လုပ်ရောင်းချနိုင်သည့် စီးပွားရေးလုပ်ငန်းရှင်ဆု၊ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန် ထူးချွန်ထမ်းဆောင်သည့် လုပ်ငန်းရှင်ဆု၊ ထုတ်လုပ်ရောင်းချမှုထူးချွန် အသေးစားစီးပွားရေးလုပ်ငန်းရှင်ဆုနှင့် ထုတ်လုပ်ရောင်းချမှုထူးချွန် အလတ်စားစီးပွားရေးလုပ်ငန်းရှင်ဆု စသည်တို့ဖြစ်ပါသည်။

နိုင်ငံတော်သမ္မတကြီးက တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် **လူ့စွမ်းအား (Human Capital)** နှင့် **အဖွဲ့အစည်းစွမ်းအား (Institutional Capital) တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်**သွားကြရန် တိုက်တွန်းပြောကြားသွားသည်ကို ကြားလိုက်ရသည်။

ယနေ့ ပုဂ္ဂလိကကဏ္ဍကိုကြည့်ပါက စီးပွားရေးနှင့် လူမှုရေးနယ်ပယ်တွင် တစ်ဦးချင်း အရေအတွက်မှာရော အဖွဲ့အစည်းအရေအတွက်မှာပါ အခြားနိုင်ငံထက် နည်းနေသေးသည်။ အရေအတွက်သာမက တစ်ဦးချင်း စွမ်းဆောင်နိုင်သည့် စွမ်းအားပမာဏများနှင့် အဖွဲ့အစည်းအလိုက် စွမ်းဆောင်နိုင်သည့် စွမ်းအားပမာဏများသည် အခြားနိုင်ငံထက်များစွာ အားနည်းနေသေးသည်ကို နှိုင်းယှဉ်လေ့လာပါက တွေ့ရှိရမည်ဖြစ်သည်။

တိုင်းဒေသကြီး၊ ပြည်နယ်များ အချိုးကျမျှတစွာ ဖွံ့ဖြိုးတိုးတက်ရန်အတွက် တစ်ဦးချင်းစွမ်းအားနှင့် အဖွဲ့အစည်းစွမ်းအားများ တိုးချဲ့တည်ဆောက်ကြရဦးမည်ဖြစ်သည်။

ထိုစွမ်းအားများသည် လူ့စွမ်းအားအရင်းအမြစ်ကိုအခြေခံ၍ တည်ဆောက်ရသဖြင့် **လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့နယ်အဆင့်မှစ၍ စနစ်တကျစီမံလေ့ကျင့် ပြုစုပျိုးထောင်သွားကြရမည်ဖြစ်**ပါသည်။

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာ၌ အဓိကအထောက်အပံ့ဖြစ်စေသော လျှပ်စစ်မီး၊ ဆက်သွယ်ရေး၊ လမ်း၊ တံတား၊ ဆိပ်ကမ်း၊ လေဆိပ် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအလိုက်၊ ဌာန၊ အဖွဲ့အစည်းအလိုက် ကြိုးပမ်းဆောင်ရွက်နေသည်ကို တွေ့ရှိရသည်။ နိုင်ငံတော်သမ္မတကြီး၏ မိန့်ခွန်းတွင်ပါသော **အခြေခံအဆောက်အအုံစွမ်းအား** (Physical Capital) တိုးတက်ကောင်းမွန်ရေး ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်သည်။ ငွေကြေးဈေးကွက်ဖွံ့ဖြိုးရေး၊ ကုန်စည်ဈေးကွက်ဖွံ့ဖြိုးရေးတို့ကို စတင်အကောင်အထည်ဖော်လျက်ရှိရာ မကြာသောကာလတွင် ပုဂ္ဂလိက စီးပွားရေးဝန်းကျင်သည် နိုင်ငံတကာကဲ့သို့ စတင်လုပ်ဆောင်လာနိုင်မည်ဟု မျှော်လင့်သည်။

အရေးကြီးသည်မှာ နိုင်ငံတော်သမ္မတကြီး တိုက်တွန်းမှာကြားသကဲ့သို့ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို ကျယ်ကျယ်ပြန့်ပြန့် မြှင့်တင်လုပ်ဆောင်နိုင်မှသာလျှင် ပုဂ္ဂလိကကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်သည်။ တောင်သူလယ်သမားများ၊ အလုပ်သမားများ၊ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းရှင်များက ကဏ္ဍအလိုက်၊ ဒေသအလိုက်၊ လူတစ်ဦးချင်းစွမ်းအား၊ အဖွဲ့အစည်းစွမ်းအား မြင့်မားတိုးတက်ကောင်းမွန်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် ပုဂ္ဂလိကကဏ္ဍတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်လာမည်ဟု ယုံကြည်မိပါသည်။ ။

✳ ကျောဖုံးမှ

မည်ဖြစ်သည်။

ထို့အတူ လာမည့် ၂၀၁၅ ခုနှစ်တွင် မြန်မာနိုင်ငံမှ ပြည်ပသို့ ဆန်တင်ပို့မှုသည် ဆန်တန်ချိန် ၁ ဒသမ ၃၁ သန်းခန့် ရှိလာနိုင်ကြောင်း၊ တိုးတက်မှု ရှိလာမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ဆန်များသည် အရည်အသွေးတဖြည်းဖြည်းတိုးတက်ကောင်းမွန်လာမှုနှင့် ပြည်ပမှဝယ်လိုအားများပြားမှုတို့ကြောင့် ပြည်ပသို့ ဆန်တင်ပို့မှုများ တိုးတက်လာနိုင်သည်။ မြန်မာ့ဆန်များကို ဂျပန်နိုင်ငံကလည်း ယခုနှစ်တွင် တန်ချိန် ၆၀၀၀၀ ဝယ်ယူရန် ရှိနေသည်။

မြန်မာနိုင်ငံ၏ဆန်စပါး စိုက်ပျိုးမှုကို တိုးချဲ့လုပ်ကိုင်နိုင်ပါက အထွက်နှုန်းလည်း တိုးတက်လာနိုင်မည်ဖြစ်သည်။ နိုင်ငံတော်က ဆည်များ တည်ဆောက်ပြီး ရေလွှမ်းဧရိယာများကို ဖော်ထုတ်ပေးနိုင်ပါက စပါးစိုက်ဧကများ တိုးတက်များပြားလာမည်ဖြစ်သည်။ သို့ရာတွင် လယ်ယာလုပ်ငန်းခွင်၌ လုပ်ကိုင်သူဦးရေ တဖြည်းဖြည်းလျော့နည်းလာမှုကိုလည်း သတိပြုရမည်ဖြစ်သည်။

ထိုသို့ စပါးစိုက်ပျိုးမှု တိုးချဲ့ပြုလုပ်နိုင်ပါက မြန်မာနိုင်ငံ၏ ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှုသည် ၂၀၁၄ ခုနှစ်တွင် ဆန်တန်ချိန် ၁၁ ဒသမ ၇၂ သန်းမှ ၁၁ ဒသမ ၉၆ သန်းအထိ တိုးမြှင့်ထုတ်လုပ်မည့်အနေအထားရှိကြောင်း ယူအက်စ်ဒီအေသတင်းစာ၌ ဖော်ပြထားသည်။

(မြန်မာ့အလင်း)

တမူးမြို့တွင် လေပြင်းများတိုက်ခတ်

စစ်ကိုင်း မေ ၃

မေ ၂ ရက် ညနေ ၄ နာရီ ၁၅ မိနစ်ခန့်မှ ၄ နာရီ ၄၅ မိနစ်အထိ စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့တွင် လေပြင်းများ တိုက်ခတ်ခဲ့ကြောင်း သိရသည်။ လေပြင်းတိုက်ခတ်မှုကြောင့် တမူးမြို့ မြို့မ (၁၄)ရပ်ကွက်ရှိ သတ္တမမြောက် အသင်းတော် ဘုရားကျောင်း မြေစိုက်ထရံကာ၊ သွပ်မိုး အဆောက်အအုံ ပြိုလဲသွားခဲ့ပြီး ဦးဟင်ခိုမန်၏သုံးပင်နှစ်ပင်သက်ငယ် အမိုးများ လန်သွားကြောင်းသိရသည်။

ထို့ပြင် အလျား ပေ ၈၀၊ အနံပေ ၃၀ နှင့် အမြင့် ၁၂ ပေရှိ အမှတ်(၈) အခြေခံပညာမူလတန်းကျောင်း အဆောက်အအုံမှ အမိုးသွပ်အချပ် ၈၀ ကျော် လန်သွားခဲ့ရာ ပျက်စီးမှုများကို သက်ဆိုင်ရာမှ အမြန်ဆုံး ရှင်းလင်းဆောင်ရွက်လျက်ရှိပြီး လေပြင်းတိုက်ခတ်မှုကြောင့် ဒဏ်ရာရရှိမှု တစ်စုံတစ်ရာမရှိကြောင်း သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ

ပရီမီယာလိဂ် ပွဲစဉ်(၃၇)

အနိုင်အရှုံး

၃ - ၅ - ၂၀၁၄

မန်ယူ	၀ - ၁	ဆန်းဒါးလန်း
ဗီလာ	၃ - ၁	ဟားလ်
ကာဆယ်	၃ - ၀	ကာဒစ်ဖ်
စတုတ်	၄ - ၁	ဖူလ်ဟမ်
ဆွမ်ဆီး	၀ - ၁	ဆောက်သမ်တန်

ဘွန်ဒက်စ်လီဂါ ပွဲစဉ် (၃၃)

အနိုင်အရှုံး

ဒေါ့မွန်	၃ - ၂	ဟော်ဖန်ဟိုင်း
ဂလာဘတ်	၃ - ၁	မိန့်ဇ်
ဟမ်းဘတ်	၁ - ၄	ဘိုင်ယန်
စတုဂတ်	၁ - ၂	ဝုဖ်ဘတ်
ဘရီမင်	၂ - ၀	ဟာသာဘာလင်
နုရင်ဘတ်	၀ - ၂	ဟန်နိုဗာ
ဖရိုင်းဘတ်	၀ - ၂	ရှော်လ်ကေး
ဖရန့်ဖတ်	၀ - ၂	လေဗာကူဆင်

■ ကျောဖုံးမှ

သူများ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာစားပွဲ အခမ်းအနားတွင် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ မြန်မာ့ဆိုင်းအဖွဲ့နှင့် အနုပညာရှင်များနှင့်တွဲဖက်၍ ပြန်ကြားရေးဝန်ကြီးဌာနမှ အနုပညာရှင်များ၊ ပုဂံ၊ အင်းလေးနှင့် ငွေဆောင်အပန်းဖြေစခန်းများမှ ဘက်စုံပညာထူးချွန်လူငယ်များ၊ ထူးချွန်ကြက်ခြေနီ လူငယ်များနှင့် ကင်းထောက်လူငယ်များက အဆို၊ အက၊ အငြိမ့်တို့ဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ **(သတင်းစဉ်)**

ဒုတိယအကြိမ် တက္ကသိုလ်များချန်ပီယံလိဂ် ဘောလုံးပြိုင်

နေပြည်တော် မေ ၃

ဒုတိယအကြိမ်မြောက် တက္ကသိုလ်များ ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်း၌ကျင်းပရာ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဇော်ဝင်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာအောင်ကျော်မြတ်၊ တက္ကသိုလ်များ ချန်ပီယံလိဂ်ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များ၊ တက္ကသိုလ်ကောလိပ်ပေါင်းစုံမှ ပါမောက္ခချုပ်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်အားပေးကြသည်။

ရှေးဦးစွာ ဝန်ကြီးဌာနကိုးခုကိုယ်စားပြု တက္ကသိုလ်ဘောလုံးအသင်း ၃၂ သင်း ကွင်းအတွင်းနေရာယူကြပြီး အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီးက အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီး၊ တက္ကသိုလ်များ ချန်ပီယံလိဂ်ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က ပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ပြိုင်ပွဲကို မေ ၃ ရက်မှ ၂၅ ရက်အထိ ကျင်းပမည်ဖြစ်ပြီး သုဝဏ္ဏကွင်း၊ အောင်ဆန်းကွင်း၊ ရန်ကုန်ယူနိုက်တက် မြက်ခင်းတုကွင်း၊ နဝဒေးကွင်းတို့၌ ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❍ ရှေ့ဖုံးမှ

ဘဒ္ဒန္တဝိဇယ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တ နန္ဒမာလာဘိဝံသ၊ ရန်ကုန်တိုင်းဒေသကြီးဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံ ပါဠိတက္ကသိုလ် ပဓာနနာယက ယောဆရာတော် တိပိဋကဓရ ဓမ္မဘဏ္ဍာ ဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသိရိန္ဒာဘိဝံသ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် မဟာဌာနမှူးဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တဓမ္မပီယ၊ လယ်ဝေးမြို့နယ် သာဝတ္ထိမြို့ စမတောင် မဟာပရဟိတ လူငယ်ဖွံ့ဖြိုးရေးဥယျာဉ်ကျောင်း ဆရာတော် ဘဒ္ဒန္တ ဉာဏိန္ဒနှင့် မွန်ပြည်နယ် သထုံမြို့ ကေလာသတောင် ရွှေပါရမီတောရကျောင်းဆရာတော် ဓမ္မကထိက ဗဟုဇန ဟိတဓရ ဘဒ္ဒန္တဆန္ဒာဓိကတို့ ဖြစ်ကြသည်။

ဆက်လက်၍ ၂၀၁၄ ခုနှစ် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ပွဲကို နိုင်ငံတော်သမ္မတအိမ်တော်ရှိ ငုရွှေဝါခန်းမဉ္စကျင်းပရာ အခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဒုတိယသမ္မတများ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုတရားသူကြီးချုပ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဖိတ်ကြားထားသူများ၊ နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုရရှိကြသူများ၊ ဘက်စုံထူးချွန်လူငယ်များ၊ ထူးချွန်ကြက်ခြေနီများ၊ ကင်းထောက်လူငယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတက အဖွင့်အမှာစကား ပြောကြားရာ၌ ယနေ့အခမ်းအနားတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားတိုးတက်ရေးအတွက် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသောပုဂ္ဂိုလ်များကို နိုင်ငံတော်သမ္မတအနေဖြင့် နိုင်ငံ့စွမ်းဆောင်ရည်ဆုများ ချီးမြှင့်အပ်နှင်းသွားမည်ဖြစ်ပါကြောင်း။

နိုင်ငံ့စွမ်းဆောင်ရည်ဆုကို **နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားရေးတိုးတက်ရေးတို့အတွက် စွမ်းဆောင်ကြမည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ကြသော စီးပွားရေးစွမ်းဆောင်ရှင်များ၊ လူမှုရေးစွမ်းဆောင်ရှင်များ၊ အဖွဲ့အစည်းများတိုးပွားလာစေရန် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် မြို့ပြကျေးရွာများ ဖွံ့ဖြိုးတိုးတက်လာစေရန်** ရည်ရွယ်ပြီးချီးမြှင့်ခြင်းဖြစ်ပါကြောင်း။

ယခုနှစ်တွင် ယခင်နှစ်နှင့်မတူသောအချက်မှာ ဘက်စုံပညာထူးချွန်လူငယ်များ၊ ထူးချွန်ကြက်ခြေနီလူငယ်များ၊ ကင်းထောက်လူငယ်များကိုဖိတ်ကြားပြီး **စုပေါင်းတွေ့ဆုံပွဲပြုလုပ်၍ အမြင်ဖလှယ်ခြင်း၊** နိုင်ငံ့စွမ်းဆောင်ရည်ဆုရရှိသူများ၏စီးပွားရေး၊လူမှုရေးတိုးတက်အောင် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ချက်များကို အားကျစံပြုအတုယူ ကြိုးစားနိုင်စေရန် **ဟောပြောဆွေးနွေးပွဲပြုလုပ်ခြင်း**တို့ကို ထည့်သွင်းစီစဉ်ထားခြင်းပင်ဖြစ်ပါကြောင်း။

ယနေ့အခမ်းအနားတွင် ဘက်စုံပညာထူးချွန်လူငယ် ၅၂၅ ဦး၊ ထူးချွန်ကြက်ခြေနီလူငယ် ၁၄၆ဦး၊ ကင်းထောက်လူငယ် ၄၉၀ ပါဝင်တက်ရောက်ကြပြီး နောင်တွင် ရွေးချယ်မှုစနစ်ကို နိုင်ငံပိုင်ကျောင်းများမှသာမက ပုဂ္ဂလိကကျောင်း၊ ဘုန်းတော်ကြီးသင် ကျောင်းများမှကျောင်းသားများကိုပါ ရွေးချယ်သွားမည်ဖြစ်ပါကြောင်း။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုအတွက် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုက အဓိကအရေးပါသကဲ့သို့ လူငယ်ဖွံ့ဖြိုးမှုဆောင်ရွက်ခြင်းသည်လည်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာအရ အနာဂတ်အတွက် နိုင်ငံ့သားကောင်းရတနာများ လေ့ကျင့်မွေးထုတ်ခြင်းပင်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဘက်စုံပညာထူးချွန်လူငယ်များ၊ ထူးချွန်ကြက်ခြေနီလူငယ်များ၊ ကင်းထောက်လူငယ်များကို ပိုမိုတိုးချဲ့ဖွဲ့စည်းသွားရမည်ဖြစ်သကဲ့သို့ တိုင်းပြည်၏ ကုန်ထုတ်စွမ်းအား မြှင့်တင်သောကဏ္ဍတွင် အရေးပါသော **အသက်မွေးဝမ်းကျောင်း ပညာရပ်ဆိုင်ရာ**တွင်လည်း နိုင်ငံပိုင်ကျောင်းများသာမက ပုဂ္ဂလိကသင်တန်း၊ **လုပ်ငန်းခွင်များမှ ထူးချွန်သူများ၊ ပြည်သူများ၏ လူမှုစီးပွားရေးကို အားပေးမြှင့်တင်နေသော လူမှုအဖွဲ့အစည်းများ**ကိုပါ ထည့်သွင်းစဉ်းစား ရွေးချယ်သွားနိုင်အောင် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရတို့က ညှိနှိုင်းစီမံဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

မိမိတို့အစိုးရအနေဖြင့် လွှတ်တော်၊ တပ်မတော်၊ ပြည်သူတို့နှင့်အတူ လက်တွဲပြီး **ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ဆိုသည့် အဆောက်အအုံသစ်ကြီးကို စတင်တည်ဆောက်လာခဲ့သည်မှာ သုံးနှစ်ကျော်ကာလထဲကို ရောက်ရှိ**လာခဲ့ပြီဖြစ်ပါကြောင်း၊ အဆောက်အအုံကြီး ရေရှည်တည်တံ့ဖွံ့ဖြိုးရေးအတွက် **အခြေခံအုတ်မြစ်ချရသည့် လုပ်ငန်းသည် အဆောက်အအုံ၏အရေးအကြီးဆုံးအစိတ်အပိုင်း**ဖြစ်ပြီး အခြေခံအုတ်မြစ် Foundation ကောင်းမှ အဆောက်အအုံ ခိုင်ခံ့မည်ဖြစ်ပါကြောင်း။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်အဆောက်အအုံကြီး၏အခြေခံအုတ်မြစ်တည်ဆောက်ပြီးလျှင် ဆက်လက်ဆောက်လုပ်ရမည့် အပိုင်းများ အများကြီးကျန်ရှိသည့်အတွက် မိမိတို့အားလုံး ဆက်လက်ကြိုးစားကြရဦးမည် ဖြစ်ပါကြောင်း၊ ဤနေရာမှာ နိုင်ငံ့စွမ်းဆောင်ရှင်များနှင့် အနာဂတ်မျိုးဆက်သစ်လူငယ်များ၏အခန်းကဏ္ဍသည် များစွာအရေးပါသည်ကို ပြောကြားလိုပါကြောင်း။

နိုင်ငံတည်ဆောက်နေချိန်မှာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးကဏ္ဍ အသီးသီးမှာ စွမ်းဆောင်ရည်ရှိသော လူ့စွမ်းအားအရင်းအမြစ်၊ လူချွန်လူကောင်းများစွာလိုအပ်လျက်ရှိပါကြောင်း။

မိမိတို့နိုင်ငံတည်ဆောက်ရာတွင် **လူ့စွမ်းအား (Human Capital)**၊ လျှပ်စစ်စွမ်းအင်၊ ရေ၊ လမ်းတံတား စသည့် စီးပွားရေး **အခြေခံအဆောက်အအုံ ထူထောင်နိုင်မှုစွမ်းအား (Physical Capital)၊ အဖွဲ့အစည်းစွမ်းအား(Institutional Capital) နှင့် လူမှုရေးစွမ်းအား (Social Capital)**များသည် အဓိကအခန်းကဏ္ဍမှပါဝင်သည့်အတွက် ဦးစားပေးပြီး တိုးတက်အောင် ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

လူ့စွမ်းအား အရင်းအမြစ် (Human Resources Capital) အားကောင်းမှသာ လယ်ယာကဏ္ဍကို အခြေပြုပြီး စက်မှုနိုင်ငံအဖြစ်ကူးပြောင်းရာမှာ လည်းကောင်း၊ ပညာအခြေပြုသော စီးပွားရေး (Knowledge -Based Economy) ကူးပြောင်းရာတွင်လည်းကောင်းအခြားနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်မည်ဖြစ်ပါကြောင်း၊ မိမိတို့၏ တောင်သူလယ်သမားများကို သမားရိုးကျစိုက်ပျိုးလုပ်ကိုင်သော လူ့စွမ်းအားအရင်းအမြစ်များအဖြစ်မှ မျိုးကောင်းမျိုးသန့်အသုံးပြုပြီး အထွက်တိုးနည်းပညာ၊ ရိတ်သိမ်းချိန်လွန် နည်းပညာတတ်ကျွမ်းနားလည်ပြီး ဈေးကွက်ယှဉ်ပြိုင်နိုင်အောင် ထုတ်လုပ်တတ်သည့် တောင်သူလယ်သမားလူ့စွမ်းအားအရင်းအမြစ်များအဖြစ်ပြောင်းလဲရန် ကြိုးစားရမည်ဖြစ်ပါကြောင်း၊ ယနေ့ **စိုက်ပျိုးထုတ်လုပ်မှုထူးချွန် တောင်သူလယ်သမားဆု** ရရှိသည့် တောင်သူလယ်သမားစွမ်းဆောင်ရှင်မျိုးများ ဒေသအနှံ့တိုးပွားလာအောင် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် လယ်ယာကဏ္ဍလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအစီအမံကို ရေးဆွဲပြီး လက်တွေ့ မွေးထုတ်ရမည်ဖြစ်ပါကြောင်း။

အလားတူ တောင်သူလယ်သမားများ ထွက်ရှိတဲ့သီးနှံများအပေါ်

စာမျက်နှာ ၈ သို့

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဆရာတော်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နဂါးနှစ်ကောင် ဆရာတော် ဘဒ္ဒန္တ ဓမ္မသီရိထံ နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ဂုဏ်ပြုမှတ်တမ်းလွှာ ဆက်ကပ်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ၂၀၁၄ ခုနှစ် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ဆုချီးမြှင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပြည်တွင်းသတင်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဒုတိယသမ္မတများ နိုင်ငံ့စွမ်းဆောင်ရည်ဆု၊ အထူးဂုဏ်ထူးဆောင်ဆုရရှိသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

စာမျက်နှာ ၇ မှ

သမားရိုးကျ ဝယ်ရောင်းလုပ်သည့် **စီးပွားရေးလုပ်ငန်းရှင်များကိုလည်း တောင်သူလယ်သမားနှင့် ဈေးကွက်ချိတ်ဆက်ပေးနိုင်သော ထုတ်လုပ်မှုကွင်းဆက် (Supply Chain) ၏ Key Player Entrepreneurs စွမ်းဆောင်ရှင်များအဖြစ် ထိထိရောက်ရောက်ဆောင်ရွက်နိုင်အောင် အသင်းအဖွဲ့များက ဦးဆောင်ပြီး အစိုးရဌာန၊ အဖွဲ့အစည်းများကပါ ပူးပေါင်း ဆောင်ရွက်အားပေးရမည်**ဖြစ်ပါကြောင်း။

ထို့ကြောင့် **စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍ** ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ဆောင်ရွက်နေသည့် **အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊** နည်းပညာကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို သမားရိုးကျ ပုံမှန်လုပ်နေကျမျိုးမဟုတ်ဘဲ ပြောင်းလဲတိုးတက်အောင် Taskforce နှင့် Delivery Unitsအသီးသီးက ကဏ္ဍအလိုက် Stakeholders များနှင့် ဆွေးနွေးညှိနှိုင်းပြီး ထိရောက်မည့်နည်းလမ်းများကို စဉ်းစားကြံဆ ဆောင်ရွက်သွားကြရန် မှာကြားလိုပါကြောင်း။

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၏ အခြေခံအုတ်မြစ်သည် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍဖြစ်သည့်အတွက် ဗလငါးတန်နှင့် ပြည့်ဝသည့် နိုင်ငံသားကောင်းများ ပေါ်ထွန်းရေးအတွက် နိုင်ငံတော်အနေဖြင့် ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍတို့တွင် အထူးအလေးထား အားပေးမြှင့်တင်ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ အသက်ရှည်ကျန်းမာကြံ့ခိုင် ပျော်ရွှင်သော ပြည်သူများအဖြစ်ရောက်ရှိအောင် ပြည်သူတို့၏ လူမှုစီးပွားရေး တိုးတက်ကောင်းမွန်အောင် ကြိုးစားရမည်ဖြစ်ပါကြောင်း၊ ကျန်းမာကြံ့ခိုင် ပျော်ရွှင်သော ပြည်သူဦးရေများလေ တိုင်းပြည်၏ အင်အားကောင်းလေဖြစ်ပါကြောင်း။

တိုင်းပြည်၏ လူဦးရေ တစ်နည်းအားဖြင့် “တိုင်းပြည်၏ အင်အား” အဖြစ်မှ **“တိုင်းပြည်၏ စွမ်းအား”** အဖြစ်သို့ အရေအတွက်မှ အရည်အချင်းသို့ ကူးပြောင်းနိုင်အောင် မြန်မာ့အမျိုးသားပညာရေးကို ပြုပြင်ပြောင်းလဲတိုးတက်အောင် ဆောင်ရွက်ရာတွင် **စဉ်းစားတွေးခေါ်မှု မှန်ကန်ပြီး ဆန်းစစ်ဝေဖန်ပိုင်းခြားနိုင်စွမ်း (Critical and Analytical Skill)၊ စိတ်ကူးစိတ်သန်းနှင့် တီထွင်ဖန်တီးနိုင်စွမ်း (Creative and Innovative Skill)** ရှိလာအောင် အလေးပေးသင်ကြား လေ့ကျင့်ပေးရမည်ဖြစ်ပါကြောင်း၊ အောင်လက်မှတ်၊ ဘွဲ့လက်မှတ်ရရုံသက်သက်ဖြင့် တိုင်းပြည်တိုးတက်အောင် စွမ်းဆောင်နိုင်မှာ မဟုတ်ဘဲ အမှန်တကယ် စွမ်းဆောင်ရည်ရှိသည့် လူချွန်လူကောင်းများကသာ တိုင်းပြည်တိုးတက်အောင် တီထွင်ကြံဆစွမ်းဆောင်နိုင်ကြမှာ ဖြစ်ပါကြောင်း။

ထို့ကြောင့် ယနေ့ နိုင်ငံ့စွမ်းဆောင်ရည်ဆု ရရှိမည့်သူများနှင့် ဘက်စုံပညာထူးချွန်လူငယ်များ၊ ထူးချွန်ကြက်ခြေနီလူငယ်များ၊ ကင်းထောက်လူငယ်များ သာမက **တစ်နိုင်ငံလုံးတွင် လူချွန်လူကောင်းများ ပေါ်ထွန်းလာရေးအတွက် လေ့ကျင့်မွေးထုတ်နိုင်အောင် ဆရာ၊ မိဘ၊ ကျောင်းသားများ အပါအဝင် ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်ကြမှသာလျှင် မိမိတို့မျှော်မှန်းသည့် အမျိုးသားပညာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာရည်မှန်းချက်ပြည့်မီမည်** ဖြစ်ပါကြောင်း။

အဖွဲ့အစည်းနှင့် လူမှုရေး Foundation ဆိုင်ရာ အသင်းအဖွဲ့ဆုများအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူတို့၏ **လူမှုရေးအကျိုးပြုမှုအကောင်းဆုံး လူမှုရေးအသင်းအဖွဲ့ဆု၊ အကောင်းဆုံးစီးပွားရေးအသင်းအဖွဲ့ဆုများ ပါဝင်ပြီး အများစုပေါင်းဆောင်ရွက်မှုဆိုင်ရာဆုအနေနဲ့ ဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံး မြို့နယ်ဆု၊ ဖွံ့ဖြိုးတိုးတက်မှု အကောင်းဆုံး ကျေးရွာဆု**တို့ ပါဝင်ပါကြောင်း၊ ထိုဆုများကို အဖွဲ့အစည်းများ အားကောင်းလာစေရန်နှင့် လိုအပ်လာသောစွမ်းအားများ မြှင့်တင်ပေးရန် (Institutional Capital) အတွက် ရည်ရွယ်ပြီး ချီးမြှင့်ခဲ့ခြင်းပင်ဖြစ်ပါကြောင်း။

ကျွန်တော်တို့နိုင်ငံတွင် လယ်ယာစိုက်ပျိုးရေး သမအသင်းပေါင်း ၁၇၂၁၉ သင်း၊ မွေးမြူရေးသမအသင်းပေါင်း ၂၀၁၇ သင်းနှင့် စက်မှုလက်မှုသမအသင်းပေါင်း ၄၆၄ သင်းရှိပြီး မန္တလေး၊ စစ်ကိုင်း၊ မကွေးတိုင်းဒေသကြီးတို့တွင်အများဆုံးဖြစ်ပြီး တနင်္သာရီ၊ ကရင်၊ ချင်းနှင့် ကယားပြည်နယ်တို့၌ အနည်းဆုံးဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ အဖွဲ့အစည်း အားကောင်းသောဒေသသည် ဒေသဖွံ့ဖြိုးမှုအတွက် အားကောင်းကောင်းနှင့် တည်ဆောက်နိုင်သည်ကို တွေ့ရပြီး အဖွဲ့အစည်းအားနည်းသော ဒေသများတွင် တစ်ဦးချင်း၊ တစ်ယောက်ချင်းအားဖြင့်သာ တည်ဆောက်နေကြရသည်ကို တွေ့ရှိရသည့်အတွက် **အဖွဲ့အစည်းစွမ်းအား (Institutional Capital) အားကောင်းရန်နှင့် အသင်းအဖွဲ့နှင့် စုပေါင်းလုပ်ကိုင်တတ်သည့် အလေ့အကျင့် (Team-Work) ကောင်းအောင် ကြိုးစား**ကြပါဟု မှာကြားလိုပါကြောင်း၊ အသင်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ရာတွင်လည်း အရေအတွက်မှ အရည်အချင်းဖြစ်လာအောင် စွမ်းဆောင်ရည်ရှိသော အဖွဲ့အစည်းတွေဖြစ်လာစေရေး ကြိုးစားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ကြက်ခြေနီနှင့် ကင်းထောက်အဖွဲ့အစည်းများသည်လည်း လူငယ်ဘဝကတည်းက အဖွဲ့အစည်းနှင့် အများကောင်းကျိုး ဦးတည်စွမ်းဆောင်နိုင်သည့် အလေ့အကျင့်ကောင်းများရအောင် ဖွဲ့စည်းလေ့ကျင့်ပေးခြင်းပင်ဖြစ်ပါကြောင်း၊ အခြေခံပညာ ကျောင်းများတွင် ကျောင်းကောင်စီ အဖွဲ့အစည်းများမှအစ တက္ကသိုလ်အဆင့်ထိ စာပေ ယဉ်ကျေးမှု၊ လှေလှော်၊ ရေကူး၊ အလေးမ၊ ဘောလုံး၊ ခြေလျင်တောင်တက်စသည့် အသင်းအဖွဲ့အသီးသီးဖွဲ့စည်း လေ့ကျင့်ပေးခြင်းများသည်လည်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံများပင် ဖြစ်ပါကြောင်း၊ အခြေခံပညာကျောင်းများ၏ ကျောင်းကောင်စီဖွဲ့စည်းလှုပ်ရှားမှုများသည် ငယ်ရွယ်စဉ် ပညာသင်ကြားချိန်ကတည်းက ဒီမိုကရေစီအလေ့အကျင့်ရစေရန်နှင့် စုပေါင်းဆောင်ရွက်တတ်သော အလေ့အကျင့်ရရှိစေရန် ဖြစ်သည့်အတွက် အလေးထား လေ့ကျင့်ပျိုးထောင်ပေးရန် မှာကြားလိုပါကြောင်း။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဒုတိယသမ္မတများ ဂုဏ်ထူးဆောင် လက်မှတ်ရရှိသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံကြက်ခြေနီအသင်းကိုလေ့လာကြည့်လျှင် နိုင်ငံအဝန်းရှိ ကြက်ခြေနီစေတနာလုပ်ငန်းရှင်များ၏ စွမ်းပကားနှင့်ဘေးဒုက္ခကျရောက်အလွယ်ဆုံးသူများ၏ ဘဝတိုးတက်ကောင်းမွန်စေရန် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဘေးဒုက္ခစီမံခန့်ခွဲမှုများတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တန်ဖိုးများနှင့်ရပ်ရွာအခြေပြုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နေသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ ကြက်ခြေနီအသင်းအနေဖြင့် ယခုဆိုလျှင် အသင်းဝင်ပေါင်း တစ်သိန်းတစ်သောင်းကျော်ရှိနေပြီး မြို့နယ်ကျေးရွာအနှံ့ ပြည်သူတို့၏ ကျန်းမာရေးအထောက်အကူဖြစ်စေရန် တိုးချဲ့ဖွဲ့စည်းသွားရမည်ဖြစ်ပါကြောင်း။

ကင်းထောက်အဖွဲ့ကို စစ်ကြိုခေတ်က စတင်ဖွဲ့စည်းခဲ့ပြီး ယခုတစ်ဖန်သက်ဝင်လှုပ်ရှားလာစေရန် မိမိတို့အစိုးရအဖွဲ့က ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အခြေခံပညာကျောင်းများကို အခြေခံပြီး ကင်းထောက်လူငယ်များ ဖွဲ့စည်းဆောင်ရွက်မှုကို ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှ စတင်ဖွဲ့စည်းခဲ့ရာ ယခုဆိုလျှင် အင်အား နှစ်ထောင်ကျော်ရှိပြီဖြစ်ပါကြောင်း။

ယခုဆိုလျှင် ကင်းထောက် မောင်မယ်များကို စိတ်ဓာတ်နှင့် ကိုယ်ကျင့်တရားကောင်းမှု၊ ကတိသစ္စာစောင့်ထိန်းမှု၊ စည်းကမ်းရှိသေမှု၊ အများအကျိုးဆောင်ရွက်လိုမှုတို့ကို အခြေခံပြီး နိုင်ငံချစ်စိတ်မျိုးချစ်စိတ်ထက်သန်သော လူငယ်များဖြစ်ရေးအတွက် ရှေးဦးသူနာပြုစုနည်း၊ ထမင်းဟင်းချက်ပြုတ်နည်း၊ မီးမွှေးနည်းမျိုးစုံ၊ ကြိုးချည်နည်းမျိုးစုံ၊ တဲထိုးနည်းမျိုးစုံ၊ မီးသတ်ပညာရပ်နှင့် အသက်ကယ်နည်း၊ အချက်ပြစကားပြောနည်း၊ ရေကြောင်းကင်းထောက်နည်းနှင့် လေကြောင်းကင်းထောက်နည်းတွေအထိ တဖြည်း

ဖြည်း တိုးတ
တာဝန်ဝတ္တရာ
တက်ကြွစွာ
တောတွင်း
စခန်းချခြင်း၊
အသုံးပြု၍ ခ
ခြင်းအစရှိသ
တွင် စွန့်စာ
လူငယ်များဖြစ်
သွားမည်ဖြစ်ပ
အကျင့်များမှ
အေးချမ်းရေး
တိုးတက်ရေးအ
ကြိုးဆ စုပေါင်း
စွမ်းဆောင်ရှင်
လေ့ကျင့်သွား
ကြောင်း။

အလားတူ
ကော်မတီ၊ မြ
ရေးကော်မတီနှ
တိုးတက်ရေး
ကော်မတီများ
တည်ငြိမ်အေး
တရားဥပဒေစိုး
လူမှုရေးဖွံ့ဖြိုး
စုပေါင်းစွမ်းဆေ
အစည်းများအ
ခြင်းဖြစ်ပါကြေ
သည် ယခုနှစ်
အကောင်းဆုံး
သည် မြို့န
ကော်မတီများ
ညီညီညွတ်ညွ
ကြောင့် ရရှိခဲ့

ပုဂ္ဂလိက
အပိုင်းကို လေ့
သည်ကြီးများ
လုပ်ငန်းရှင်မျ
ညီနောင်အသ
ဖွဲ့စည်းမှုသည်
နှစ်တွင် ၃၆
လာပြီး အမ
ကုမ္ပဏီ ၁၄၂
ကြောင်း၊
စာရင်းများအ
စားလုပ်ငန်းမျ
သမဝါယမ အ
၁၆၀၄၂ ခုအပ
၅၄၄၆၆ ခုထိ
မည်ဖြစ်ပါကြေ
ပြည်နယ်အသီး
ဒိုင် ၁၈ ခုရှိရာ
တိုးတက်လာမှ
ဖွံ့ဖြိုးမှုလည်း
တိုးတက်လာခဲ့
ကြောင်း၊ ယ
နိုင်ငံ၏

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း နိုင်ငံ့ဂုဏ်ဆောင်အားကစားစွမ်းဆောင်ရည်ဆု (တစ်ဦးချင်း)ဆုရ ကနူး/ကယက် အားကစားသမား ဦးဝင်းထိုက်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာ
မှ ဒေါ်နန်းခမ်းယုံအား ဆုချီးမြှင့်

မြှင့်ဆောင်ရွက်
ရှိရမည်ဖြစ်ပါ
အသင်းအနေ
သင်းဝင်ပေါင်း
ကျော်ရှိနေပြီး
ပြည်သူတို့၏
က်အကူဖြစ်စေ
ားရမည်ဖြစ်ပါ

ကို စစ်ကြို
င်းခဲ့ပြီး ယခု
ရှားလာစေရန်
ကြိုးပမ်း
ကြောင်း၊ အခြေခံ
အခြေခံပြီး
များ ဖွဲ့စည်း
၂-၂၀၁၃ ပညာ
င်းခဲ့ရာ ယခုဆို
တင်ကျော်ရှိပြီ

ကင်းထောက်
စိတ်ဓာတ်နှင့်
င်းမှု၊ ကတိ
ည်းကမ်းရှိသေ
ဆောင်ရွက်လိုမှု
နိုင်ငံချစ်စိတ်
သော လူငယ်



ဏ်ထူးဆောင်
(သတင်းစဉ်)

ရှေးဦးသူနာပြုစု
ျက်ပြုတ်နည်း၊
ချည်နည်းမျိုးစုံ၊
သတ်ပညာရပ်
ည်း၊ အချက်ပြ
ရေကြောင်း
လေကြောင်း
အထိ တဖြည်း

ဖြည်း တိုးတက်လေ့ကျင့်ပေးလျက် တာဝန်ဝတ္တရားများကို ပျော်ရွှင်တက်ကြွစွာ ထမ်းဆောင်နိုင်အောင် တောတွင်း ခရီးကြမ်းထွက်ခြင်း၊ စခန်းချခြင်း၊ သံလိုက်အိမ်မြှောင်အသုံးပြု၍ ခရီးသွားခြင်း၊ လှေလှော်ခြင်းအစရှိသည့် အခက်အခဲကြားတွင် စွန့်စားဆောင်ရွက်နိုင်သည့် လူငယ်များဖြစ်အောင် လေ့ကျင့်ပေးသွားမည်ဖြစ်ပါကြောင်း၊ ထိုအလေ့အကျင့်များမှတစ်ဆင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားရေး တိုးတက်ရေးအတွက် စွန့်စားတီထွင်ကြံဆ စုပေါင်းဆောင်ရွက်တတ်သည့် စွမ်းဆောင်ရှင်များ ဖြစ်လာအောင် လေ့ကျင့်သွားကြရမည် ဖြစ်ပါကြောင်း။

အလားတူ **မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီများသည် မြို့နယ်၏ တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုတို့ အတွက် စုပေါင်းစွမ်းဆောင်ကြမည့် အဖွဲ့အစည်းများအဖြစ် ဖွဲ့စည်းပေးထားခြင်း**ဖြစ်ပါကြောင်း၊ အချို့မြို့နယ်သည် ယခုနှစ်တွင် ဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံး မြို့နယ်ဆုရရှိခြင်းသည် မြို့နယ်ကိုဦးဆောင်သော ကော်မတီများနှင့်ဒေသခံပြည်သူများ ညီညီညွတ်ညွတ်စုပေါင်းကြိုးစားခြင်းကြောင့် ရရှိခဲ့ခြင်းဖြစ်ပါကြောင်း။

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအပိုင်းကို လေ့လာကြည့်လျှင် ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် ညီနောင်အသင်းများ၏ ကုမ္ပဏီဖွဲ့စည်းမှုသည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ၃၆၉၈၂ ခုထိ တိုးတက်လာပြီး အများနှင့်သက်ဆိုင်သော ကုမ္ပဏီ ၁၄၂ ခုရှိလာခဲ့ပြီ ဖြစ်ပါကြောင်း၊ မှတ်ပုံတင်ထားသော စာရင်းများအရအသေးစား၊ အလတ်စားလုပ်ငန်းများ ၃၈၄၂၄ ခုနှင့် သမဝါယမ အသေးစားလုပ်ငန်းများ ၁၆၀၄၂ ခုအပါအဝင်လုပ်ငန်းပေါင်း ၅၄၄၆၆ ခုထိရှိကြောင်း တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင် ယခင်ကုန်စည်ဒိုင် ၁၈ ခုရှိရာမှ ယခုအခါ ၅၀ ထိ တိုးတက်လာမှုကြောင့် **ဈေးကွက်ဖွံ့ဖြိုးမှုလည်း အထိုက်အလျောက် တိုးတက်လာခဲ့သည်ကို** တွေ့ရှိရပါကြောင်း၊ ယင်းတို့မှာ ဒေသနှင့် နိုင်ငံ၏

စာမျက်နှာ ၁၀ သို့

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နိုင်ငံတော်သမ္မတ၏ အထူးဂုဏ်ထူးဆောင်ဆုရ ဇီဝိတဒါန သံဃာ့ဆေးရုံကြီးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အများပြည်သူဘေးအန္တရာယ်ကျရောက်မှုအား သက်စွန့်ကြိုးပမ်းကယ်တင်စွမ်းဆောင်သူဆုရ စစ်ကိုင်းတိုင်းဒေသကြီးမှ ဦးခင်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘက်စုံလူငယ်ထူးချွန် လူငယ်များအတွက် ဂုဏ်ပြုလက်ဆောင်ကို လူငယ်ကိုယ်စားလှယ်တစ်ဦးထံ ပေးအပ်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကင်းထောက်လူငယ်များအတွက် ဂုဏ်ပြုလက်ဆောင်ကို လူငယ်ကိုယ်စားလှယ်တစ်ဦးထံ ပေးအပ်စဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ပို့ကုန်ထူးချွန်လုပ်ငန်းရှင်ဆုရ ရှမ်းပြည်နယ်မှ ဒေါ်နန်းခမ်းယုံအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဦးဉာဏ်ထွန်း စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်တောင်သူလယ်သမားဆုရ စစ်ကိုင်းတိုင်းဒေသကြီးမှ ဦးသောင်းငွေအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဦးဉာဏ်ထွန်း မွေးမြူထုတ်လုပ်မှု ထူးချွန်လုပ်ငန်းရှင်ဆုရ မန္တလေးတိုင်းဒေသကြီးမှ ဦးဝင်းမောင်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ပြည်တွင်းသတင်း

စာမျက်နှာ ၉ မှ

စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အင်အားများဖြစ်ပါကြောင်း၊ ထိုအင်အားများကိုလည်း အရေအတွက်မှ အရည်အချင်းရှိလာအောင် ပညာပေး ဆွေးနွေးလေ့ကျင့်ပြီး နိုင်ငံတကာဈေးကွက် ဝင်ရောက်ယှဉ်ပြိုင်နိုင်စွမ်းရှိအောင် ကြိုးပမ်းသွားကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

လျင်မြန်စွာ ပြောင်းလဲတိုးတက်နေသည့် ကမ္ဘာကြီးတွင် နိုင်ငံအသီးသီးသည် ဖွံ့ဖြိုးတိုးတက်မှုအတွက် အပြိုင်အဆိုင် ကြိုးပမ်းလှုပ်ရှား ရုန်းကန်နေကြသည်ကို တွေ့မြင်ကြရမည် ဖြစ်ပါကြောင်း၊ အောင်မြင်တိုးတက်သည့် နိုင်ငံများရှိသကဲ့သို့ စိန်ခေါ်မှုများအခက်အခဲကြားမှ ရုန်းကန်နေကြသည့် နိုင်ငံများကိုလည်း အများအပြားတွေ့ရှိရမည်ဖြစ်ပါကြောင်း၊ ရာသီဥတုနှင့် သဘာဝဘေးအန္တရာယ်များကိုလည်း အန်တုရင်ဆိုင် ကျော်လွှားနေသော နိုင်ငံများရှိသကဲ့သို့ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများကလည်း ဆင်းရဲမှုမှ ရုန်းထွက်နိုင်အောင် ကြိုးစားလျက်ရှိကြပါကြောင်း။

ယခုကဲ့သို့ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကြိုးစားရုန်းကန်ကြရင်းဖြင့် **အခြေခံအရင်းအမြစ်အပေါ် အခြေပြုသော စီးပွားရေး (Factor-driven Economies)မှတစ်ဆင့် စွမ်းဆောင်ရည် အခြေပြုသည့် စီးပွားရေး (Eff -iciency- driven Economies) ကို ကူးပြောင်းနေသကဲ့သို့ ထိုမှတစ်ဆင့် တီထွင်ကြံဆထုတ်လုပ်မှုကို အခြေပြုသော စီးပွားရေး (Innovation-driven Economies) အဆင့်ကို ဖွံ့ဖြိုးပြီး နိုင်ငံများကရောက်ရှိနေကြပြီး**ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် အခြေခံအရင်းအမြစ်အပေါ် အခြေပြုသည့် စီးပွားရေးအဆင့်မှ စွမ်းဆောင်ရည်အခြေပြုသော စီးပွားရေးကို ကူးပြောင်းနိုင်အောင် အဆင့်မြင့်ပညာရေး မြင့်မားတိုးတက်စေရန်နှင့် အသက်မွေးဝမ်းကျောင်းပညာများ အရည်အသွေးမြှင့်တင်ပြီး လုပ်သားဈေးကွက်စွမ်းဆောင်ရည်ပြည့်ဝရေး၊ ကုန်စည်ဈေးကွက်နှင့် ငွေကြေးဈေးကွက်ဖွံ့ဖြိုးရေး၊ နည်းပညာကျွမ်းကျင်မှုအခြေခံလျက် ဈေးကွက်ဝင်ရောက်ယှဉ်ပြိုင်နိုင်စွမ်း ရှိသောကုန်စည်ပစ္စည်းထုတ်လုပ်ရေး အစရှိသည်တို့ကို ကြိုးပမ်းဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် စွမ်းဆောင်ရည်ရှိသော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာရေးအတွက် လေ့ကျင့်မွေးထုတ်ရေးသည် အဓိကဖြစ်လာခြင်းကြောင့် တစ်မျိုးသားလုံးက အမျိုးသားရေးအမြင်ဖြင့် ဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် နိုင်ငံ့စွမ်းဆောင်ရည်ဆုနှင့် နိုင်ငံ့စွမ်းဆောင်ရည်ဂုဏ်ပြုလက်မှတ် ချီးမြှင့်ခြင်းခံရသူများကလည်း မိမိတို့နယ်ပယ်အလိုက် ဖွံ့ဖြိုးတိုးတက်မှုတွင် စံနမူနာပြဦးဆောင်ကြရန်နှင့် မိမိတို့ လုပ်ဖော်ကိုင်ဖက်များ တိုးပွားလာအောင် စုပေါင်းလုပ်ဆောင်တတ်သော အကျင့်များပွားများအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ ထူးချွန်လူငယ်မောင်မယ်များကလည်း စွမ်းဆောင်ရည်ရှိသော လူငယ့်စွမ်းအားတည်ဆောက်ရေးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးစားကြရန် တိုက်တွန်းလိုပါကြောင်း။

နိဂုံးချုပ်အားဖြင့် ပြောကြားလိုသည်မှာ စီးပွားရေး၊လူမှုရေးသာမက နိုင်ငံရေးအပိုင်းမှ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးအတွက် ဆွေးနွေးညှိနှိုင်းဆောင်ရွက်နေကြသော တိုင်းရင်းသားခေါင်းဆောင်များ အသီးသီးသည်လည်း ဆုချီးမြှင့်သော အစီအစဉ်တွင် မပါသော်လည်း နိုင်ငံအတွက် စွမ်းဆောင်နေကြသူများ ဖြစ်ကြပါကြောင်း။

အလားတူ နိုင်ငံရေးပါတီအသီးသီးသည်လည်း လွှတ်တော်အတွင်းတွင်ရော လွှတ်တော်ပြင်ပမှာပါ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် စိတ်စေတနာ အပြည့်အဝဖြင့် ကြိုးစားနေကြသော စွမ်းဆောင်ရှင်များဖြစ်ကြသကဲ့သို့ ပြည်တွင်းပြည်ပရှိ အဖွဲ့အစည်းအသီးသီး၊ လူပုဂ္ဂိုလ်အသီးသီးနှင့် ပြည်သူအားလုံးသည်လည်း တိုင်းပြည်တည်ဆောက်ရေးအတွက် ကျရာကဏ္ဍမှ ပါဝင်ကြိုးပမ်းဆောင်ရွက်နေကြသူများအဖြစ် အသိအမှတ်ပြုပြောကြားလိုပါကြောင်း။

မိမိတို့နိုင်ငံသည် အခြားအိမ်နီးချင်းနိုင်ငံများထက် ဖွံ့ဖြိုးမှုနောက်ကျနေသည့် နိုင်ငံဖြစ်သည့်အတွက် သူများ ခြေတစ်လှမ်းလှမ်းလျှင် မိမိတို့က လေးငါးလှမ်း လှမ်းရမည်ဖြစ်ပါကြောင်း၊ ခြေလှမ်းတစ်လှမ်းတိုင်း တစ်လှမ်းတိုင်းကို ထိရောက်သည့် စွမ်းဆောင်မှုနှင့် အကျိုးရလဒ်ရအောင် ဝိုင်းဝန်းကြိုးပမ်းအားထုတ်ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့အားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံဖြစ်အောင် ဝိုင်းဝန်းကြိုးပမ်းကြပါဟု ပြောကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုများ ရရှိကြသော ဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံးမြို့နယ်ဆု၊ ဖွံ့ဖြိုးတိုးတက်မှု အကောင်းဆုံး စံပြကျေးရွာဆု၊ စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်တောင်သူလယ်သမားဆု၊ မွေးမြူထုတ်လုပ်မှု ထူးချွန်လူပုဂ္ဂိုလ်ဆု၊ မွေးမြူထုတ်လုပ်မှု ထူးချွန်လုပ်ငန်းရှင်ဆု၊ ရေထွက်ပစ္စည်း မွေးမြူထုတ်လုပ်မှု ထူးချွန်လုပ်ငန်းရှင်ဆု၊ နိုင်ငံတော်နှင့် ပြည်သူတို့၏ လူမှုရေးအကျိုးပြုမှု အကောင်းဆုံး လူမှုရေးအသင်းအဖွဲ့ဆု၊ အများပြည်သူ ဘေးအန္တရာယ်ကျရောက်မှုအား သက်စွန့်ကြိုးပမ်း ကယ်တင်စွမ်းဆောင်သူဆု ရရှိသူများ၏ စွမ်းဆောင်ရည်အလိုက် ပြကွက်များကို ပြသသည်။

ထို့နောက် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းက နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင်လက်မှတ် ရရှိကြသည့် ဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံးမြို့နယ်ဆုရ ပဲခူးတိုင်းဒေသကြီးမှ ပြည်မြို့နယ်နှင့် မကွေးတိုင်းဒေသကြီးမှ မကွေးမြို့နယ်၊ ဖွံ့ဖြိုးတိုးတက်မှု အကောင်းဆုံး စံပြကျေးရွာဆုရ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် လယ်ဇင်ကျေးရွာနှင့် ပခုက္ကူမြို့နယ် ကမ္မကျေးရွာ၊ စိုက်ပျိုးထုတ်လုပ်မှု ထူးချွန် တောင်သူလယ်သမားဆုရ စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်မှ ဦးသောင်းငွေနှင့် ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်မှ ဦးဝင်းမြင့်၊ မွေးမြူထုတ်လုပ်မှု ထူးချွန်လူပုဂ္ဂိုလ်ဆုရ ရှမ်းပြည်နယ် တာချီလိတ်မြို့နယ်မှ ကျောက်စိမ်းကန်မွေးမြူရေးလုပ်ငန်းရှင် ဒေါ်နီနီစိုးနှင့် ကရင်ပြည်နယ် ဘားအံမြို့နယ် ပေါင်းစည်းလယ်ယာစိုက်ပျိုးမွေးမြူရေးလုပ်ငန်းရှင် ဦးဝင်းနိုင်၊ မွေးမြူထုတ်လုပ်မှု ထူးချွန်လုပ်ငန်းရှင်ဆုရ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်မှ မြဘုရင်နွားမွေးမြူရေးနှင့် နို့ချက်စက်ရုံလုပ်ငန်းရှင် ဦးဝင်းမောင်နှင့် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်မှ TM နွားနို့ဒိန်ချဉ်ထုတ်လုပ်မှု လုပ်ငန်းရှင် ဦးသန်းမြင့်၊ ရေထွက်ပစ္စည်းမွေးမြူထုတ်လုပ်မှု ထူးချွန်ဆုရ ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်မှ ဦးကျော်နိုင်နှင့် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့မှ ဦးတင့်ဆွေ၊ နိုင်ငံတော်နှင့် ပြည်သူတို့၏ လူမှုရေးအကျိုးပြုမှု အကောင်းဆုံးလူမှုရေးအသင်းအဖွဲ့ဆုရ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့မှ စက္ခုပါလာဒိ ဖောင်ဒေးရှင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးမှ သုခကာရီလူမှုရေးအသင်း၊ အများပြည်သူ ဘေးအန္တရာယ်ကျရောက်မှုအား သက်စွန့်ကြိုးပမ်း ကယ်တင်စွမ်းဆောင်သူဆုရ ရခိုင်ပြည်နယ် မြေပုံမြို့နယ်မှ ဦးမောင်ဒေါင်းကြီး (ခ) ဦးသန်းဖေ၏ ကိုယ်စား ဇနီးဖြစ်သူ ဒေါ်အေးသိန်းနုနှင့် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်မှ ဦးဌေးနိုင်တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုရရှိကြသည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားစွမ်းဆောင်ရည်ဆု (တစ်ဦးချင်း)၊ နိုင်ငံ့ဂုဏ်ဆောင်အားကစားစွမ်းဆောင်ရည်ဆု (အသင်းအဖွဲ့အလိုက်)၊ အကျိုးအမြတ်မယူသော ထူးချွန်စီးပွားရေးအသင်းအဖွဲ့ဆု၊ အကျိုးအမြတ်ရယူသော ထူးချွန်စီးပွားရေးအသင်းအဖွဲ့ဆု၊ ပို့ကုန်ထူးချွန်လုပ်ငန်းရှင်ဆု၊ တန်ဖိုးမြှင့်ထုတ်ကုန် ထူးချွန် ထုတ်လုပ်ရောင်းချနိုင်သည့် စီးပွားရေးလုပ်ငန်းရှင်ဆု၊ နိုင်ငံတော်အတွက်အခွန်ဘဏ္ဍာတာဝန် ထူးချွန်ထမ်းဆောင်သည့် လုပ်ငန်းရှင်ဆု၊ ထုတ်လုပ်ရောင်းချမှု ထူးချွန်အသေးစား စီးပွားရေးလုပ်ငန်းရှင်ဆု၊ ထုတ်လုပ်ရောင်းချမှု ထူးချွန်အလတ်စားစီးပွားရေးလုပ်ငန်းရှင်ဆု ရရှိသူများ၏ စွမ်းဆောင်ရည်ပြကွက်များကို ထုတ်နုတ်ပြသသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူ နိုင်ငံ့ဂုဏ်ဆောင်အားကစား စွမ်းဆောင်ရည်ဆု (တစ်ဦးချင်း)ဆုရရှိသူ ရန်ကုန်တိုင်းဒေသကြီးမှ စစ်တုရင်အားကစားသမား ဦးဝင်းဇော်ထွန်းနှင့် ကနူး၊ ကယက် အားကစားသမား ဦးဝင်းထိုက်၊ နိုင်ငံ့ဂုဏ်ဆောင်အားကစားစွမ်းဆောင်ရည်ဆု (အသင်းအဖွဲ့အလိုက်) ဆုရ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်၊ အကျိုးအမြတ်မယူသော ထူးချွန်စီးပွားရေးအသင်းအဖွဲ့ဆုရ စစ်ကိုင်းတိုင်းဒေသကြီးမှ မုံရွာကုန်စည်ဒိုင်နှင့် တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့၊ အကျိုးအမြတ်ရယူသော ထူးချွန်စီးပွားရေးအသင်းအဖွဲ့ဆုရ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် သမဝါယမအသင်းစုနှင့် ရှမ်းပြည်နယ် လားရှိုးဝန်ထမ်းပေါင်းစုံ ငွေစုငွေချေး သမဝါယမအသင်းလီမိတက်၊ ပို့ကုန်ထူးချွန်လုပ်ငန်းရှင်ဆုရ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ဧရာနဒီကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးဝင်းဗိုလ်နှင့် ရှမ်းပြည်နယ် မူဆယ်မြို့ သံလွင်ရွှေပြည် ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒေါ်နန်းခမ်းယုံ၊ တန်ဖိုးမြှင့်ထုတ်ကုန် ထူးချွန် ထုတ်လုပ်ရောင်းချနိုင်သည့် စီးပွားရေးလုပ်ငန်းရှင်ဆုရ မကွေးတိုင်းဒေသကြီး မကွေးမြို့မှ အမေထွားနှင့်သားများ ဆီစက်ပိုင်ရှင် ဦးဌေးအောင်နှင့် တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့ ပြည့်ဖြိုးထွန်း/အောင်မြတ်ဖြိုး ကုမ္ပဏီဥက္ကဋ္ဌ ဒေါက်တာအောင်လွင်၊ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန်ထူးချွန် ထမ်းဆောင်သည့် လုပ်ငန်းရှင်ဆုရ ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် ရွှေမဲကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးထွန်းလွင်နှင့် သမဝါယမ ဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးခင်မောင်အေး၊ ထုတ်လုပ်ရောင်းချမှု ထူးချွန်အသေးစား စီးပွားရေးလုပ်ငန်းရှင်ဆုရ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်မှ Myanmar Wood Mart Co., Ltd. ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် မကွေးတိုင်းဒေသကြီး မင်းဘူးမြို့မှ စွမ်းအားမြင့်အေဝမ်းမီးဖိုလုပ်ငန်းရှင် ဦးအောင်ချိုဦး၊ ထုတ်လုပ်ရောင်းချမှုထူးချွန်အလတ်စားစီးပွားရေး လုပ်ငန်းရှင်ဆုရ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့မှ စိန်နှင့်မြ မွေ့ရာလုပ်ငန်းရှင် ဦးကျော်မင်းနှင့် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့မှ မနောသုခဆန်စက်ပိုင်ရှင် ဦးကိုကိုနိုင်တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတ၏ စွမ်းဆောင်ရည်ဆုများ ရရှိကြသော အထူးဂုဏ်ထူးဆောင်ဆုရရှိသည့် ဇီဝိတဒါန သံဃာဆေးရုံကြီးနှင့် ဦးအောင်ကိုဝင်းတို့၏ စွမ်းဆောင်ရည်ပြကွက်များကို ပြသသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က နိုင်ငံတော်သမ္မတ၏ စွမ်းဆောင်ရည်ဆု ရရှိကြသော ဖွံ့ဖြိုးတိုးတက်မှု အကောင်းဆုံးမြို့နယ်ဆုရ ရှမ်းပြည်နယ်မှ တောင်ကြီးမြို့နယ်၊ ဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံး စံပြကျေးရွာဆုရ မွန်ပြည်နယ် ရေးမြို့နယ်မှ အစင်ကျေးရွာ၊ စိုက်ပျိုးထုတ်လုပ်မှု ထူးချွန် တောင်သူလယ်သမားဆုရ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်မှ ဦးကျော်ဇော၊ မွေးမြူထုတ်လုပ်မှု ထူးချွန်လူပုဂ္ဂိုလ်ဆုရ ကချင်ပြည်နယ် မြစ်ကြီးနားမြို့မှ ရွှေမြင့်မိုရ် မွေးမြူရေးလုပ်ငန်းပိုင်ရှင် ဒေါက်တာမိုးစည်သူ၊ မွေးမြူထုတ်လုပ်မှု ထူးချွန်လုပ်ငန်းရှင်ဆုရ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်မှ တက်ချောင်မွေးမြူရေး လုပ်ငန်းပိုင်ရှင် ဒေါက်တာသိန်းစိန်၊ ရေထွက်ပစ္စည်း မွေးမြူထုတ်လုပ်မှု ထူးချွန်လုပ်ငန်းရှင်ဆုရ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့မှ United Myeik Co.,Ltd ဥက္ကဋ္ဌ ဦးခင်မောင်ကျော်၊ နိုင်ငံတော်နှင့် ပြည်သူတို့၏ လူမှုရေးအကျိုးပြုမှု အကောင်းဆုံး လူမှုရေးအသင်းအဖွဲ့ဆုရ ကချင်ပြည်နယ်မှ ထူးဖောင်ဒေးရှင်း၊ အများပြည်သူ ဘေးအန္တရာယ် ကျရောက်မှုအား သက်စွန့်ကြိုးပမ်းကယ်တင် စွမ်းဆောင်သူဆုရ စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့မှ ဦးခင်ဦး၊ နိုင်ငံ့ဂုဏ်ဆောင်အားကစား စွမ်းဆောင်ရည်ဆု(တစ်ဦးချင်း) ဆုရ ရန်ကုန်တိုင်းဒေသကြီးမှ ဝူရှူးအားကစားသမား ဦးဝေဖြိုးအောင်၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားစွမ်းဆောင်ရည်ဆု (အသင်းအဖွဲ့အလိုက်)ဆုရ ရန်ကုန်တိုင်းဒေသကြီးမှ လှေလှော်အဖွဲ့ချုပ်၊ အကျိုးအမြတ်မယူသော ထူးချွန်စီးပွားရေးအသင်းအဖွဲ့ဆုရ ရန်ကုန်တိုင်းဒေသကြီးမှ မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း၊ အကျိုးအမြတ်ရယူသော ထူးချွန်စီးပွားရေးအသင်းအဖွဲ့ဆုရ မန္တလေးတိုင်းဒေသကြီးမှ သမဝါယမအသင်းစု၊ ပို့ကုန်ထူးချွန်လုပ်ငန်းရှင်ဆုရ ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ်မှ ဦးအုန်းဆိုင်၊ တန်ဖိုးမြှင့်ထုတ်ကုန် ထူးချွန်ထုတ်လုပ်ရောင်းချနိုင်သည့် စီးပွားရေးလုပ်ငန်းရှင်ဆုရ ရှမ်းပြည်နယ် ဟဲဟိုးမြို့နယ်မှ Myanmar Belle Co.,Ltd ပိုင်ရှင် ဦးရဲမြင့်အောင်၊ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာ တာဝန်ထူးချွန် ထမ်းဆောင်သည့် လုပ်ငန်းရှင်ဆုရ ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်မှ ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှု ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးအောင်ဇော်နိုင်၊ ထုတ်လုပ်ရောင်းချမှုထူးချွန် အသေးစားစီးပွားရေး လုပ်ငန်းရှင်ဆုရ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် အောင်နိုင်သူ သံရည်ကျိုလုပ်ငန်းရှင် ဦးအောင်ဆန်း၊ ထုတ်လုပ်ရောင်းချမှု ထူးချွန်အလတ်စား စီးပွားရေး လုပ်ငန်းရှင်ဆုရ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာစက်မှုဇုန်မှ Fame ဆေးဝါးထုတ်လုပ်ရေး လုပ်ငန်းရှင် ဒေါက်တာခင်မောင်လွင်တို့အားလည်းကောင်း၊ နိုင်ငံတော်သမ္မတ၏ အထူးဂုဏ်ထူးဆောင်ဆု ရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ ဇီဝိတဒါန သံဃာ့ဆေးရုံကြီးနှင့် ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းတို့အား ဆုများကို အသီးသီးပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်သမ္မတက ဘက်စုံပညာထူးချွန် လူငယ်များ ကိုယ်စား အထက(၁)ညောင်လေးပင်မှ တက္ကသိုလ်ဝင်တန်းကျောင်းသား မောင်ဖြိုးဝေလင်း၊ ထူးချွန်ကြက်ခြေနီလူငယ်များကိုယ်စား မော်လမြိုင်ကြက်ခြေနီအသင်းမှ မစန္ဒီထိုက်၊ ကင်းထောက်လူငယ်များ ကိုယ်စား အထက (၄) အလုံမှ သတ္တမတန်းကျောင်းသူ မမြစန္ဒီစောတို့အား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတအား ဘက်စုံထူးချွန် လူငယ်များကိုယ်စား လားရှိုးမြို့ အထက (၁)မှ တက္ကသိုလ်ဝင်တန်းကျောင်းသူ မမေမြတ်နိုးကို၊ ထူးချွန်ကြက်ခြေနီလူငယ်များကိုယ်စား မကွေးတိုင်းဒေသကြီး ကွန်ပျူတာတက္ကသိုလ်ကျောင်းသား မောင်အောင်ချမ်းငြိမ်းနှင့် ကင်းထောက်လူငယ်များကိုယ်စား မကွေးတိုင်းဒေသကြီး အထက(၂)မှ သတ္တမတန်းကျောင်းသား မောင်တိုင်းဝင်းဌေးတို့က အမှတ်တရလက်ဆောင်များ ဂါရဝပြု ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဒုတိယသမ္မတများသည် နိုင်ငံ့စွမ်းဆောင်ရည်ဆု၊ အထူးဂုဏ်ထူးဆောင်ဆု ရရှိသူများနှင့်လည်းကောင်း၊ ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူများနှင့်လည်းကောင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ **(သတင်းစဉ်)**

ရမည်းသင်းမြို့ပေါ်တွင် လမ်းများအဆင့်မြှင့်တင် ရပ်ကွက်အချို့ ရိုစာများကိုယ့်အားကိုယ်ကိုးခင်း

ရမည်းသင်း မေ ၃

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူဆောင်ရွက်ခဲ့သော မြို့တွင်းလမ်းများ ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ လမ်းသားချဲ့ခြင်းနှင့် ရပ်ကွက်အချို့လမ်းများ ကိုယ့်အားကိုယ်ကိုး ရိုစာခင်းခြင်းလုပ်ငန်းများကို မြို့နယ်စည်ပင်သာယာအမှုဆောင်အရာရှိ ဦးမျိုးကျော်လတ်ကြီးကြပ်၍ အငယ်တန်းအင်ဂျင်နီယာ(မြို့ပြ)၊ ဝန်ထမ်းများ ဦးဆောင်ကာ ဆောင်ရွက်လုပ်ကိုင်ခဲ့ရာ လမ်းများပြီးစီးအသုံးပြုနေပြီဖြစ်သည်။

၂၀၁၃ခုနှစ် နောက်ကျမိုးများသည်းထန်စွာရွာသွန်းမှုကြောင့် ယခင်နှစ်များထဲက ပျက်စီးနေသော မြို့တွင်းလမ်းများမှာ မိုးရေကြောင့် လမ်းပခုံးသားများပျောက်ပြီး လမ်းများပိုမိုပျက်စီးသွားသဖြင့် သွားလာရေးများ ချောမွေ့မှုမရှိပေ။ သို့ဖြစ်၍ လမ်းအရှည် ၁၀၉၂ ပေ၊ သီလဝလမ်း အရှည် ၇၃၃ ပေ၊ စုပေါင်းရုံးလမ်း လမ်းအရှည် ၇၈၅ ပေ၊ ဦးမင်းနိုင်လမ်း လမ်းအရှည် ၄၈၆ ပေ၊ မြကျွန်းသာလမ်း လမ်းအရှည်ပေ ၁၄၆၀၊ မင်္ဂလာကျုံးလမ်း လမ်းအရှည် ၁၀၁၁ ပေရှိ ဘူတာလမ်းနှင့်မေတ္တာလမ်းတို့အား လမ်းသားချဲ့ခြင်း၊ ကတ္တရာခင်းခြင်းစသည့်လုပ်ငန်းများအား လုပ်ကိုင်ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ ထို့ပြင် မြို့မအုပ်စုရှိ ညောင်ပင်ရပ်ကွက်သုံးလမ်း၊ ရှမ်းဝိုင်းရပ်နှစ်လမ်းနှင့် ပန်းတိမ်ရပ်နှစ်လမ်း စုစုပေါင်းလမ်းခုနစ်လမ်းများကို ရပ်ကွက်အတွင်းရှိ အလှူရှင်များ စုပေါင်းအလှူငွေဖြင့် ကိုယ့်အားကိုယ်ကိုး ရိုစာခင်းခြင်းလုပ်ငန်းများအား ရပ်ကွက်အတွင်းရှိ ပရဟိတလူငယ်များက ဆောင်ရွက်လုပ်ကိုင်ခဲ့ရာ မြို့နယ်စည်ပင်သာယာမှ လမ်းကြိတ်စက်ဖြင့် ကြိတ်ပေးခဲ့သည်။

မြို့တွင်းလမ်းများနှင့် ရပ်ကွက်အတွင်းရှိ လမ်းကြားများ ကောင်းမွန်သွားပြီဖြစ်၍ သွားလာရေးများ လွယ်ကူအဆင်ပြေချောမွေ့လျက် ဒေသခံပြည်သူများ ဝမ်းသာကြည်နူးလျက်ရှိကြောင်း သိရသည်။ **(ဝ၁၁)**

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် ဆိုင်ရာ (ရန်ကုန်) စတုတ္ထနှစ်ကျောင်းသား ကျောင်းသူများ ကွင်းဆင်းကုသပညာပေး

သရက်ချောင်း မေ ၃

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် သရက်ချောင်းမြို့တွင် နံနက် ၈ နာရီမှစ၍ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်ဆိုင်ရာ(ရန်ကုန်)မှ စတုတ္ထနှစ်ကျောင်းသား ကျောင်းသူ ၃၄ ဦးနှင့် ဆရာ ဆရာမ ၁၀ ဦးအဖွဲ့သည် သရက်ချောင်းမြို့နယ်အတွင်း ရပ်ကွက်၊ကျေးရွာများ၌ သွားဘက်ဆိုင်ရာနှင့်ပတ်သက်၍ စစ်တမ်းကောက်ယူခြင်း၊ ကွင်းဆင်းကုသပညာပေးခြင်း၊ သွားရောဂါအကြောင်း သိကောင်းစရာများဟောပြောခြင်းများကို လိုက်လံဆောင်ရွက်လျက်ရှိပြီး သွားရောဂါဝေဒနာရှင် ၇၀ ခန့်ကိုလည်း မြို့နယ်ပြည်သူ့ဆေးရုံတွင် အခမဲ့ကုသပေးလျက်ရှိရာ သွားရောဂါအကြောင်း သိကောင်းစရာများကို ဘီဒီအက်စ်ကျောင်းသား ကျောင်းသူများက ဟောပြောခဲ့ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကန်တော်ကြီးရေပြင်ကြည်လင်စေရေး အမေရိကန်ပညာရှင်များ ငှားရမ်းဆောင်ရွက်

ရန်ကုန် မေ ၃

ကန်တော်ကြီး အတွင်းရှိ ရေပြင်သန့်ရှင်း စင်ကြယ်စေရေးအတွက် အမေရိကန်နိုင်ငံမှ ပညာရှင်များအဖွဲ့က ပြုပြင်ထိန်း သိမ်းရေးလုပ်ငန်းများ ဆောင်ရွက်မှု စတင်အကောင်အထည်ဖော်နေပြီဖြစ်ပြီး မကြာမီကာလအတွင်း အများပြည်သူများအတွက် ပိုမိုသန့်ရှင်းကြည်လင်သည့် ကန်တော်ကြီးရေပြင်ကို ကြည့်ရှုခံစား အပန်းဖြေနိုင်တော့မည်ဖြစ်သည်။

"ကန်တော်ကြီးထဲက ရေတွေကို သန့်ရှင်းစင်ကြယ်စေဖို့နဲ့ ရေမျက်နှာပြင် အမှိုက်သရိုက်ကင်းစင်ရေး၊ ရေကြည်လင်လာစေရေးကို စတင်ဆောင်ရွက်နေပြီဖြစ်ပါတယ်။ လက်ရှိမှာ အမေရိကန်နိုင်ငံမှ ပညာရှင်အဖွဲ့က လေ့လာမှုများ ပြုလုပ်ပြီးစီးလို့ ရေဆိုးသန့်စင်တဲ့စနစ်တွေနဲ့ အမြန်ဆုံးဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု မြန်မာမီဂါ ထရန်းဒ်ကုမ္ပဏီလီမိတက်မှ တာဝန်ခံတစ်ဦးဖြစ်သော ဦးဇော်ဇော်က ပြောကြားသည်။ ကန်တော်ကြီး အမျိုးသားဥယျာဉ်အတွင်းရှိ ရေများမှာ ရေညှိနှင့် ရေမှော်များ၊ အပင်များကြောင့် ကြည်လင်သန့်ရှင်းမှုအားနည်းသဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ မကြာခဏ အမှိုက်ရှင်းလင်းခြင်းများပြုလုပ်ပေးလျက်ရှိသော်လည်း ရေပြင်ကြည်လင်မှုအားနည်းခြင်းအတွက် ယခုကဲ့သို့ ပြည်ပပညာရှင်များအား ခေါ်ယူအပ်နှံတာဝန်ပေးအပ်ခြင်းဖြစ်သည်။ သကြၤန်ကာလမတိုင်မီကပင် ကန်တော်ကြီးရေပြင်သန့်ရှင်းရေးလုပ်ငန်းများစတင်လုပ်ကိုင်ခဲ့ပြီး အဆိုပါနိုင်ငံခြားသားပညာရှင်များက ရေကန်အတွင်းရှိ ရေနေသတ္တဝါများ ထိခိုက်မှုမရှိစေဘဲ သန့်ရှင်းကြည်လင်သောရေများအဖြစ် မြင်တွေ့ရရန် နည်းပညာအကူအညီဖြင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

"ရေကန်ထဲက ရေညှိတွေကို အနည်ထိုင်စေတဲ့နည်းနဲ့ ဆောင်ရွက်နေတာဖြစ်ပါတယ်။ သဘာဝဂေဟစနစ်ကို မထိခိုက်ဘဲနဲ့ ဆောင်ရွက်နေတဲ့ လုပ်ငန်းတစ်ခုဖြစ်ပြီး ကျွန်တော်တို့ကုမ္ပဏီနဲ့ အမေရိကန်က ရေနဲ့သက်ဆိုင်တဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်တွေ ဆောင်ရွက်နေပါတယ်။ သက်ဆိုင်တဲ့အပိုင်းတွေကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ပံ့ပိုးပေးနေပါတယ်" ဟု ဦးဇော်ဇော်က ပြောကြားသည်။ အဆိုပါ သန့်ရှင်းရေးလုပ်ငန်းကို သုံးလအတွင်း အပြီးအကောင်အထည်ဖော်နိုင်ရန် ဆောင်ရွက်လျက်ရှိပြီး လက်ရှိတွင် ရေပြင်နေရာအများအပြား၌ ကြည်လင်သန့်ရှင်းလာနေပြီဖြစ်သည်။

ထို့အပြင် သန့်ရှင်းကြည်လင်ရေးလုပ်ငန်းများ ပြီးစီးသွားပါက ကန်တော်ကြီးအတွင်းသို့ ရေဆိုးများဝင်ရောက်သည့်လမ်းကြောင်းများကိုလည်း လမ်းလွှဲများပြုလုပ်ခြင်းဖြင့် ရေသန့်ရှင်းရေး ဆက်လက်ဆောင်ရွက်သွားရန် စီစဉ်ထားကြောင်း မြန်မာမီဂါထရန်းဒ်ကုမ္ပဏီလီမိတက်မှ သိရသည်။ ရန်ကုန်မြို့တော် သကြၤန်ရက်များအတွင်း ရန်ကုန်မြို့ရှိ အစည်ကားဆုံးနေရာတစ်ခုဖြစ်သည့် ကန်တော်ကြီးပတ်လမ်းတွင် ရေကစားမဏ္ဍပ်များဆောက်လုပ် ရေပက်ကြရာတွင်လည်း ကန်တော်ကြီးအတွင်းမှ ရေများကို ရေစုပ်စက်များဖြင့် စုပ်ယူအသုံးပြုကြခြင်းဖြစ်သဖြင့် ရေများသန့်ရှင်းစင်ကြယ်ပါက အသုံးပြုသူများအတွက် လာမည့်နှစ်တွင် များစွာအထောက်အကူဖြစ်စေကြောင်း သိရသည်။

ခင်လေးမြင့်အောင်

စေတုတ္တရာမြို့နယ်တွင် ဆက်သွယ်မှုပိုမိုကောင်းမွန်ရေးဆောင်ရွက်

မကွေး မေ ၃

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်တွင် GSM မိုဘိုင်းစခန်းတစ်ခုကို မြေပြင်အဝေးလိုင်းဆက်ကြောင်း ခက်ခဲသည့်အတွက် သုံးစွဲသူဦးရေ ၃၀၀ ခန့် ဆက်သွယ်ပြောဆိုနိုင်သည့် MPT Satellite Terminal ဖြင့် တပ်ဆင် ဆောင်ရွက်ပေးပါသည်။ စေတုတ္တရာမြို့အနေဖြင့် စီးပွားရေးတိုးတက်ကောင်းမွန်ပြီး သုံးစွဲသူများ တစ်ထောင်ကျော်ခန့်အထိ တိုးတက်များပြားလာသောကြောင့် ဆက်သွယ်ခေါ်ဆိုရာတွင် အလွန်ခက်ခဲလာသဖြင့် အဝေးဆက်ကြောင်း ပြုပြင်တိုးချဲ့ရန် လိုအပ်လျက်ရှိသော MPT Satellite Terminal အစား ဖုန်းအရေအတွက် ၁၅၀၀ ခန့်အထိ ပိုမိုအသုံးပြုနိုင်သည့် V-Sat စနစ်သို့ ဧပြီ ၂၆ ရက် ည ၁၁ နာရီ ၁၅ မိနစ်တွင် ပြောင်းလဲတပ်ဆင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဆက်လက်ဆောင်ရွက်

ထိုသို့ V-Sat စနစ်သို့ ပြောင်းလဲတပ်ဆင်ပေးမှုကြောင့် စေတုတ္တရာမြို့နယ်အနေဖြင့် ယခင်က ဖုန်းခေါ်ဆိုမှုခက်ခဲရုံမက ခေါ်ဆိုခငွေ ဖြည့်သွင်းရာတွင်ပင် ညှိနှိုက်သန်းခေါင်ဆောင်ရွက်နေရသည့်အခြေအနေမှ ယခုအခါ ခေါ်ဆိုမှုလွယ်ကူချောမွေ့လျက်ရှိသဖြင့် ဒေသခံပြည်သူများ ဝမ်းမြောက်လျက်ရှိကြပြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် ဆက်သွယ်မှုများ ပိုမိုကောင်းမွန်စေရေးအတွက် ဖိုင်ဘာကေဘယ်လ်ဆက်ကြောင်း သွယ်တန်းခြင်းလုပ်ငန်းကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ပင်စင်စားများအသင်း ဖွဲ့စည်းရေး ညှိနှိုင်း

ကျောက်မဲ မေ ၃

ကျောက်မဲမြို့နယ် ဌာနပေါင်းစုံ ပင်စင်စားများအသင်း ဖွဲ့စည်းရေးတွေ့ဆုံညှိနှိုင်းပွဲကို ဧပြီ ၃၀ ရက် နေ့လယ်ပိုင်းက ကျောက်မဲမြို့ မြို့ကျက်သရေဆောင်ခန်းမ၌ ကျင်းပရာ ပင်စင်စား ၁၂၈ ဦး တက်ရောက်ကြသည်။ အဆိုပါအသင်းကို ပင်စင်စားဝန်ထမ်းဟောင်းများအချင်းချင်း အစည်ထိတွေ့ရင်းနှီးမှုရရှိစေရေးနှင့် အချင်းချင်း အပြန်အလှန် ရိုင်းပင်းကူညီနိုင်ရေးအသင်းသားများ၏ နာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများတွင် ငွေအား၊ လူအားဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်နိုင်ရေး၊ အကျိုးပြုလုပ်ငန်းများတွင် အဖွဲ့အစည်းတစ်ရပ်အနေဖြင့် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်နိုင်ရေးတို့ကို ရည်ရွယ်၍ ဖွဲ့စည်းခြင်းဖြစ်ကြောင်း သိရသည်။

အသင်းရန်ပုံငွေကို အသင်းသားများက ထည့်ဝင်သည့်အသင်းဝင်ကြေးများ၊ လစဉ်ကြေးငွေများကို အခြေခံ၍ ထူထောင် မတည်သွားမည်ဖြစ်ပြီး အခြား စေတနာရှင်များ၏ လှူဒါန်းငွေများကိုလည်း အသင်းရန်ပုံငွေစာရင်းတွင် ထည့်သွင်းသွားမည်ဖြစ်ကာ မြန်မာ့စီးပွားရေးဘဏ်တွင် အသင်းအမည်ဖြင့် စာရင်းဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

မလတ်(ကျောက်မဲ)

တောတောင် ပျက်ပြုန်း မြေဆီသုဉ်း၏

တရားမဝင်သစ်ခွ(စို)များနှင့် တမလန်းသစ်ဓားရွေတုံးများ သိမ်းဆည်းရမိ

စစ်ကိုင်း မေ ၃

စစ်ကိုင်းခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန့်ဇင်-၂ နှင့် သစ်တောဝန်ထမ်းများနှင့် စစ်ကိုင်းမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်လူဇော်နှင့်အဖွဲ့တို့ပူးပေါင်း၍ မေ ၂ ရက်က နယ်မြေသတင်းအရ စစ်ကိုင်း-မုံရွာ-ရွှေဘိုကားလမ်းတစ်လျှောက် ရှာဖွေစစ်ဆေးရာ ပင်လည်ဘူးမှ မန္တလေးဘက်သို့ မောင်းနှင်လာသော ယာဉ်အမှတ် ၂ ခ/. . . . ခြောက်ဘီးရွှေနိုင်ငံမှန်လုံခရီးသည်တင် ဖြူ ပြာ၊ စိမ်း၊ ဝါရောင်ကားကို စစ်ကိုင်းမြို့ ကံတလူရွှေတောင်တိုးဂိတ်အနီးတွင် ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်တွင် ခရီးသည်များနှင့်အတူ သစ်ခွများကို အိတ်များအတွင်းထည့်၍ တမလန်းသစ်ဓားရွေတုံးများ တင်ဆောင်လာသည်ကို စစ်ဆေးတွေ့ရှိသဖြင့် စစ်ကိုင်းမြို့နယ် ပိုးတန်းသစ်တောရုံးသို့ မောင်းနှင်ချတိုင်းစစ်ဆေးချိန်တွယ်ကြည့်ရာ တရားမဝင်သစ်ခွပင်(စို)၂၃အိတ် (ပိဿာ ၂၈၀)နှင့် တမလန်းသစ်ဓားရွေအတုံး ၃၀ (၀ ဒသမ ၉၂၄၂)တန်ကို ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ တရားမဝင် သစ်ခွပင်(စို)နှင့် တမလန်းသစ် ဓားရွေတုံးများ သယ်ဆောင် မောင်းနှင်လာသူ ယာဉ်မောင်း မောင်ဦး ရေဦးမြို့၊ ယာဉ်နောက်လိုက်များဖြစ်သော မောင်ဝင်း သက်သာ ပန်းတောင်း စံပြကျေးရွာ(ကားဆိပ်) ခင်ဦးမြို့နယ်နှင့် ဇော်ဖြိုး အင်တိုင်းကျေးရွာ ခင်ဦးမြို့နယ်နေသူတို့ကို စစ်ကိုင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားပြီး ဖမ်းဆီးရမိသောပစ္စည်းများကို ပိုးတန်းသစ်တောရုံးတွင် သိမ်းဆည်းထားပြီးဖြစ်ကြောင်း သိရသည်။

မျိုးဝင်း(စစ်ကိုင်း)

လိုင်စင်သက်တမ်းတိုးလုပ်ငန်းများ ဆောင်ရွက်ပေးမည်

နေပြည်တော် မေ ၃

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ၂၀၁၄ ခုနှစ်မေလအတွင်း အောက်ဖော်ပြပါ မြို့နယ်များသို့ နယ်လှည့်၍ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးခြင်းလုပ်ငန်းများနှင့် မှတ်ပုံတင်မဲ့ မော်တော်ဆိုင်ကယ်များ မှတ်ပုံတင်ပေးရေးစီမံချက်(One Stop Service) လုပ်ငန်းများကို ဆောင်ရွက်ပေးမည်ဖြစ်၍ ကြိုတင်ပြင်ဆင်နိုင်ရန်အတွက် အသိပေးကြေညာထားသည်-

စဉ်	တိုင်းဒေသကြီး / ပြည်နယ်	နယ်လှည့်(ပုံမှန်)	နယ်လှည့်(ဆိုင်ကယ်စီမံချက်)
၁။	ရန်ကုန်တိုင်းဒေသကြီး	တိုက်ကြီး၊ တွံတေး	တွံတေး၊ ခရမ်း၊ သုံးခွ
၂။	မန္တလေးတိုင်းဒေသကြီး	မိုးကုတ်၊ ဝမ်းတွင်း၊ နွားထိုးကြီး၊ တံတားဦး	မိုးကုတ်၊ ညောင်ဦး၊ ကျောက်ပန်းတောင်း
၃။	ရှမ်းပြည်နယ်	ရပ်စောက်၊ ဖယ်ခုံ၊ လင်းခေး၊ သိန်းနီ၊ မိုင်းဖြတ်	ညောင်ရွှေ၊ ဟိုပုံး၊ ကွမ်းလုံ၊ ဟိုပန်၊ မိုင်းယောင်း၊ လောက်ကိုင်၊ နမ့်ဆန်
၄။	ကချင်ပြည်နယ်	ပူတာအို၊ ဖားကန့်	ပူတာအို
၅။	ကရင်ပြည်နယ်		လှိုင်းဘွဲ့၊ ကြာအင်းဆိပ်ကြီး၊ ဘုရားသုံးဆူ
၆။	ချင်းပြည်နယ်		မတူပီ၊ မင်းတပ်၊ ကန်ပက်လက်
၇။	စစ်ကိုင်းတိုင်းဒေသကြီး	ကနီ၊ ဝက်လက်၊ တမူး	ကောလင်း၊ ဝန်းသို၊ ပင်လည်ဘူး၊ မြောင်၊ တန့်ဆည်၊ ဒီပဲယင်း
၈။	တနင်္သာရီတိုင်းဒေသကြီး	ကျွန်းစု	
၉။	ပဲခူးတိုင်းဒေသကြီး	ဒိုက်ဦး၊ ပေါက်ခေါင်း၊ ကျောက်ကြီး	ပေါက်ခေါင်း၊ ကျောက်ကြီး၊ ရွှေကျင်
၁၀။	မကွေးတိုင်းဒေသကြီး	တောင်တွင်းကြီး၊ ပေါက်၊ ဂန့်ဂေါ၊ ပွင့်ဖြူ၊ အောင်လံ	တောင်တွင်းကြီး၊ ပေါက်၊ ဂန့်ဂေါ၊ ဆော၊ ဆိပ်ဖြူ
၁၁။	မွန်ပြည်နယ်	ကျိုက်ထို	ကျိုက်ထို၊ ဘီးလင်း၊ ပေါင်
၁၂။	ရခိုင်ပြည်နယ်	ဘူးသီးတောင်၊ မောင်တော	ကျောက်တော်၊ မြောက်ဦး၊ မင်းပြား၊ အမ်း
၁၃။	ဧရာဝတီတိုင်းဒေသကြီး	မြောင်းမြ၊ ညောင်တုန်း၊ ကြံခင်း၊ မြန်အောင်	ရေကြည်၊ ငပုတော၊ အင်္ဂပူ၊ ဇလွန်၊ လေးမျက်နှာ

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

မတ်ပဲ RC ဈေးနှုန်း နှစ်နှစ်ကျော်အတွင်း ဈေးအမြင့်ဆုံးဖြစ် စားအုန်းဆီ၊ ကြက်သွန်ဖြူ၊ ငရုတ်၊ ထန်းလျက်ဈေးကျ

ရန်ကုန် မေ ၃

မေ ၂ ရက်က ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မတ်ပဲ RC တစ်တန်ငွေကျပ် ၇၁၅၀၀၀ နှုန်း၊ SQ, RC တစ်တန် ကျပ် ၁၅၀၀၀ နှုန်း၊ ပြည်ပပို့မတ်ပဲ FAQ တစ်တန် FOB ဈေးနှုန်း ၇၆၀-၇၈၀ ဒေါ်လာ၊ SQ, RC တစ်တန်ဒေါ်လာ ၈၆၀-၈၈၀ နှုန်းသို့ မြင့်တက်လာရာ ၂၀၁၂-၂၀၁၃ နှစ်နှစ်ကာလနှင့် ၂၀၁၄ ယခုနှစ်ကာလအတွင်းတို့တွင် ဈေးနှုန်းအမြင့်ဆုံးဖြစ်ကြောင်း ပဲကုန်သည်များက ဆိုသည်။

သင်္ကြန်အပြီးဖွင့်ရက်များတွင် ရန်ကုန်ဆီဈေးကွက်တွင် လက်ကားလက်ငင်းစားအုန်းဆီ တစ်ပိဿာကျပ် ၁၆၀၅ နှုန်းရှိရာမှ ဧပြီလ ၂၈ ရက်တွင် ကျပ် ၁၆၁၅ နှုန်းသို့ မြင့်တက်သော်လည်း ကမ္ဘာ့စားအုန်းဆီဈေးနှုန်းကျဆင်းမှုကြောင့် မေ ၂ ရက်တွင် လက်ငင်းစားအုန်းဆီ တစ်ပိဿာ လက်ကားဈေးနှုန်း ငွေကျပ် ၁၅၈၀ နှုန်းကျဆင်းကြောင်း၊ ဧပြီလကုန်ပိုင်း ရွာသွန်းသော နေရာဒေသအချို့ မိုးရွာသွန်းမှုကြောင့် ငရုတ်ဈေးနှုန်း တစ်ပိဿာ ကျပ် ၃၀၀ ဝန်းကျင်ဈေးတက်ရာမှ ဈေးနှုန်းတစ်ပိဿာ ကျပ် ၂၀၀သို့ ဈေးပြန်ကျလာသည်ဟု ဈေးကွက်မှ သိရသည်။

၂၀၁၂ မတ်လတွင် မတ်ပဲ RC တစ်တန်ငွေကျပ် ၃၈၅၀၀၀ နှုန်းသာရှိပြီး ဇူလိုင်လနောက်ဆုံးပတ်တွင် ငွေကျပ် ၆၆၀၀၀၀ နှုန်းသို့ မြင့်တက်ခဲ့ကြောင်း ဒီဇင်ဘာလကုန်တွင် ငွေကျပ် ၄၆၈၀၀၀ နှုန်းရှိကြောင်း၊ ၂၀၁၃ တွင် ဖေဖော်ဝါရီလ အတွင်း မတ်ပဲ RC တစ်တန် ငွေကျပ် ၄၂၀၀၀၀ ဝန်းကျင်ရှိပြီး နိုဝင်ဘာလကုန်ပိုင်းတွင် ငွေကျပ် ၆၃၀၀၀၀ ဝန်းကျင်အထိသာ ဈေးမြင့်ခဲ့ကြောင်း ၂၀၁၄ ဇန်နဝါရီလ လယ်ပိုင်းတွင် ကျပ် ၆၃၀၀၀၀ ဝန်းကျင် ထိဈေးမြင့်ခဲ့ကြောင်း ပဲရောင်းဝယ်သူတို့က ဆိုသည်။

စားအုန်းဆီလက်ကား ဈေးနှုန်း မလေးရှား FOB တစ်တန်လျှင် ဧပြီ ၂၈ ရက်တွင်ဒေါ်လာ ၉၁၀၊ ဆိပ်ကမ်းရောက် တစ်ပိဿာအရင်းဈေး ငွေကျပ် ၁၆၄၆ ရှိပြီး မေလ ၂ ရက်တွင် FOB ဈေးနှုန်း ၈၇၅ ဒေါ်လာ ပို့ကုန်ရငွေ ငွေလဲနှုန်း ၉၆၅ ကျပ်ဖြင့် တစ်ပိဿာအရင်းဈေး ၁၅၈၂ ကျပ်သို့ ဈေးကျသွားကြောင်း သိရသည်။

သင်္ကြန်မတိုင်မီကြက်သွန်ဖြူ ကြက်သွန်ဖြူတစ်ပိဿာငွေကျပ် ၁၈၀၀ နှုန်း ညောင်ဦးဆေးခပ် တစ် ပိဿာငွေကျပ် ၁၁၀၀-၉၀၀ နှုန်း၊ မလိုင်ကြမ်း ထန်းတစ်ပိဿာ ငွေကျပ် ၁၀၅၀ နှုန်းရှိရာမှ မေလ ၂ ရက်တွင် ကြက်သွန်ဖြူတစ်ပိဿာ ငွေကျပ် ၁၁၅၀ နှုန်း၊ ညောင်ဦးဆေးခပ်ထန်းလျက် တစ်ပိဿာ ကျပ် ၈၂၀ မလိုင်ကြမ်း တစ်ပိဿာ ကျပ် ၇၇၀ နှုန်းတို့ ကျဆင်းကြောင်း ယခုပတ်အတွင်း ရန်ကုန်ဈေးကွက်သို့ ကြက်သွန်နီ နေ့စဉ် ပျမ်းမျှပိဿာချိန် နှစ်သိန်းဝင်ရောက်ပြီး အောင်လံဒေသမှ ကြက်သွန်နီစိုက်ပျိုးသူများ ယခုရက်ပိုင်း ရန်ကုန်ဈေးကွက်သို့ တိုက်ရိုက်ရောင်းချရာ အလုံးသေး တစ်ပိဿာငွေကျပ် ၂၅၀၊ အလုံးကြီး ငွေကျပ် ၃၅၀ နှုန်းဖြင့် ရောင်းချကြောင်း၊ ဆိပ်ဖြူကြက်သွန်နီ ဈေးနှုန်းမှာ တစ်ပိဿာ ၂၈၅-၃၈၅-၄၄၀-၄၆၅ ကျပ်နှုန်းရှိကြောင်း ကြက်သွန်နီ အဝယ်တော်များက ဆိုသည်။

ခင်ဆိုင်

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း — ၃-၅-၂၀၁၄

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ပဲရည်	တစ်ကျပ်သား	၆၆၃၅၀၀
ရန်ကုန်	၁၅ပဲရည်	တစ်ကျပ်သား	၆၂၄၅၀၀
မန္တလေး	၁၆ပဲရည်	တစ်ကျပ်သား	၆၆၃၅၀၀

စက်သုံးဆီဈေးနှုန်း (Max/ Newdayစက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၁၄
ဒီဇယ်	တစ်လီတာ	ကျပ် ၉၅၀
အောက်တိန်း၉၂	တစ်လီတာ	ကျပ် ၉၄၀
အောက်တိန်း၉၅	တစ်လီတာ	ကျပ် ၁၁၁၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၉၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးနိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	ကျပ် ၃၅၀၀-၄၀၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	ကျပ် ၃၀၀၀-၃၂၀၀
၃။	ငါးရံ့	တစ်ပိဿာ	ကျပ် ၆၅၀၀-၈၀၀၀
၄။	ငါးဖယ်	တစ်ပိဿာ	ကျပ် ၇၀၀၀-၁၂၀၀၀
၅။	ပုစွန်(ကျော့)	တစ်ပိဿာ	ကျပ် ၇၅၀၀-၁၀၀၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	ကျပ် ၁၂၀၀၀-၂၅၀၀၀
၇။	ငါးသလောက်	တစ်ပိဿာ	ကျပ် ၆၀၀၀-၁၈၀၀၀
၈။	ကြက်	တစ်ပိဿာ	ကျပ် ၆၀၀၀-၁၂၀၀၀
၉။	ဝက်	တစ်ပိဿာ	ကျပ် ၇၀၀၀-၈၅၀၀
၁၀။	အမဲ	တစ်ပိဿာ	ကျပ် ၇၀၀၀-၁၀၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	ကျပ် ၁၂၀၀၀-၁၅၀၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	ကျပ် ၉၆၂-၉၇၀
ဥရောပ	တစ်ယူရို	ကျပ် ၁၃၂၂-၁၃၃၅
စင်ကာပူ	တစ်ဒေါ်လာ	ကျပ် ၇၆၀-၇၆၅
ထိုင်း	တစ်ဘတ်	ကျပ် ၂၉.၇-၃၀.၅
အိန္ဒိယ	တစ်ရူပီး	ကျပ် ၁၆ -၁၆.၂
တရုတ်	တစ်ယွမ်	ကျပ် ၁၅၀-၁၅၇
မလေးရှား	တစ်ရင်းဂစ်	ကျပ် ၂၉၃-၂၉၇

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

မိုးဆန်(ဧည့်သည်အသစ်)	တစ်အိတ်	၁၆၅၀၀
ပေါ်ကျွဲ(အသစ်)	တစ်အိတ်	၂၀၀၀၀
ပေါ်ဆန်း(အသစ်)	တစ်အိတ်	၂၅၀၀၀-၂၉၀၀၀
မြေပဲဆီ	တစ်ပိဿာ	၃၂၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၅၇၅
ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၂၇၅-၄၆၅
ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၉၅၀-၁၄၀၀
ကြက်သွန်ဖြူ(ကြူကုတ်)	တစ်ပိဿာ	၁၁၃၀-၁၁၅၀
အာလူး(ဆင်ဖြူကျွန်း)	တစ်ပိဿာ	၃၅၀-၅၅၀
ငရုတ်ရှည်(ညောင်ရမ်းမိုး)	တစ်ပိဿာ	၂၄၀၀
ငရုတ်ပွ(ဆင်ဖြူကျွန်း)	တစ်ပိဿာ	၄၃၀၀-၄၉၀၀
သကြား	တစ်ပိဿာ	၈၆၀-၉၂၀

ကုန်စည်ဈေးနှုန်းဖြစ်ပြီးအချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ စုစည်းသည်။ | ခင်ဆိုင် စေ့ငုတင်ပြသည်။

ရေချိုငါးပြတိုက်အား နိုင်ငံတကာငါးပြတိုက်အဖြစ် မြင်တွေ့ရတော့မည်

ရန်ကုန် မေ ၃

သတင်း-ခင်ရတနာ၊ (ဓာတ်ပုံ-အေးကေလင်း)

မြန်မာနိုင်ငံ၏ တစ်ခုတည်းသော ရေချိုငါးပြတိုက်အား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်မည်ဖြစ်ပြီး ကမ္ဘာ့အဆင့်မီ ရေအောက်ငါးကမ္ဘာပြခန်းများပါ ထည့်သွင်း တည်ဆောက်သွားမည်ဖြစ်ကြောင်း ပြန်လည်တည်ဆောက်မှုဆိုင်ရာ လုပ်ငန်းလုပ်ပိုင်ခွင့်ရရှိခဲ့သည့် ကုမ္ပဏီမှ သိရသည်။

"ပြုပြင်တည်ဆောက်ရေး လုပ်ငန်းတွေ လုပ်ဆောင်ဖို့အတွက် အချိန်ကာလ တစ်နှစ်ခွဲနီးပါး ကြာမြင့်မှာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဌာနဆိုင်ရာက တာဝန်ရှိသူတွေကို တင်ပြထားပြီး တည်ဆောက်ရေးစီမံကိန်းတွေ စတင်တော့မှာပါ။ နိုင်ငံတကာမှာရှိတဲ့ ငါးပြတိုက်တွေလို အဆင့်မြှင့်တင် ဆောင်ရွက်မှာဖြစ်ပြီး ရေချိုရေငန် ငါးသယံဇာတတွေအားလုံးကို တစ်နေရာတည်းမှာ တွေ့မြင်လေ့လာနိုင်စေမယ့်အပြင် ပြည်သူတွေ ဗဟုသုတလည်းရရှိစေဖို့နဲ့ စိတ်အပန်းပြေစေဖို့နေရာတစ်ခုအဖြစ် ပုံဖော်သွားမှာဖြစ်ပါတယ်"ဟု အဆိုပါ ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယင်းကုမ္ပဏီအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ တင်ဒါခေါ်ယူခဲ့သည့် အဆိုပါ ရေချိုငါးပြတိုက်အား အဆင့်မြှင့်တင်ခြင်း လုပ်ငန်းဆောင်ရွက်ရန် တင်ဒါအောင်မြင်ခဲ့ခြင်းဖြစ်ပြီး စီမံကိန်းများ စတင်ဆောင်ရွက်ရန်အတွက် ရန်ကုန်မြို့ ကန်တော်ကြီးရှိ ရေချိုငါးပြတိုက်အား မေလမှစတင်ကာ လုပ်ငန်းဆောင်ရွက်မှုများအတွက် ပြတိုက်ကိုပိတ်ထားရမည်ဖြစ်ကြောင်း သိရသည်။

အနန္တမေတ္တာ အခမဲ့ဆေးကုသရေးအဖွဲ့ ကျိုက်ဒိုးမြို့တွင် ပထမဆုံးအကြိမ် ကုသိုလ်ပြုဆေးကုသ

ကျိုက်ဒိုး မေ ၃

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကျိုက်ဒိုးမြို့ဆုတောင်းပြည့် အေးစေတီဓမ္မာရုံ၌ မေ ၁ ရက် နံနက် ၈ နာရီမှ ညနေ ၄နာရီအထိ ဘားအံမြို့ ရတနာဒီပရပ်ကွက် လောကအဓိပတိ ကမ္ဘာလုံးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝါသေဌ ဦးဆောင်သော အနန္တမေတ္တာအခမဲ့ ဆေးကုသရေးအဖွဲ့သည် ကျိုက်ဒိုးမြို့ရှိ မြို့ပေါ်လေးရပ်ကွက်၌ နေထိုင်ကြသော ရောဂါဝေဒနာရှင်မိဘပြည်သူ ၂၆၇ ဦးကို ကုသိုလ်ပြုအခမဲ့စစ်ဆေးစမ်းသပ်ပြီး ဆေးထိုးရန်လိုအပ်သော ဝေဒနာရှင်များကို ဆေးထိုးခြင်းနှင့် ဆေးဝါးများကို အခမဲ့ကုသပေးခဲ့ကြောင်း သိရသည်။ အနန္တမေတ္တာ အခမဲ့ဆေးကုသရေးအဖွဲ့၏ လိုအပ်သည်များကို ကျိုက်ဒိုးမြို့လူငယ်များနှင့် ရပ်မိရပ်ဖများက ဝိုင်းဝန်းကူညီကြပြီး ရောဂါဝေဒနာရှင်ပြည်သူများက "အခုလိုကျွန်တော်တို့မြို့ကို မေတ္တာဖြင့်အခမဲ့ ဆေးကုသပေးတဲ့အတွက် အထူးကျေးဇူးတင်မိပါတယ်။ ငွေကြေးမရှိသူများအတွက် များစွာအထောက်အကူရပြီး စေတနာအပြည့်ဖြင့် စိတ်ရှည်စွာ လူနာတွေကို ကြည့်ရှုကုသပေးတဲ့ ဆရာဝန် ဆရာမများ၊ ကူညီရေးအဖွဲ့များကို ကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

နိုင်နိုင်ထွန်း(ကျိုက်ဒိုး)

ငါးရစ်ငါးသန် ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း

သုံးထပ်လုံးချင်းတိုက် ငှားမည်
ညဈေးဝင်ပေါက်အနီး
နေရာအလွန်ကောင်း
ဖုန်း-၀၉-၅၀၇၈၃၉၁



ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

တောင်သာမြို့နယ်၌ မိုးသက်လေပြင်းတိုက်ခတ်

တောင်သာ မေ ၃

တောင်သာမြို့နယ် ခြံကြီးကျေးရွာတွင် မေ ၂ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၄၀ က မိုးသက်လေပြင်းများတိုက်ခတ်ခဲ့ရာ ဘုန်းကြီးကျောင်းဆောင်တစ်ဆောင် ပြိုလဲခဲ့ပြီး အိမ်ခေါင်မိုးများပျက်စီးခြင်း၊ သစ်ပင်သစ်ကိုင်းများ လဲကျခြင်းများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

လေပြင်းတိုက်ခတ်မှုကြောင့် ခြံကြီးကျေးရွာ ကျောင်းသစ်ကျောင်းတိုက်၌ သက်တမ်း ၇၀ ခန့်ရှိ ခုနစ်ပင် ငါးပင် နှစ်ထပ် သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းကျောင်းဆောင်တစ်ဆောင် ပြိုလဲခဲ့ကြောင်း သိရသည်။

တိုက်ခတ်ချိန်မှာ ၁၀ မိနစ်ခန့်သာကြာပြီး လူနေအိမ်များ အနည်းငယ်ပျက်စီးခြင်း၊ သစ်ပင်ပြိုလဲခြင်းများ ဖြစ်ပေါ်ခဲ့သော်လည်း လူနှင့်တိရစ္ဆာန် သေဆုံးမှုမရှိကြောင်း သိရသည်။

လင်းလက်ကြယ်(တောင်သာ)

တားမြစ်ငါးဖမ်းကိရိယာများ သိမ်းဆည်းရမိ

စဥ့်ကူး မေ ၃

ပြင်ဦးလွင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစိုးနိုင်နှင့် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများပါဝင်သော အဖွဲ့သည် ဧပြီ ၂၄ ရက်က ငါးသယံဇာတများ ထိန်းသိမ်းကာကွယ်ရေး၊ ငါးပြုန်းတီးမှုများ ကာကွယ်တားဆီးရေးနှင့် တရားမဝင်ငါးဖမ်းကိရိယာများဖြင့် ငါးဖမ်းဆီးမှုများမရှိစေရေးတို့အတွက် ဧရာဝတီမြစ်အတွင်း ကွင်းဆင်း ဆောင်ရွက်လျက်ရှိရာ စဥ့်ကူးမြို့နယ် သီလှကျေးရွာအနီး ဘက်ထရီရှော့တိုက် ငါးဖမ်းရာတွင် အသုံးပြုသော ၁၂ ဗို့ ဘက်ထရီ လေးလုံး၊ ရှော့ကွင်းနှစ်ခု၊ ရှော့တံမြှန်းရှစ်ချောင်းနှင့် ပလတ်စတစ်ပုံးဖွင့် ငါးလုံးအား သယ်ဆောင်လာသူများကိုတွေ့ရှိ၍ ရပ်တန့်စစ်ဆေးရာ အဆိုပါ တရားမဝင်ငါးဖမ်းဆီးသူများသည် ထွက်ပြေးတိမ်းရှောင်သွားပြီး သုံးစွဲပစ္စည်းများကို ပိုင်ရှင်မဲ့သိမ်းဆည်းရမိကြောင်း သိရသည်။

လှုံ့ဆော်ထား

ဘက်ထရီရှော့တိုက် ငါးဖမ်းဆီးခြင်းသည် ငါးမျိုးပြုန်းတီးစေနိုင်ပြီး မသေသောငါးများမှာလည်း မျိုးပွားနိုင်ခြင်းမရှိတော့သဖြင့် ငါးပြုန်းတီးစေနိုင်သော ငါးဖမ်းကိရိယာများ အသုံးပြု၍ ငါးဖမ်းခြင်းများမပြုကြရန် ငါးလုပ်ငန်းဦးစီးဌာနက နှိုးဆော်ထားကြောင်း သိရသည်။

ဝင်းမောင်

စုလျားရစ်ပတ် ထိမ်းမြားမင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
ဒုတိယဗိုလ်ချုပ်ကြီး ဘုန်းမြင့်(ငြိမ်း)-ဒေါ်ခင်တင့်တို့၏မြေးဦး၊ ဒုတိယဗိုလ်မှူးကြီးတင်ထွန်း-ဒေါ်ကေသီနိုင်တို့၏သား

မောင်ထွဋ်သန့်စင် (ခ) Mike

Bachelor of Business (Marketing)
Royal Melbourne Institute of Technology (R.M.I.T)
Director (Cozy Travel & Tours)

နှင့်

ရန်ကုန်မြို့နေ
ဗိုလ်မှူးကြီးမြင့်ဦး(ငြိမ်း) (Chairman, Geo Asia Industry & Mining Co.,Ltd.) - ဒေါ်ခိုင်သက်မွန်တို့၏သမီးဦး

မဇမြင့်မို (ခ) Yankee

Bachelor of Arts (korean)
Master of Business Administration (YIE)
Director (Zayyar Shwe Yee Mining Co.,Ltd.)

တို့၏ ၃-၅-၂၀၁၄ ရက်တွင် Sedona Hotel Ballroom ၌ ကျင်းပပြုလုပ်သော စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဗိုလ်ချုပ်ကြီးခင်ညွန့် (ငြိမ်း)၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဘ (ငြိမ်း)၊ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး ခင်အောင်မြင့်နှင့်ဇနီး ဒေါ်အေးအေးသန်းနှင့် စုလျားရစ်ပတ်ထိမ်းမြား၍ အောင်မင်္ဂလာပန်းကုံးနှင့် မင်္ဂလာလက်စွပ်ချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဆန်းဦးနှင့်ဇနီး ဒေါ်ကြူကြူစိုးတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသန်းမြတ်စိုး၊ မင်္ဂလာအခါတော်ပေး သီဆိုပေးပါသော တေးသံရှင် ဒေါ်ရီရီသန့်၊ မင်္ဂလာပန်းကြဲဖြန့်ပေးပါသော မအေးလဲ့ကန်ဇော်နှင့် မမေမြင့်မို၊ အောင်မင်္ဂလာပန်းကုံးကလပ် ကိုင်ဆောင်ပေးပါသော မအိမ့်မြင့်မို၊ မင်္ဂလာလက်စွပ်ကလပ်ကိုင်ဆောင်ပေးပါသော မခိုင်မဥ္ဇူဝင်း၊ မင်္ဂလာပန်းခြင်းကိုင်ဆောင်ပေးပါသော မရွှန်းလဲ့မေဇော်နှင့် မမေမြင့်မြတ်မောင်၊ သတို့သားအရံ မောင်အောင်ကိုကိုနှင့် မောင်ဘုန်းမြတ်သူ၊ သတို့သမီးအရံ မမေလှိုင်းနွေနှင့် မထွေးအိခိုင်တို့ အားလည်းကောင်း၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးပါသော The Aces တေးဂီတအဖွဲ့နှင့်အဆိုတော်များအားလည်းကောင်း၊ မင်္ဂလာဝတ်စုံဖန်တီးပေးပါသော ဦးကျော်စိုး Eternity ၊ သတို့သမီးအရံများ၊ ပန်းကြဲနှင့် ကလပ်ကိုင် သမီးငယ်များအတွက် မေတ္တာဖြင့် ဝတ်စုံဖန်တီးပေးပါသော မမြတ်ကေခိုင်မောင် (K Collection)၊ မိတ်ကပ်ဆံပင်အလှဖန်တီးရှင် မေဦးမောင်(တော်ဝင်သူ)၊ ပန်းအလှပြင် ကိုငြိမ်းချမ်းနှင့်အဖွဲ့၊ ဓာတ်ပုံနှင့် ဗီဒီယိုအဖွဲ့ ကိုပြည့်ဟန်အားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲသို့ တက်ရောက်ပေးပါသော စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများ၊ ဂုဏ်သရေရှိ ဧည့်ပရိသတ်များနှင့် နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟတို့အားလည်းကောင်း၊ ၃-၅-၂၀၁၄ ရက် မင်္ဂလာညနေခင်းတွင် Chatrium Hotel, Pool Side ၌ ကျင်းပပြုလုပ်သော မင်္ဂလာညစာစားပွဲသို့ တက်ရောက်ချီးမြှင့်ပေးပါသော စစ်ဘက်နယ်ဘက်မှ အကြီးအကဲများနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ ၁၅-၂-၂၀၁၄ ရက်တွင် Sky Star Hotel ၌ ကျင်းပပြုလုပ်သော မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပွဲ၌ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော နိုင်ငံတော် တရားရုံးချုပ်၊ တရားသူကြီး ဦးအောင်ဇော်သိန်း၊ မင်္ဂလာပန်းကုံးချီးမြှင့်ပေးပါသော အငြိမ်းစားသံအမတ်ကြီး ဦးကြည်သိန်းနှင့်ဇနီး ဒေါ်မာမာရိုန်၊ အသိသက်သေများအဖြစ် ဆောင်ရွက်ပေးပါသော ကိုသန့်ထူးမြတ်နှင့် မစုမြတ်အောင် (Silk & Style) တို့အားလည်းကောင်း၊ ၃၀-၃-၂၀၁၄ ရက်တွင် ရန်ကုန်မြို့ ရွှေပန်းကျောင်းတိုက်၌ ပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော နှစ်ဖက်သော မိဘဆွေမျိုး၊ မိတ်သင်္ဂဟများအားလည်းကောင်း ကျေးဇူးတင်ထိုက်သူအားလုံးတို့အား လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ထွဋ်သန့်စင်-မဇမြင့်မို

မြစ်ကူးတံတားကြီးများဆောက်လုပ်ပေးရန် ဒေသခံများလိုလား

မော်လမြိုင်ကျွန်း မေ ၃

မော်လမြိုင်ကျွန်းမြို့နယ် လှိုင်းဘုန်းကျေးရွာအုပ်စုတွင် နိုင်ငံခြားငွေရှာဖွေပေးနေသော ကဏန်းဈေးကွက်မှာ လွန်ခဲ့သော ငါးနှစ်ခန့်မှစပြီး လမ်းပန်းဆက်သွယ်ရေး အခက်အခဲကြောင့် လှိုင်းဘုန်းကဏန်းဈေးကွက် ပျက်ခဲ့ရသည်။

ယင်းလှိုင်းဘုန်း ကဏန်းဈေးကွက် ဖွံ့ဖြိုးတိုးတက်စဉ်က ကဏန်းရှာ၊ ကဏန်းဝယ်နှင့် ကဏန်းဝယ်ရောင်း အဝယ်ဒိုင်များမှာ ဖွံ့ဖြိုးတိုးတက်ခဲ့သဖြင့် လှိုင်းဘုန်းကျေးရွာအုပ်စုအတွင်းရှိ ပင်လယ်ပိုင်းဒေသနှင့် ထိစပ်နေသော ကျေးရွာများ၏ လူမှုစီးပွားဘဝများလည်း ဖွံ့ဖြိုးတိုးတက်ခဲ့သည်။ ယခုအခါ ပင်လယ်ပိုင်းဒေသ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မော်လမြိုင်ကျွန်း-လှိုင်းဘုန်း-ပြင်စလူဒေသသို့ ဆက်သွယ်သည့် အဝေးပြေး တာလမ်းမကြီးများနှင့် ချောင်းကူးတံတားများ ဆောက်လုပ်ပြီးစီးနေသော်လည်း အရေးပါသည့် အဝချောင်းမြစ်ကူးတံတား၊ စော်ကဲချောင်းမြစ်ကူးတံတားနှင့် မော်လမြိုင်ကျွန်း မဲဇလီကျေးရွာမြစ်ကူးတံတားတို့မှာ ယနေ့အထိဆောက်လုပ်နိုင်ခြင်းမရှိသေးသဖြင့် ပင်လယ်ပိုင်းထွက်ကုန်များဖြစ်သော နိုင်ငံခြားဈေးကွက်ဝင် ကဏန်းနှင့် ရေထွက်ပစ္စည်းများမှာ မော်လမြိုင်ကျွန်းမြို့သို့ ဆက်သွယ်ပေးပို့ခြင်းမရှိဘဲ လပွတ္တာမြို့မှတစ်ဆင့် မူဆယ်မြို့သို့တိုက်ရိုက်တင်ပို့ပေးနေသည်ဟု သိရသည်။

ပင်လယ်ပိုင်း ထွက်ကုန်များ မော်လမြိုင်ကျွန်း ဈေးကွက်သို့ အချိန်မီ တင်ပို့နိုင်ရေးအတွက် မြစ်ကူးတံတားကြီးများ အမြန်ဆောက်လုပ်ပေးပါရန် ပင်လယ်ပိုင်းဒေသနေပြည်သူများက လိုလားနေကြကြောင်း သိရသည်။

(ရောသား)

တွံတေး၌ ပုလဲသွယ်ဧက ၁၀၀ စံပြကွက် ရိတ်သိမ်း

ရန်ကုန် မေ ၃

ရန်ကုန် တောင်ပိုင်းခရိုင် တွံတေးမြို့နယ် ကရင်ချောင်းကျေးရွာအုပ်စု ကွင်းအမှတ်(၆/ခ)ရှိ တောင်သူ ဦးအောင်မျိုး၏ ပုလဲသွယ် ၅ ဧက စိုက်ခင်း၌ စံကွက်ရိတ်သိမ်းပွဲကို မေ ၁ ရက်က ကျင်းပသည်။

အဆိုပါ ပုလဲသွယ် ဧက ၁၀၀ စံပြကွက် စံကွက်ရိတ်သိမ်းပွဲအခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသိန်းဇော်မြင့်နှင့် ဒေါက်တာအုန်းကြွယ်တို့က ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးကိုကိုကြီးက ပုလဲသွယ်စပ်မျိုးစပါး စိုက်ပျိုးရေးနည်းပညာဆိုင်ရာများနှင့် ဈေးကွက်အလားအလာများကို လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

တောင်သူ ဦးအောင်မျိုး၏ ပုလဲသွယ် ငါးဧက စိုက်ခင်း၌ ရိတ်သိမ်း ခြွေလှေ့စက်ဖြင့် စံကွက် ရိတ်သိမ်းရာ တစ်ဧက အထွက်နှုန်း အမြင့်ဆုံး ၁၇၂ ဒသမ ၁၁ တင်းနှုန်း (အစို) ထွက်ရှိခဲ့ပြီး ပျမ်းမျှ အထွက်နှုန်း ၁၄၄ ဒသမ ၅၅ တင်း(အစို) ထွက်ရှိကြောင်း သိရသည်။

(၀၁၉)

MAY 9.12

(ရောင်းမည်)
လေဆိပ်လမ်းမပေါ်ရှိ
အောင်ဇေယျလမ်း နှင့် လေဆိပ်လမ်းသထောင့်၌
၄၄/၂(ဗရန်)၊ မရမ်းကုန်းမြို့နယ်။(ကျောက်ရေတွင်း)
Sq ၃၃၇၆ စ/ပေ (သိန်း ၆၀၀၀)
ဖုန်း-၀၉ ၅၃၂ ၄၂၂၅၅

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ မြေကွက်အမှတ်(ဥ-၆၀၇၁) ပေ(၈၀×၈၀) အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးကို ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်၍ ယင်းမြေကွက်၏ တန်ဖိုးငွေအနက်မှ တစ်စိတ်တစ်ဒေသကို လက်ရှိပိုင်ဆိုင်သူ ဒေါ်ချောငွေး ၁၄/ပပတ(နိုင်)၀၈၉၇၉၄အား စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေက အဆိုပါမြေနှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်အားလုံးကို အပြီးအပိုင်လွှဲပြောင်းလက်ခံဝယ်ယူမည်ဖြစ်သဖြင့် ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းများနှင့်အတူ ကျွန်ုပ်ထံဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံဖြစ်စေ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အကျိုးသက်ဆိုင်သူကင်းရှင်းသည်ဟုမှတ်ယူ၍ ဖော်ပြပါမြေနှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်အားလုံးကိုဝယ်ယူ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုခြင်း၊ အမည်ပြောင်းလျှောက်ထားခြင်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-

ဦးချစ်ဖြူ
အထက်တန်းရှေ့နေ(စဥ-၄၀၃၁၈)
အမှတ် ၃၂၈၆၊ ပုဂံ (၁)လမ်း၊ ရာဇသင်္ဂဟအိမ်ရာအမှတ် (၂)၊ ဥတ္တရသီရိမြို့နယ်

ကြက်ခြေနီလူငယ်နှင့် ကင်းထောက်လူငယ်သင်တန်းဖွင့်

လှိုင်လင် မေ ၃

နွေရာသီကျောင်းအားလပ်ရက်တွင် ကျောင်းသားလူငယ်များ အသိပညာ အတတ်ပညာဗဟုသုတများ တိုးပွားစေရန်၊ စုပေါင်းအားဖြင့် လည်းကောင်း၊ တစ်ဦးတစ်ယောက်ချင်းသော်လည်းကောင်း အများအကျိုးကို ကူညီဆောင်ရွက်တတ်စေရန် စသည့်ကောင်းမြတ်သော ရည်ရွယ်ချက်များဖြင့် ကြက်ခြေနီလူငယ်နှင့် ကင်းထောက်လူငယ်သင်တန်းများကို ပညာရေးဌာနကကြီးမှူး၍ ဖွင့်လှစ်ပေးလျက်ရှိသည်။

လှိုင်လင်မြို့နယ်၌ ကြက်ခြေနီလူငယ်နှင့် ကင်းထောက်လူငယ်သင်တန်းကို မေ ၂ ရက် နံနက် ၁၀ နာရီက အမှတ်(၁)အခြေခံပညာ အလယ်တန်းကျောင်း၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးဇော်၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအောင်ထွေးတို့က အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းသို့ ကျောင်းသားလူငယ် ၂၂၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ မေ ၂ ရက်မှ ၁၁ ရက်အထိ ဖြစ်ကြောင်း သိရသည်။

မိုးလွင်ဦး(လှိုင်လင်)

ကြော်ငြာ

ဂုဏ်ယူဝမ်းမြောက်ခြင်း

၃.၅.၂၀၁၄ ရက်နေ့၊ နေပြည်တော်တွင်ကျင်းပသည့် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ပွဲ အခမ်းအနား၌ ၂၀၁၂–၂၀၁၃ အခွန်စည်းကြပ်နှစ်တွင် နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတော်ဝန် အများဆုံး သယ်ပိုးထမ်းဆောင်ခဲ့သည့် **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်** (UMFCCI) ၏ **နာယက၊ ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း** အား နိုင်ငံတော်သမ္မတ၏ **"အထူးဂုဏ်ထူးဆောင် နိုင်ငံ့စွမ်းဆောင်ရည်ဆု" (နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတော်ဝန်အများဆုံး သယ်ပိုးထမ်းဆောင်ခဲ့သည့်လုပ်ငန်းရှင်ဆု)** ကို ထပ်ဆင့်ဂုဏ်ပြုချီးမြှင့်ခံရခြင်းအတွက် အထူးဂုဏ်ယူ ဝမ်းမြောက်ပါကြောင်းနှင့် နောင်နှစ်များတွင်လည်း ယခုကဲ့သို့ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာအများဆုံး ထမ်းဆောင်နိုင်ပြီး နိုင်ငံ့အကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီး၌ ဆထက်ထမ်းပိုးတိုး၍ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

ဥက္ကဋ္ဌနှင့်ဗဟိုအလုပ်အမှုဆောင်/ အလုပ်အမှုဆောင်အဖွဲ့
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှု
လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

ဧပြီ ၃၀ ရက်က နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် အေလာကျေးလက်ဈေးနှင့် သာဝတ္တိကျေးလက်ဈေးတို့တွင် မီးဘေးကာကွယ်ရေး ဟောပြောခြင်းနှင့် မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြခြင်းကို မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်ဦး၊ လယ်ဝေးမြို့ သီရိရတနာဈေးတာဝန်ခံ ဦးသိန်းဇော်၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် ဈေးဝန်ထမ်းများ၊ ဈေးသူဈေးသားများ ပါဝင်ဆောင်ရွက်စဉ်။ (၁၅၄)

ဌာနဆိုင်ရာ

ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီ၏ ၂၀၁၄ ခုနှစ် မတ်လအတွင်း ပြုပြင်ဆောင်ရွက်ပေးမှုများအား ထုတ်ပြန်ကြေညာ

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကူးသန်းရောင်းဝယ်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန စီးပွားရေးပြုပြင်ပြောင်းလဲမှုကဏ္ဍ ဆောင်ရွက်ချက်များ

ယခင် တင်ပို့တင်သွင်းခွင့်ကန့်သတ်ထားသည့် ပစ္စည်းများအား အမယ်အလိုက်သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းစိစစ်၍ အဆင့်ဆင့်ဖြေလျှော့ တင်ပို့/တင်သွင်းခွင့်ပြုခဲ့ပါသည်-

(က) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၁၃-၃-၂၀၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၁၄) ဖြင့် နိုင်ငံပိုင် စီးပွားရေးအဖွဲ့အစည်းများက ဖြစ်စေ၊ ပုဂ္ဂလိကပို့ကုန်/သွင်းကုန်လုပ်ငန်းရှင်များကဖြစ်စေ၊ ပြည်ပသို့ တင်ပို့သည့် ကုန်ပစ္စည်းများအားလုံးအပေါ်တွင် ပို့ကုန်လိုင်စင်ကြေး ကင်းလွတ်ခွင့်ပြုပြီးဖြစ်၍ ပို့ကုန်လိုင်စင်လျှောက်ထားရန် လိုအပ်သည့် ကုန်ပစ္စည်းများကို အကြောင်းအမျိုးမျိုးကြောင့် ပြည်ပသို့တင်ပို့ခြင်းမပြုနိုင်ပါက ပို့ကုန်လိုင်စင် ပြန်လည်အပ်နှံရာတွင် ကောက်ခံသည့် ပို့ကုန်လိုင်စင် အပ်နှံကြေးပေးဆောင်ရခြင်းအား ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရန် အလို့ငှာ ကင်းလွတ်ခွင့်ပြုကြောင်း အမိန့်ကြော်ငြာစာထုတ်ပြန်ခဲ့ပါသည်။

(ခ) ဝါနှင့် ဝါဂွမ်းပစ္စည်း (ဝါဂွမ်း၊ ချည်မျှင်) ကို ယခင်အမိန့်အမှတ် (၁၀/၉၉)ဖြင့် ပြည်ပသို့ တင်ပို့ခွင့်မပြုကြောင်း ထုတ်ပြန်ထားရာမှ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၁၈-၃-၂၀၁၄ ရက်စွဲပါ အမိန့်အမှတ် (၁၄/၂၀၁၄)ဖြင့် ဝါနှင့် ဝါထွက်ပစ္စည်း (ဝါဂွမ်း၊ ချည်မျှင်)ကို ပြည်ပသို့ တင်ပို့ခွင့်ပြုသောပစ္စည်းအဖြစ် ခွင့်ပြုခဲ့ပါသည်။

ငွေလဲနှုန်းတည်ငြိမ်ရေးအတွက် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နေ့စဉ်ငွေလဲနှုန်းများ၊ အပတ်စဉ်ငွေလဲနှုန်းများ ရယူပြုစုစုဆောင်းပြီး နေ့စဉ်ပုံမှန် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ကုန်သွယ်မှုပမာဏအနေဖြင့် ၁-၄-၂၀၁၃ မှ ၁-၄-၂၀၁၄အထိ အမေရိကန်ဒေါ်လာ ၂၄၀၅၈ ဒသမ ၉၃၉ ဒေါ်လာသန်း ဆောင်ရွက်နိုင်ခဲ့ပြီး ယခင်နှစ်ကထက် အမေရိကန်ဒေါ်လာသန်း ၆၃၇၇ ဒသမ ၃၂၃ ဒေါ်လာသန်း ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ပါသည်။

၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန

ဈေးကွက်ရရှိရေးအတွက် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့တွင် ၂၈-၂-၂၀၁၄ ရက်မှ ၂-၃-၂၀၁၄ ရက်အထိ ဒေသထွက်ကုန်ပြပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပခဲ့ရာ ဒေသထွက်ကုန်ပြခန်းပေါင်း ၈၆ ခန်းပြသခဲ့ပါသည်။ ထို့ပြင် ဒေသထွက်ကုန်များ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် အသေးစား အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပခဲ့ပါသည်။

ရှမ်းပြည်နယ်တွင် ၁-၃-၂၀၁၄ ရက်တွင် လားရှိုးမြို့၌လည်းကောင်း၊ ၁၃-၃-၂၀၁၄ ရက်တွင် တောင်ကြီးမြို့၌လည်းကောင်း ဒေသထွက်ကုန်များ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် အသေးစား အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပခဲ့ပါသည်။

မကွေးတိုင်းဒေသကြီး မကွေးမြို့တွင် ၂၁-၃-၂၀၁၄ ရက်တွင် ဒေသထွက်ကုန်များ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် အသေးစား အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပခဲ့ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့တွင် ၂၄-၃-၂၀၁၄ ရက်မှ ၂၆-၃-၂၀၁၄ ရက်အထိ ဒေသထွက်ကုန်ပြပွဲနှင့်အလုပ်ရုံဆွေးနွေးပွဲကျင်းပခဲ့ရာ ဒေသထွက်ကုန်ပြခန်းပေါင်း ၅၄ ခန်း ပြသခဲ့ပါသည်။ ထို့ပြင် ဒေသထွက်ကုန်များ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် အသေးစား အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပခဲ့ပါသည်။

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင်တွင် စီးပွားရေးတိုးတက်မှု၊ စီမံခန့်ခွဲမှုမြှင့်တင်မှုဆိုင်ရာ Business Development Management(BDG) သင်တန်းကို ၂၃-၃-၂၀၁၄ ရက်မှ ၂၆-၃-၂၀၁၄ ရက်အထိ ဖွင့်လှစ်ခဲ့ရာ အဆိုပါ သင်တန်းသို့ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနမှ ၂၈ ဦး၊ ကူးသန်းရောင်းဝယ်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနမှ နှစ်ဦး၊ အခြားဌာနဆိုင်ရာမှ ၂၅ ဦး၊ မီးသတ်ဦးစီးမှတစ်ဦး၊ ပြည်ခိုင်ဖြိုးမှနှစ်ဦး၊ လုပ်ငန်းရှင်များမှ ၂၂ ဦး စုစုပေါင်း ၈၀ တက်ရောက်ခဲ့ပါသည်။

၃။ စိုက်ပျိုးရေးဦးစီးဌာန

ဗီယက်နမ်နိုင်ငံသို့ သီးနှံထုတ်ကုန်များတင်ပို့ခွင့်ရရှိရေး ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ၃၁-၃-၂၀၁၄ ရက်အထိ ယာယီတင်ပို့ခွင့်ရရှိခဲ့ပြီးဖြစ်ပါသည်။

၁-၄-၂၀၁၄ ရက်မှ စတင်ပြီးအမြဲတမ်းတင်ပို့ခွင့်ရရှိရန် လိုအပ်သည့် document များကိုပူးတွဲလျက် ဗီယက်နမ်နိုင်ငံ NAFIQAD သို့ ထပ်မံပေးပို့ခဲ့ပြီးဖြစ်သည့်အပြင် မြန်မာနိုင်ငံဆိုင်ရာဗီယက်နမ် သံအမတ်ကြီးထံသို့လည်း သံတမန်နည်းလမ်းဖြင့် ဆက်လက်ဆောင်ရွက်နိုင်ရန် ထပ်မံပေးပို့ခဲ့ပြီးဖြစ်ပါသည်။

၂၁-၂-၂၀၁၄ ရက်တွင် ဗီယက်နမ်နိုင်ငံဘက်မှ ထပ်မံသိရှိလိုသော နှစ်ချက်ဖြစ်သည့်-

(က) Procedure of Controlling chemical, heavy metal residue and microbiological contamination on foodstuff of plant origin for export to Vietnam.

(ခ) Criteria analyzed and residue there of on each crop during the monitoring program ကို သီးနှံကာကွယ်ရေးဌာနခွဲမှ ပေးပို့ခဲ့ပြီး ဖြစ်ပါသည်။

ဗီယက်နမ်နိုင်ငံ NAFIQAD မှ တာဝန်ရှိပုဂ္ဂိုလ် နှစ်ဦး မြန်မာနိုင်ငံသို့ လာရောက် ဆွေးနွေးညှိနှိုင်း ဆောင်ရွက်ရန်အတွက် ဗီယက်နမ်နိုင်ငံမှ မြန်မာနိုင်ငံသို့ လာရောက်မည့် လေယာဉ်ခနှင့် အခြားစားစရိတ်များ ကျခံပေးပါရန် ၂၁-၂-၂၀၁၄ ရက်တွင် မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းသို့ ညှိနှိုင်းအကြောင်းကြားစာ ပေးပို့ခဲ့ပါသည်။

မြန်မာနိုင်ငံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဆန်စပါး၊ ပြောင်းနှင့် လယ်ယာထွက်ကုန်ပစ္စည်းများ တင်ပို့ရောင်းချရာတွင် တရုတ်နိုင်ငံမှ ချမှတ်ထားသည့် လုပ်ငန်းစဉ်များကို တရုတ်နိုင်ငံ ကုန်ပစ္စည်းအရည်အသွေး ထိန်းချုပ်ရေး၊ စစ်ဆေးရေးနှင့် ပိုးမွှားကင်းစင်ရေးအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့ (AQSIQ) နှင့် သက်ဆိုင်သည့် လိုအပ်ချက်များ၊ မေးခွန်းများကို အလွတ်သဘောဘာသာပြန်၍ ပေးပို့ခဲ့ပါသည်။ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ လယ်ယာထွက်ကုန်ပစ္စည်းများ တရားဝင်တင်ပို့ခွင့်ရရှိရန် (AQSIQ) နှင့် လိုအပ်သည်များကို ညှိနှိုင်း၍ နှစ်နိုင်ငံသဘောတူညီချက် လက်မှတ်ရေးထိုးနိုင်ရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် သံတမန်နည်းလမ်းအရ ဆက်သွယ်ဆောင်ရွက်နိုင်ရန် ညွှန်ကြားရေးမှူးချုပ်မှ ပြည်ထောင်စုဝန်ကြီးထံ တင်ပြထားပြီးဖြစ်ပါသည်။

(ဆက်လက်ဖော်ပြပါမည်)

နတ်မောက်တွင် GSM တာဝါတိုင်များ တိုးချဲ့တည်ဆောက်ပြီးစီး

နတ်မောက် မေ ၃

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်တွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ကျပ်နှစ်သိန်းတန်နှင့် ၁၅၀၀တန်တန်ဖိုးနည်း မိုဘိုင်းဖုန်းများရောင်းချပေးသဖြင့် ကျေးလက်နေပြည်သူများအထိ သုံးစွဲလျက်ရှိသည်။ တယ်လီဖုန်းဆက်သွယ်မှုအဆင်ပြေစေရန်အတွက် နတ်မောက်မြို့ မိုက္ကရိုဝေ့ဖ်အတွင်းတွင် ဆက်သွယ်ရေးတာဝါတိုင် တစ်ခု၊ နတ်မောက်မြို့နှင့် ၁၄ မိုင်ဝေးသော ရွာမွန်ကျေးရွာတွင် အမြင့် ၅၂ မီတာရှိ တာဝါတိုင်တစ်ခု၊ မြို့နှင့် မိုင် ၃၀ ခန့်ဝေးသော စိုင်ဂေါင်းကျေးရွာတွင် အမြင့် ၄၂မီတာရှိသော တာဝါတိုင်တစ်ခု တည်ဆောက်အသုံးပြုလျက်ရှိကြောင်း သိရသည်။ ယခုအခါတန်ဖိုးနည်းဖုန်းများ ခွဲဝေချထားမှုအရ တယ်လီဖုန်းအသုံးပြုသူများပြားလာသည့်အလျောက် တယ်လီဖုန်းလိုင်းကျပ်မှုများ မကြာခဏဖြစ်ပေါ်လေ့ရှိသည်။ ပြည်သူများတယ်လီဖုန်းဆက်သွယ်မှု ပိုမိုကောင်းမွန်စေရန်အတွက် နတ်မောက်မြို့နယ် သမှုန်းကုန်းကြီးကျေးရွာ၊ ထန်းပင်ကုန်းကြီးကျေးရွာ၊ ဂွေးကုန်းကျေးရွာတို့တွင် ABCကုမ္ပဏီမှ ဆက်သွယ်ရေးတာဝါတိုင်များ တည်ဆောက်လျက်ရှိကြောင်း၊ မကြာမီစတင်အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း ဆက်သွယ်ရေး တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။ **(၁၂၇)**

သီပေါမြို့နယ်၌ ကင်းထောက်လူငယ်များနှင့် ကြက်ခြေနီသင်တန်းဆင်း

သီပေါ မေ ၂

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့ အခြေခံပညာအထက်တန်းကျောင်း မြညီလာခန်းမ၌ မေ ၁ ရက် နံနက် ၁၀ နာရီက ကင်းထောက်လူငယ်များနှင့် ကြက်ခြေနီသင်တန်းဆင်းပွဲကျင်းပရာ သင်တန်းကြီးကြပ်မှုကော်မတီနာယက မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်မြင့်မြင့်က သင်တန်းတွင် တွေ့ကြုံရသည့်လုပ်ငန်းစဉ်များကို ပြန်လည်သုံးသပ်ဆွေးနွေးသည်။ ထို့နောက် သင်တန်းတွင် ထူးချွန်သူများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်ကလည်းကောင်း၊ သင်တန်းနည်းပြဆရာများက လက်ဆောင်ပစ္စည်းများနှင့် ဂုဏ်ပြုလွှာများကို မြို့နယ်ပညာရေးမှူး ဒေါ်မြင့်မြင့်နှင့်တာဝန်ရှိသူများကလည်းကောင်း တစ်ဦးချင်းပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

နေ့စဉ်သတင်းစာများတွင် စာဖောင်များ စီစဉ်တကျညှပ်သွင်းခြင်းလုပ်ငန်းအတွက် လုပ်ငန်းရှင်များ ဖိတ်ခေါ်ခြင်း

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကိုယ်ပွားသတင်းစာတိုက်၊ မန္တလေးမှ နေ့စဉ်ပုံနှိပ်သည့် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများတွင် သတ်မှတ်ချိန်အတွင်း စာဖောင်များ စီစဉ်တကျ ညှပ်သွင်းခြင်းလုပ်ငန်းအတွက် လုပ်ငန်းဆောင်ရွက်လိုသူလုပ်ငန်းရှင်များ အောက်ဖော်ပြပါ လိပ်စာ၊ ဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ပါသည်။

လုပ်ငန်းဆောင်ရွက်ခအား နှစ်ဖက်ညှိနှိုင်းပေးချေသွားမည်ဖြစ်ပြီး ဆောင်ရွက်လိုသူ (၁)ဦးထက်ပိုပါက ဈေးပြိုင်စနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

စာတည်းမှူး၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
ကိုယ်ပွားသတင်းစာတိုက်၊ မန္တလေးမြို့
၂၀×၂၁လမ်းကြား၊ ၈၂×၈၃လမ်းကြား
ဖုန်း-၀၂-၇၃၂၁၉

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေး
အင်ဂျင်နီယာဌာန
(အခြေစိုက်အလုပ်ရုံ-၃၊ မရမ်းကုန်း)

အခြေခံယာဉ်မောင်းသင်တန်းကို ၂-၅-၂၀၁၄ ရက် (စနေ၊ တနင်္ဂနွေ) အထူးသင်တန်းကို ၄-၅-၂၀၁၄ ရက်တွင်ဖွင့်ပါမည်။ ၂၂-၄-၂၀၁၄ ရက်မှစ၍ စာရင်းပေးသွင်းနိုင်သည်။

သင်တန်းသားဦးရေကန့်သတ်ထားသည်။

အခြေခံလျှပ်စစ်ဂဟေဆက်သင်တန်း၊ အင်ဂျင်သင်တန်း၊ တွင်ခုံသင်တန်းများကို ၂-၅-၂၀၁၄ ရက်တွင်ဖွင့်လှစ်ပါမည်။

ဆက်သွယ်ရန်ဖုန်း- ၆၆၀၈၅၁

ကချင်ပြည်နယ်အစိုးရအဖွဲ့
စည်ပင်သာယာရေးဝန်ကြီးဌာန
ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့
အငယ်တန်းအင်ဂျင်နီယာ-၃ (မြို့ပြ/စက်မှု)
(၉၃၀၀၀-၁၀၀၀-၉၈၀၀၀)ရာထူးနေရာများအတွက်
လျှောက်လွှာခေါ်ယူခြင်း

အငယ်တန်းအင်ဂျင်နီယာ-၃ (မြို့ပြ) ရာထူး (၃၀)နေရာနှင့် အငယ်တန်းအင်ဂျင်နီယာ-၃(စက်မှု)ရာထူး (၅)နေရာအတွက် အောက်ပါအရည်အချင်းရှိသူများ လျှောက်ထားနိုင်ပါသည်။

၁။ တည်ဆဲနိုင်ငံသားဖြစ်မှုဥပဒေနှင့်ကိုက်ညီသော နိုင်ငံသားဖြစ်ရမည်။
၂။ အငယ်တန်းအင်ဂျင်နီယာ-၃(မြို့ပြ)ရာထူးအတွက် A.G.T.I (Civil) (သို့မဟုတ်) B.Tech (Civil) (သို့မဟုတ်) B.E (Civil) ဘွဲ့လက်မှတ်ရရှိပြီးသူများ လျှောက်ထားနိုင်ပြီး၊ အငယ်တန်းအင်ဂျင်နီယာ-၃ (စက်မှု)ရာထူးအတွက် A.G.T.I (Mechanical) (သို့မဟုတ်) B.Tech(Mechanical) (သို့မဟုတ်) B.E (Mechanical) ဘွဲ့လက်မှတ်ရရှိပြီးသူများ ဖြစ်ရမည်။
၃။ ၂၀၁၄ခုနှစ် မေ ၃၁ရက်တွင် အသက် ၃၀ထက် မကျော်လွန်သူဖြစ်ရမည်။
၄။ အခြားဌာနဝန်ထမ်းဖြစ်ပြီးပါက သက်ဆိုင်ရာဌာနအကြီးအကဲ၏ ခွင့်ပြုချက်ပူးတွဲတင်ပြရမည်။
၅။ ကချင်ပြည်နယ်အတွင်း ဒေသမရွေးသွားရောက် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
၆။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များပူးတွဲတင်ပြရမည်။
(က) တစ်လအတွင်း ရိုက်ကူးထားသော လိုင်စင်ဓာတ်ပုံ (၅)ပုံ
(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
(ဂ) အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ
(ဃ) အခြေခံပညာအထက်တန်းကျောင်းအောင်လက်မှတ်မိတ္တူ
(င) ဘွဲ့လက်မှတ်(သို့မဟုတ်)အောင်လက်မှတ်မိတ္တူ
(စ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်ထောက်ခံချက်
(ဆ) ပြစ်မှုကင်းရှင်းကြောင်း ရဲစခန်းထောက်ခံချက်
(ဇ) အမြဲတမ်းနေရပ်လိပ်စာနှင့်ဆက်သွယ်ရန် ဖုန်းနံပါတ်
၇။ လျှောက်ထားလိုသူများသည် မိမိတို့၏ကိုယ်တိုင်ရေးလျှောက်လွှာနှင့်အတူ ၁၀-၅-၂၀၁၄ ရက်မှစ၍ ၃၁-၅-၂၀၁၄ရက် ညနေ ၄း၀၀နာရီ နောက်ဆုံးထား၍ ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတွင် ရုံးချိန်အတွင်း လာရောက်လျှောက်ထားရမည်။
၈။ လျှောက်ထားသူများသည် လူတွေ့စာမေးပွဲဖြေဆိုရမည်ဖြစ်ပြီး စာမေးပွဲကျင်းပမည့်ရက်ကို ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ရုံးတွင် ထုတ်ပြန်ထားမည်ဖြစ်ပါသည်။
၉။ အသေးစိတ်သိရှိလိုပါက ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံး ဖုန်း-၀၇၄-၂၆၀၆၃၊ ၂၂၂၄၈ တို့သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့

အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ရက်ပြင်ဆင်သတ်မှတ်ခြင်း

ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၆)၊ စစ်ကိုင်းတိုင်းဒေသကြီးရုံး၊ မုံရွာမြို့မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် အောက်ဖော်ပြပါ ကမ်းပြိုမှုကာကွယ်ရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ရက်ကို အောက်ဖော်ပြပါအတိုင်း ပြင်ဆင်သတ်မှတ်ပါသည်။

စဉ်	လုပ်ငန်းတည်နေရာ	လုပ်ငန်းအမျိုးအစား
(၁)	ဖောင်းပြင်မြို့၊ သရောင်းကျေးရွာ	မျောပိုင်အခြေပြုကျောက်စီနံရံနှင့်တမံအလျား ၃၅၀ ပေ
(၂)	ဖောင်းပြင်မြို့၊ ကူးတို့ဆိပ်	ဘိုးပိုင်အခြေပြုကျောက်စီမြေထိန်းနံရံ
(၃)	ဟုမ္မလင်းမြို့နယ်၊ မှိုင်းကိုင်းကျေးရွာ	မျောတိုင်တန်းကရစ်ကွက် အလျား ပေ ၆၀၀

တင်ဒါပုံစံရယူရမည့်နေရာ - ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဒေသ(၆)၊ စစ်ကိုင်းတိုင်းဒေသကြီးရုံး၊ မုံရွာမြို့
တင်ဒါပုံစံယူရမည့်ရက် - ၁-၄-၂၀၁၄ ရက်မှ ၇-၅-၂၀၁၄ ရက်အထိ
တင်ဒါတင်သွင်းရမည့်ရက်/အချိန် - ၈-၅-၂၀၁၄ ရက် (ကြာသပတေးနေ့)၊ ၁၄း၀၀နာရီ
တင်ဒါဖွင့်လှစ်မည့်ရက်/အချိန် - ၁၂-၅-၂၀၁၄ ရက် (တနင်္လာနေ့)၊ ၁၀း၀၀ နာရီ

ဌာနမှရေးဆွဲထားသည့် ဒီဇိုင်းပုံစံဖြင့် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ အိတ်ဖွင့်တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များ၊ ပစ္စည်းလိုအပ်ချက်နှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၆)၊ စစ်ကိုင်းတိုင်းဒေသကြီးရုံး၊ ဖုန်း-၀၇၁-၂၁၁၆၂၊ ၂၃၂၄၉တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

ဗြိတိသျှကောင်စီမှပညာသင်ထောက်ပံ့ကြေးပေးမည်

ရန်ကုန် မေ ၃

မြန်မာနိုင်ငံအပါအဝင် အရှေ့အာရှမှကျောင်းသားများကို နိုင်ငံတကာ ပညာရေးအတွေ့အကြုံပိုမိုရရှိစေရန်အတွက် ဗြိတိသျှကောင်စီက ယခုနှစ်မှ စတင်ကာ IELTS Scholarship များ နှစ်စဉ်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါပညာသင်ထောက်ပံ့ကြေး မြန်မာနိုင်ငံမှကျောင်းသား နှစ်ဦးနှင့်အရှေ့အာရှနိုင်ငံများမှကျောင်းသားသုံးဦးကိုရွေးချယ်၍တစ်ဦးလျှင် စတာလင်ပေါင် ၂၅၀၀ (အမေရိကန်ဒေါ်လာ ၄၁၀၀ ခန့်) အထိပေးအပ်သွားမည်ဖြစ်ကြောင်း၊ ၎င်းတို့တက်မည့်ကျောင်းသို့တိုက်ရိုက်ငွေကြေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။ အရှေ့အာရှနိုင်ငံများတွင် မြန်မာ၊တရုတ်၊ ဟောင်ကောင်၊ အင်ဒိုနီးရှား၊ ဂျပန်၊ ကိုရီးယား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်ဝမ်၊ ထိုင်းနှင့်ဗီယက်နမ်နိုင်ငံတို့ပါရှိသည်။ ပညာသင်ထောက်ပံ့ခြင်းနှင့်ပတ်သက်သည့် လျှောက်လွှာနှင့် အသေးစိတ်အချက်အလက်များကို ဗြိတိသျှကောင်စီဝက်ဘ်ဆိုက် http; // www. british council.org. mm/ielts-scholarship ၌ download ရယူနိုင်ပြီး ဖြည့်သွင်းပြီးသော လျှောက်လွှာများကို ဇွန် ၆ ရက် မတိုင်မီပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။ IELTS စာမေးပွဲကို စိတ်ဝင်စား၍ သိရှိလိုပါက www. takeielts.org တွင် ကြည့်ရှုနိုင်ကြောင်း သိရသည်။

မြတ်စန္ဒီသင်းဇော်

မော်လူး၌ ဒုတိယအကြိမ်စာပေဟောပြော

အင်းတော် မေ ၃

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဒက္ခိဏာရာမဘုရားကြီး ကျောင်းတိုက်တွင် စာပေချစ်မြတ်နိုးသူများ ပူးပေါင်း၍ ဒုတိယအကြိမ် စာပေဟောပြောပွဲကို ကျင်းပရာ ဧပြီ ၂၇ ရက် ညတွင် ဆရာကာတွန်း ဝင်းအောင်က ခေတ်သုံးခေတ်ရဲ့အသံခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆရာမာန် (တောင်လုံးပြန်)က ရယ်စရာမောစရာ သရော်စာများ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဆရာကိုတင်မြင့် (ပန်းဒကာ)က လျှော့မတွက်နဲ့ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဧပြီ ၂၈ ရက်ညတွင် ဆရာမ မိချမ်းဝေက စာရေးသူနှင့်သူဖန်တီးသည့် အနုပညာခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆရာကိုလေးမြတ်က ဒီမိုကရေစီကိုလေးမြတ်ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြသည်။ စာပေဟောပြောပွဲသို့ မော်လူးဒေသ ကိုးတိုက်နယ် ၁၀ အုပ်စုရှိ ကျေးရွာများမှ စာပေချစ်မြတ်နိုးသူ ဝါသနာရှင်များက လာရောက်အားပေးခဲ့ကြကြောင်း သိရသည်။

နီတိုး

အခြေခံစာရင်းရေးသွင်းနည်းရက်တိုသင်တန်းဖွင့်

ဂန့်ဂေါ မေ ၃

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ် မြို့နယ်သမဝါယမ ဦးစီးဌာနမှ စီစဉ်ဆောင်ရွက်သော သမဝါယမအသင်းများ အခြေခံစာရင်းရေးသွင်းနည်းရက်တိုသင်တန်းကို ဧပြီ ၂၇ ရက်မှ ၂၉ ရက်အထိ ဖွင့်လှစ်သင်ကြားပို့ချခဲ့ရာ သင်တန်းသို့ အခြေခံသမဝါယမအသင်းများမှ အမှုဆောင် ဒါရိုက်တာ ၂၅ ဦးတို့ သင်တန်းသားအဖြစ် တက်ရောက်ခဲ့ကြပြီး မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကိုတင့်၊ ဦးစီးမှူး ဦးမြင့်နိုင်နှင့် ဌာနခွဲစာရေး ဒေါ်ခင်ကြည်ကြည်ဝင်းတို့က သမဝါယမလုပ်ငန်းများ၊ အခြေခံစာရင်းရေးသွင်းနည်းနှင့်ရုံးစာ ရေးသားနည်း ဘာသာရပ်များကို သင်ကြားပို့ချသည်။

ကြီးမြင့်နိုင်(လှိုင်ကော်)

ကျေးလက်ဖွံ့ဖြိုးရေး အထောက်အကူပြု
ဆည်ကြီး၊ ဂဇက်၊ ယုဇလယ်ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ပြီးစီး

ကလေးဝ မေ ၃

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့နယ် မဟာမြိုင်လမ်းမနှင့် ချင်းတွင်းမြစ်အကြားတွင် ကျေးရွာပေါင်း ၅၀ ကျော်ရှိပြီး လူဦးရေ ၂၂၀၀၀ ကျော် နေထိုင်ကြကာ ချင်းတွင်းမြစ်ရေလမ်းကြောင်းကိုသာ အားကိုးအားထား အသုံးပြုကြသည်။

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးသာအေး၏ စီစဉ်လမ်းညွှန်မှုဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေမှစုစုပေါင်းကျပ်သန်း ၁၇၅ သန်းကို အသုံးပြုကာ ပန်းမွန်ကုမ္ပဏီကတာဝန်ယူလျက် ဆည်ကြီး-ဂဇက်-ယုဇလယ်ကျေးရွာချင်းဆက်မြေသားလမ်းကို စက်ယန္တရားကြီးများဖြင့် ဖောက်လုပ်ပေးလျက် ရှိရာတွင် ကလေးခရိုင်စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ဦးမောင်ထူးက လမ်းအချောသပ်လုပ်ငန်းဆောင်ရွက်မှုများကို ဧပြီ ၂၉ ရက်က လက်တွေ့ကွင်းဆင်း ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကျေးရွာချင်းဆက်လမ်း ဖောက်လုပ် ဆောင်ရွက်ရာတွင် တစ်ကြောင်းထိုးလမ်းဖြင့် မြေသားလမ်း အရှည်မှာ ၂၁ မိုင်ဖောက်လုပ်ပြီးစီးပြီး ယင်းကျေးရွာချင်းဆက်မြေသားလမ်းသည် ယုဇလယ်၊ ဂုံဂါး၊မှန်ကုန်း၊ ကျွဲခြံ၊ မြို့မ၊ မန်စောင်၊ ချောင်းဆုံ၊ ဂဇက်၊ နောင်ဖနန်၊ ဝက်တိုး၊ မောင်းခါး၊ ခုံပြင်၊ အင်ဒုတ်၊ အပြင်လိပ်ခက်၊ ကင်းနှင့် ဆည်ကြီးကျေးရွာများကို ဖြတ်၍ ဖောက်လုပ်ပေးခြင်းကြောင့် အနီးအနားပတ်ဝန်းကျင်ရှိ ကျေးလက်ဒေသ ကျေးရွာပေါင်း ၅၀ တို့၏ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုလာမည် ဖြစ်သည်။

ကျေးရွာချင်းဆက်မြေသားလမ်းဖောက်ခြင်းကြောင့် ရာသီမရွေး သွားလာနိုင် ဒေသထွက် စပါး၊ ပဲမျိုးစုံ သီးနှံများ အလွယ်တကူတင်ပို့နိုင်

ဆည်ကြီး-ဂဇက်-ယုဇလယ် ကျေးရွာချင်းဆက် မြေသားလမ်းကို ဖောက်လုပ်ပေးခြင်းကြောင့် ယခုချိန်တွင် ကုန်းလမ်းခရီးဖြင့် အချိန်မရွေး၊ ရာသီမရွေးသက်သာလွယ်ကူစွာ သွားလာနိုင်ကြတော့မည်ဖြစ်သည့်အပြင် ကူးသန်းရောင်းဝယ်ရေးတွင်လည်း ကလေးဝ-ရေဦးလမ်းမှတစ်ဆင့် တန့်ဆည်၊ မုံရွာ၊ ရွှေဘို၊ မန္တလေးစသည့် မြို့များသို့ ဒေသထွက်စပါး၊ ပဲမျိုးစုံ စသည့် ကောက်ပဲသီးနှံများကို အလွယ်တကူ တင်ပို့နိုင်ကြတော့မည် ဖြစ်သည်။

ဂျူနိုင်း

◆ ပြည်သူ့အကျိုး ဖော်ဆောင်ဖို့ အခွန်မှန်စွာ ပေးဆောင်စို့ ◆

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေး
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးပိုင် ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ အောက်ပုဇွန်တောင်လမ်း၊ မဟာဗန္ဓုလတံတားအနီး၊ ထင်းပုံဆိပ်၊ မြေတိုင်း ၇ အိုင်၊ မြေကွက် ၁၄/၂၊ (ခရီးသည်ပို့ဆောင်ရေးဌာနခွဲအမှတ် ၁၂)၊ မြေဧရိယာ ၁ ဒသမ ၇၉၇ဧကကို သယ်ယူပို့ဆောင်ရေးကဏ္ဍနှင့် ဆက်စပ်သောလုပ်ငန်းများဆောင်ရွက်ရန် နှစ်ရှည် မြေငှားရမ်းခြင်းအတွက် ပြည်တွင်းလုပ်ငန်းရှင်များသို့ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ **တင်ဒါတင်သွင်းရမည့်နေ့ရက်/အချိန်**	-	၁၂-၆-၂၀၁၄ ရက် (ကြာသပတေးနေ့) နံနက် ၉း၀၀ နာရီမှ ၁၂း၀၀ နာရီအထိ
တင်ဒါစိစစ်မည့်နေရာ	-	ခရီးသည်ပို့ဆောင်ရေးဌာနခွဲ အမှတ် ၁၂၊ အောက်ပုဇွန်တောင်လမ်း (မဟာဗန္ဓုလတံတားအနီး)၊ ထင်းပုံဆိပ်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့
တင်ဒါဖွင့်လှစ်မည့်နေ့ရက်/အချိန်	-	၁၂-၆-၂၀၁၄ ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂း၀၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ခရီးသည်ပို့ဆောင်ရေးဌာနခွဲ အမှတ် ၁၂၊ အောက်ပုဇွန်တောင်လမ်း (မဟာဗန္ဓုလတံတားအနီး)၊ ထင်းပုံဆိပ်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့တွင် ၈-၅-၂၀၁၄ ရက် (ကြာသပတေးနေ့)မှစ၍ တစ်စုံလျှင် ၁၀၀၀၀ိ/- (ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

(ပြန်ကြားရေးဝန်ကြီးဌာန Web Media Portal တွင်လည်း သတင်းဝင်ရောက်ကြည့်ရှုနိုင်ပါသည်။)

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဖုန်း-၀၁-၂၉၁၃၅၂၊ ၀၁-၂၅၂၅၇၃၊ ၀၁-၂၉၁၃၅၃၊ ၀၁-၂၅၂၅၇၄

ဦးရာလူအမြန်ရောင်းမည်

ဘောက်တော် ပြည်သာယာ၊ ဆိတ်ငြိမ်ရပ်ကွက်၊ တိုက်ခန်းဦးရာလူအမြန်ရောင်းမည်။ မိုးကောင်းလမ်းမ ဂုတ်တိုက်၊ မြေညီ ပထမထပ် နှစ်လွှာပေါင်း၊ (၅၃×၁၅) × နှစ်လွှာ စတုရန်းပေ ၁၅၀၀၊ ခေါ်ဈေး ၁၉၅၀ သိန်း။ ညှိနှိုင်းနိုင်သည်။

ဖုန်း-၀၉-၇၃၂၀၃၃၅၆၊ ၀၉-၄၅၀၀၆၄၀၉၉

အများသိစေရန်ကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၄)၊ (၄)ကွက်၊ အိမ်အမှတ် ၃၀ နေ ဦးဂျစ်လားလ်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၃)၊ အကွက်အမှတ်(၄)၊ စာရေးတန်းရပ်၊ ဦးပိုင်အမှတ် ၂၄-က၊ မြေယာအမှတ် ၁၂၁/၂၁၆၊ မြေဧရိယာ ၀ ဒသမ ၀၈၄ ဧကရှိ မြေနှင့်မြေပေါ်ရှိ နေအိမ်၊ လျှပ်စစ်မီတာတို့အား ဂရန်အမည်ပေါက်ပိုင်ဆိုင်သူ ဦးဒါန်ဒါပါနီ မှ သားအရင်းဖြစ်သူ ဦးဂျစ်လားလ် ကို ပြင်ဦးလွင်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ မေတ္တာဖြင့် နေအိမ်ခြံမြေအပေးအကမ်းစာချုပ်ချုပ်ဆို၍ လက်ရောက်ပေးအပ်ခဲ့ပါသည်။ ကျွန်ုပ်၏မိတ်ဆွေမှ အဆိုပါမြေနှင့် နေအိမ်အား ဂရန်အမည်ပြောင်းရန် ပြင်ဦးလွင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဌာနသို့ လျှောက်ထားပြီးဖြစ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ ဦးဂျစ်လားလ် အမည်ဖြင့် ဂရန်လျှောက်ထားခြင်းအား ကန့်ကွက်လိုသူများရှိပါက တရားရုံးဒီကရီ၊ တားဝရမ်းနှင့်တကွ သက်ဆိုင်ရာရုံးများသို့ ဤကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူများမရှိပါက ကျွန်ုပ်မိတ်ဆွေမှ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ပြုလုပ်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဦးဂျစ်လားလ်၏
လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်သာ LL.B
တရားလွှတ်တော်ရှေ့နေ
အမှတ် ၁၂၈၊ ၈ လမ်း၊ (၇)ကွက်၊ ပြင်ဦးလွင်မြို့
ဖုန်း-၀၉-၂၀၄၅၈၇၅၊ ၀၉-၄၀၂၅၀၇၇၈၆၊ ၀၈၅-၂၃၂၄၁

အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ စက်မှုဇုန်(၁)၊ ဓဓ-၇/၆၄၊ ပေ(၄၀×၆၀) မြေကွက်သည် ဦးကိုကိုနိုင် ၁၃/လရန(နိုင်)၀၁၇၂၂၂ ပိုင်ဆိုင်သောမြေကွက်ဖြစ်ပါသည်။

၂၃-၁-၂၀၀၉ ရက်တွင် ဦးကိုကိုနိုင်၏ တူဖြစ်သူ မောင်မောင်အောင်မှ ဦးထွန်းအောင်ကျော် [ဒ-၁/၁၄၆၊ ၆၆လမ်း၊ ၃၈×၃၉ကြား မဟာမြိုင်(၁)၊ မဟာအောင်မြေမြို့နယ်နေသူ]ထံမှ ငွေကျပ် သိန်း ၁၀၀ ချေးယူရာတွင် ဦးကိုကိုနိုင်မှ မိမိပိုင် ဓဓ-၇/၆၄ မြေကွက်၏ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများကို ဦးထွန်းအောင်ကျော်ထံသို့ အာမခံ(အပေါင်)အဖြစ် ခေတ္တအပ်နှံထားခဲ့ပါသည်။ ရောင်းချခဲ့ခြင်းမဟုတ်ပါ။ ဓဓ-၇/၆၄ မြေကွက်မှာ ယနေ့ထိ ဦးကိုကိုနိုင်၏ လက်ဝယ်တွင် ရှိနေပါသည်။

သို့ဖြစ်ပါ၍ ဓဓ-၇/၆၄မြေကွက်အား ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ပေါင်နှံခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမျိုးလုံးဝမပြုလုပ်ပါရန် အသိပေးတားမြစ်အပ်ပါသည်။ တားမြစ်ချက်ကို ဖောက်ဖျက်ပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးကိုကိုနိုင် ၁၃/လရန(နိုင်)၀၁၇၂၂၂
ဆ-၇/၃၂၊ သုခဝတီလမ်း၊ ၇၀×၇၁ကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့

ကန့်ကွက်နိုင်ပါကြောင်း

လောင်းလုံမြို့နယ်၊ ငပိဒတ်ငယ်ကျေးရွာ၊ ထားဝယ်မြို့၊ ဆိပ်ကမ်းငယ်အနီးရှိ ဧက ၂၀ မြေအား မြေပိုင်ရှင်ဖြစ်သူ ဦးကျော်ကျော် ၆/ထဝန(နိုင်)၀၇၇၄၅၁ ထံမှ ကျွန်ုပ်က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်ဝက်တိတိကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက ဤကြော်ငြာသည့်ရက်မှစ၍ ၁၄ ရက်အတွင်း စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခိုင်မဉ္ဇူလတ် ၁၂/ဗဟန(နိုင်)၀၀၀၉၄၀
ဖုန်း-၀၉-၅၁၇၇၁၇၆

နေ့စဉ်ထုတ်သတင်းစာများ နေ့စဉ်အချိန်မှန်ဖတ်ရ

မြင်းမူ မေ ၃

နိုင်ငံတော်အစိုးရသစ် လက်ထက် ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်သူကို ဗဟိုပြုသော အနှစ်သာရရှိသော ပြောင်းလဲမှုများဖြင့်ပြောင်းလဲကျင့်သုံး၍ ထိရောက်သော ဝန်ဆောင်မှုအသစ်များဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မန္တလေးကိုယ်ပွားသတင်းစာတိုက်မှ သတင်းစာပေးပို့ခြင်းကို ဧပြီ ၂၉ ရက်မှစ၍ မြို့နယ်ကိုယ်စားလှယ်များ လက်ဝယ်အရောက် ဆောင်ရွက်ပေးခဲ့ရာ မြင်းမူမြို့အတွင်း နံနက် ၆ နာရီခွဲအရောက် ကိုယ်ပွားသတင်းစာတိုက်ကားဖြင့် ပို့ဆောင်မှုများစတင်လုပ်ဆောင်နေပြီဖြစ်သည်။

နေ့စဉ်ထုတ် သတင်းစာကို နေ့ချင်းဖတ်ရ၍ မှာယူသူများက ပိုမိုမှာယူရန် စုံစမ်းလျက်ရှိကြောင်း သိရသည်။ သတင်းစာကိုယ်စားလှယ်မှတစ်ဆင့် ဖြန့်ဝေပို့ဆောင်နေသူ မြင်းမူမြို့ အောင်ဇေယျကွက်သစ်မှ ဦးကျော်ဝင်းက "ကျွန်တော်တို့က စောစောပို့ချင်တယ်။ အခုလိုဆောင်ရွက်ပေးတော့အဆင် ပြေတယ်။

အလွန်ကျေးဇူးတင်

"နံနက်ပိုင်းဆိုတော့ အချိန်မီဖတ်ရတာပေါ့။ ဖတ်ရတဲ့သူလည်း အဆင်ပြေတယ်။ သတင်းစာဆိုတာ နေ့စဉ်ဖတ်ရတဲ့ သတင်းဆိုတော့ အခုလိုအစီအစဉ်ကို သတင်းစာဖတ်ပရိသတ်က အလွန်ကျေးဇူးတင်ကြောင်း ပြောကြတယ်" ဟု ဆိုသည်။

သတင်းစာမပြတ် စောင့်ဖတ်သူ အငြိမ်းစား ကျောင်းဆရာကြီး ဦးစိုးမြင့်က "ကျွန်တော်သတင်းစာဖတ်တာ အနှစ် ၄၀ ရှိပြီ၊ ဒီလိုပြုပြင်ပြောင်းလဲလုပ်ဆောင်ပေးတာ ကျွန်တော့်တစ်သက် မျှော်လင့်မထားဘူး။ နည်းပညာတွေဘယ်လောက်ကောင်းကောင်း နေ့စဉ်ထုတ်သတင်းစာကိုဖတ်ရတဲ့ ပီတိလောက် ဘယ်ဟာကမှ အစားမထိုးနိုင်ဘူး" ဟု ပြောသည်။

အောင်စိုးဇေ(iprd)

တက္ကသိုလ်ကောလိပ်ချန်ပီယံလိဂ် စစ်ကိုင်းတက္ကသိုလ်အသင်း ဗိုလ်စွဲ

စစ်ကိုင်း မေ ၃

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းဇုန်တက္ကသိုလ်ကောလိပ်များ ချန်ပီယံလိဂ် Universities Champion League ဘောလုံးပြိုင်ပွဲခြေစစ်ပွဲ ဗိုလ်လုပွဲအဖြစ် စစ်ကိုင်းတက္ကသိုလ်အသင်းနှင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးတက္ကသိုလ်အသင်းတို့ ဧပြီ ၂၉ ရက် ညနေ ၄ နာရီက စစ်ကိုင်းခရိုင် အားကစားကွင်းတွင် အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်နှင့်တစ်ဖက်နှစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားပြီး Head to Head အရ စစ်ကိုင်းတက္ကသိုလ်အသင်းက ဗိုလ်စွဲသွားကြောင်း သိရသည်။

ပြိုင်ပွဲအပြီး ဆုများချီးမြှင့်ရာ တတိယဆုရသမဝါယမတက္ကသိုလ်အသင်းက ငြိမ်းသီရိဟိုတယ်နှင့်သမာဓိသစ်စက်ပိုင်ရှင်ဦးငြိမ်းဇော်ထွန်းက ဆုငွေကျပ်နှစ်သိန်း၊ ဒုတိယဆုရ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်အသင်းကို စစ်ကိုင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်မင်းညိုက ဆုငွေကျပ် သုံးသိန်းနှင့် ပထမဆုရစစ်ကိုင်းတက္ကသိုလ်အသင်းကို ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဦးစိုးတင့်က ဆုငွေကျပ် ငါးသိန်းတို့ကို အသီးသီးဆုချီးမြှင့်ပေးအပ်ကြပြီး ဆုရအသင်းမှ အားကစားသမားများနှင့်အတူ တာဝန်ရှိသူများက အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြကြောင်း သိရသည်။

တင်မောင်(မန္တလေး)

ရခိုင်ပြည်နယ်ရှိ ကလေးငယ်များ လူမှုဘဝမြှင့်တင်ရေးအတွက် ဒေါ်လာ ၁၂ သန်း ယူနီဆက်ဖ် သုံးစွဲကူညီမည်

ရန်ကုန် မေ ၃

ရခိုင်ပြည်နယ်အတွင်းရှိ လူမျိုးဘာသာမရွေးမှ မွေးလာသည့်ကလေးငယ် ၁၀ သိန်းကျော်အတွက် ကျန်းမာရေး၊ ပညာရေးနှင့် လူမှုဘဝမြင့်မားလာစေရေးအတွက် ယခုဘဏ္ဍာနှစ်အတွင်း အမေရိကန်ဒေါ်လာ ၁၂ သန်းခန့် အကုန်အကျခံဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယူနီဆက်ဖ်မြန်မာမှ သိရသည်။

ရခိုင်ပြည်နယ်အတွင်းရှိ ကလေးသူငယ်များအတွင်း ခန္ဓာကိုယ်သေးကွေးမှုနှုန်းများနှင့် မိခင်နို့ပြည့်ဝစွာမသောက်သုံးရမှုများ၊ ပညာရေးနိမ့်ကျမှုများ မကြုံတွေ့စေရေးအတွက် ယခုကဲ့သို့ ရန်ပုံငွေများ သုံးစွဲဆောင်ရွက်သွားရန် စီစဉ်ထားကြောင်း ယူနီဆက်ဖ်မြန်မာ၏ ဌာနေကိုယ်စားလှယ် မစ္စတာ ဘာထရန်ဗိန်းဘဲလ်က ပြောကြားသည်။

ထို့အပြင် ရခိုင်ပြည်နယ်အတွင်း ကလေးအများစုမှာ ခန္ဓာကိုယ်သေးကွေးမှုနှုန်းမြင့်မားခြင်း၊ မိခင်နို့တိုက်ကျွေးမှုမှာလည်း တစ်ရာခိုင်နှုန်းသာရှိခြင်း၊ မူလတန်းပညာပြီးဆုံးမှုမှာလည်း အားနည်းခြင်းများအပြင် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ အကာအကွယ်ရရှိရေးများတွင်လည်း လိုအပ်ချက်များ ရှိနေသေးကြောင်း ယူနီဆက်ဖ်၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

သတင်းနှင့်ဓာတ်ပုံ ခင်ရတနာ

ယူနီဆက်ဖ်အနေဖြင့် ရခိုင်ပြည်နယ်ရှိ ကလေးငယ်များ၏ဘဝမြှင့်တင်ရေး အစီအစဉ်များကို မေလမှစတင်ကာ ယခုနှစ် ဘတ်ဂျက်အသစ်များဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အကူအညီပေးရေး၊ စစ်တမ်းများ ကောက်ယူရေးနှင့် ကျန်းမာရေးစောင့်ရှောက်ရေး၊ ပညာသင်ကြားရေးစသည့် အစီအမံများအားလုံးကို ဆောင်ရွက်ရာတွင် ရခိုင်ပြည်နယ် အစိုးရအဖွဲ့များ၊ ပြည်နယ်အတွင်းရှိ လူမှုရေးအဖွဲ့အစည်းများ၊ ဒေသခံအားလုံးနှင့် ပူးပေါင်းကာ သံသယများကို ဦးစွာဖယ်ရှားပြီး ကလေးသူငယ်အရေး အောင်မြင်အောင် ဆောင်ရွက်သွားမည်ဟုသိရသည်။ **(မြန်မာ့အလင်း)**

မူလတန်းကြိုကျောင်းပေါင်းစုံ ပဒေသာကပွဲ ကျင်းပ

ရန်ကုန် မေ ၃

လူမှုဝန်ထမ်းဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံး မူလတန်းကြိုကျောင်းများ၏ ကျောင်းပေါင်းစုံ ပဒေသာကပွဲကို ဧပြီ ၂၉ ရက်နံနက် ၈ နာရီက ရန်ကုန်မြို့ အလုံမြို့နယ် အောက်ကြည့်မြင်တိုင်လမ်းရှိ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန တွဲဖက်တိုင်းဦးစီးအရာရှိ ဦးခင်မောင်ငြိမ်းနှင့် လူမှုဝန်ထမ်း အတတ်သင်သိပ္ပံကျောင်းမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြမာလာစိုးတို့က ပဒေသာကပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့သည်။ ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး မူလတန်းကြိုကျောင်း ၂၉ ကျောင်းမှ ကလေးငယ်များက ပဒေသာကပွဲများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

(သတင်းစဉ်)

ပြည်သူလိုတာ လုပ်ဖို့ရာ ကျရာအခွန် ပေးဆောင်ပါ

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၈/၉၇၀၀ Sein Tun L/T၊ P/U ယာဉ်လက်ဝယ်ရှိသူ ဦးလောလုံ ၁၃/မဆတ(နိုင်)၀၃၂၇၈၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုခဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
လှိုင်သာယာမြို့နယ်တရားမရုံးတော်၌
၂၀၁၁ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၂၅ နှင့် ဆက်သွယ်သည့်
၂၀၁၃ခုနှစ်၊ တရားမဇာရီမှုအမှတ်-၄၈ ။

ဒေါ်မို့မို့ရှိန်	နှင့်	ဦးဝေမင်းထွန်း
ဒီကရီအနိုင်ရသူ		**တရားရှုံး**

အမှတ် ၂၈၁/က၊ အလယ်ရွှေဂုံတိုင်လမ်း၊ အလယ်ရွှေဂုံတိုင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး သိစေရမည်။

၂၀၁၁ခုနှစ် တရားမကြီးမှုအမှတ်-၄၂၅တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ကလျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊အကြောင်းပြချေဆိုနိုင်သူအခွင့်ရ ကိုယ်စားလှယ်ဖြစ်စေ ၂၀၁၄ခုနှစ် မေ ၁၂ရက် မွန်းမတည့်မီ ၁၁နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၄ခုနှစ် ဧပြီ ၁၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ခင်မောင်သောင်း
တွဲဖက်မြို့နယ်တရားသူကြီး
လှိုင်သာယာမြို့နယ်တရားရုံး

အလှူတော်ကျေးဇူးတင်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အမှတ် (၁)ရပ်ကွက်၊ ဦးထွန်းလင်းခြံလမ်းမှ ၂၅-၄-၂၀၁၄ရက်မှ ၂၆-၄-၂၀၁၄ရက်တွင် ကျင်းပခဲ့သော ပထမအကြိမ် မေတ္တာဝါဒီပရဟိတကျောင်းမှ ကျောင်းသား ၃၀တို့အား ရှင်သာမဏေအဖြစ် သွတ်သွင်းချီးမြှင့်သည့် အလှူမင်္ဂလာပွဲ၌ လိုလေသေးမရှိအောင် လူအား၊ ငွေအားတို့ဖြင့် ပံ့ပိုးကူညီပေးပါသော ဦးသိန်းတန်ရွှေမျက်ဝန်းအလှပြုပြင်ရေးမှ ဦးတင်ထွန်းနှင့်ဇနီး၊ မော်အလှပြုပြင်ရေးမှ ဒေါက်တာဦးမျိုးမြင့်အောင်နှင့် ဒေါ်မော်မော်ညို၊ မျိုးမျိုးဖက်ရှင်၊ မြဝတီစတိုး၊ စာပေဟင်းလေးအိုးကြီး၊ မေသုခဖက်ရှင်၊ စိမ်းစိမ်းအအေးဆိုင်၊ နှင်းဆီဖြူဖက်ရှင်နှင့် အဘက်ဘက်မှ လမ်းညွှန်မှာကြားဝိုင်းဝန်းကူညီပေးခဲ့ကြပါသော ဦးထွန်းလင်းခြံမိသားစုအားလုံးအား လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ဦးထွန်းလင်းခြံလမ်းအလှူဖြစ်မြောက်ရေးအဖွဲ့

ကိုယ်စားလှယ်ပါဝါရုပ်သိမ်းကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ ညောင်ပင်ကိုင်းရွာနေ ဒေါ်တင်ကြည်မှ ၂၉-၁-၂၀၁၄ ရက်တွင် ဦးမြင့်ငွေအား လွှဲပြောင်းပေးခဲ့သော ကိုယ်စားလှယ်လွှဲစာကို ပြန်လည်ရုပ်သိမ်းပါကြောင်း။

ဒေါ်တင်ကြည်
ညောင်ပင်ကိုင်းရွာ
ရမည်းသင်း

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၄ဘီ(ပုသိမ်ညွန့်)၊ မြေကွက်အမှတ် ၂၃၆၊ မြေကွက်တည်နေရာအမှတ် ၃၀၊ ၆လမ်း၊ ပုသိမ်ညွန့်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် ဒေါ်အေး၊ ဦးကျော်ဒင်အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် နှစ်ဦးထံမှ (စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၊ ရန်ကုန်မြို့) SP၈၉၆၇/၀၆ (၈-၁၁-၀၆)ရသူ ဒေါ်စီစီမာ ၁၂/မဂတ(နိုင်)၀၅၀၉၅၃က အဆိုပါ SP နှင့် SP လွှဲအပ်ပေးထားသူများ သက်ရှိထင်ရှားရှိကြောင်း၊ အဆိုပါ SP ပြန်လည်ရုပ်သိမ်းခြင်းမရှိသေးကြောင်း ကတိသစ္စာပြုလွှာတင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပျောက်ဆုံးကြောင်း

ယာဉ်အမှတ် 7G-4127 ၏ ယာဉ်မှတ်ပုံတင်စာအုပ်၊ ဝီးတက်၊ အာမခံစာအုပ်၊ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အမြန်ဆက်သွယ်အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ **(ထိုက်တန်စွာကျေးဇူးဆပ်ပါမည်။)**

ဆက်သွယ်ရန် ဖုန်း-၀၉-၇၃၀၃၉၇၉၃၊ ၀၉-၇၃၂၄၁၄၉၄

အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း

ကျွန်တော် ဦးခင်မောင်အုန်း ၁၂/ဥကတ(နိုင်)၀၁၁၂၀၁ နှင့် ဦးလွန်းကြိုင် ၁၂/ဥကတ(နိုင်)၀၅၄၄၆၆ တို့သည် ၂၉-၅-၂၀၁၂ ရက်တွင် ဦးစိုးဝင်း ၁၂/ဥကတ(နိုင်)၀၉၆၂၇၂ ကို အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၉၇၂၁/၁၂)အား လွှဲအပ်ထားပါသည်။

လွှဲအပ်သူကိုယ်စား ဆောင်ရွက်ရန်ရှိသည့်တာဝန်များကို ဆောင်ရွက်ခြင်းမရှိ၍ လည်းကောင်း၊ ကိုယ်စားဆောင်ရွက်ရန် မလိုအပ်တော့သဖြင့်လည်းကောင်း ဖော်ပြပါ ကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းပြီးကြောင်း အများသိစေအပ်ပါသည်။

ဦးခင်မောင်အုန်း၊ ဦးလွန်းကြိုင်



ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မြောင်းတကာသံမဏိစက်မှုဇုန်၊ မြေကွက်အမှတ် ၃၇၅၊ ၃၇၆၊ ၃၇၇၊ ၃၇၈၊ ၃၇၉၊ ၃၈၀၊ ၃၈၁၊ ဧရိယာ ၁၆ ဒသမ ၆၆၇၈ဧကကို အမည်ပေါက် ဦးဝဏ္ဏထွန်း ၁၂/သကတ(နိုင်)၁၂၀၅၀၈ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဒေါ်မြင့်မြင့်ရီ ၁၂/လသန(နိုင်)၀၀၈၀၆၁မှ ပိုင်ဆိုင်မှုအမည်ပြောင်းလဲ၍ မြေချပါမစ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန(စီမံကိန်းဌာနခွဲ)သို့ တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

အင်းတော်၌ မော်လူးမီးရထားဘူတာစကြံ ပြန်လည်မွမ်းမံပြင်ဆင်

မော်လူး မေ ၃

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးမီးရထားဘူတာရုံ စင်္ကြံတွင် ပေါက်ပြဲပျက်စီးလျက်ရှိသော ကြမ်းခင်းများ အသစ်ပြန်လည်မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းကို ဧပြီ ၂၇ ရက်မှ စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

မော်လူးမီးရထားဘူတာ ရုံပိုင်ကြီး ဦးစိုးလင်းနှင့် မီးရထားဘူတာဝန်ထမ်းများ၊ မီးရထားအင်ဂျင်နီယာ (မော်လူး) တာဝန်ခံ ဦးထင်လှအောင်နှင့် ဝန်ထမ်းများက ကြီးကြပ်၍ မော်လူးမြို့ပေါ်ရပ်ကွက်များမှ မြို့မိမြို့ဖများ၊ ကုန်သည်များနှင့် စေတနာရှင်များ၏ စုပေါင်းကောင်းမှုဖြင့် ကာလတန်ဖိုး ငွေကျပ် ငါးသိန်းခန့် အကုန်အကျခံကာ ပြုပြင်မွမ်းမံနေကြောင်း၊ ဆက်လက်၍ ပြုပြင်မွမ်းမံမှုများ ဆောင်ရွက်ရန် လိုအပ်နေသေးသဖြင့် အလှူရှင်များကို ဖိတ်ခေါ်ထားကြောင်း၊ မွမ်းမံပြင်ဆင်မှုပြီးစီးသွားပါက ဒေသခံခရီးသွားပြည်သူများ နားနေရာတွင် အဆင်ပြေချောမွေ့နိုင်မည်ဖြစ်ကြောင်း မော်လူးမီးရထားဘူတာရုံပိုင်ကြီးထံမှ သိရသည်။

နီတိုး

နားမှောင်းရ ဆည်ရေသောက်မြောင်းမကြီးအသစ်တူးဖော် ပေါင်တင်ခြင်းနှင့် ရေကာတာတည်ဆောက်

တောင်တွင်းကြီး မေ ၃

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ရေဝေအုပ်စု မြင်းစုကျေးရွာအနီး ရန်ပယ်ချောင်းအပေါ်ရှိ နားမှောင်းရရေလွှဲဆည် အရှည် ပေ ၂၀၀၀၊ အကျယ်ပေ ၇၀၊ အမြင့် ၁၅ ပေရှိ မြောင်းမကြီးကို တူးဖော်ခြင်း၊ ပေါင်မြှင့်တင်ခြင်း၊ ရန်ပယ်ချောင်းရေ ထပ်မံမတိုက်စားစေရေး ရေကာတာတည်ဆောက်ခြင်းလုပ်ငန်းများကို ငွေကျပ် သိန်း ၁၀၀ ကျော် အကုန်အကျခံ၍ ဒေသခံပြည်သူများ နှမ်း၊ မိုး၊ ဆောင်းသုံးရာသီ သီးနှံမျိုးစုံ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် မြို့နယ်ဆည်မြောင်းဦးစီးဌာနမှ စက်ယန္တရားကြီးများဖြင့် ဧပြီ ၁၈ ရက်က စတင်အကောင်အထည်ဖော် တည်ဆောက်လျက်ရှိသည်။ **(အပေါ်ပုံ)**

အဆိုပါ နားမှောင်းရဆည်တည်ဆောက်ခြင်းလုပ်ငန်းခွင်သို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအာကာစိုး၊ မြို့နယ်ဆည်မြောင်းဦးစီးအရာရှိ ဦးသိန်းအောင်၊ မြို့နယ်အထောက်အကူပြုကော်မတီများ လိုက်ပါလျက် ဧပြီ ၃၀ ရက် နံနက် ၇နာရီခွဲက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ဒေသခံတောင်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးကာ ဒေသခံပြည်သူများ၏ လိုအပ်ချက်များကို ကူညီဖြည့်ဆည်းပေးခဲ့သည်။

ယခု ဆောင်ရွက်လျက်ရှိသည့် နားမှောင်းရဆည်ရေသောက်မြောင်းမကြီး တည်ဆောက်ပြီးစီးသွားပါက ဆုံကုန်း၊ ရေဝေ၊ဆုံစု၊ ရခိုင်စု၊ ကုက္ကိုခွ၊ ဂျုတ်ကုန်း၊ စည်ပင် သာယာ၊ စမုံကျေးရွာတို့မှ ဒေသခံ တောင်သူ ၃၀၀ ကျော်တို့၏ လယ်ဧက ၁၁၇၀နှင့် ရေပိုသောက် ဧက ၁၃၀ ကျော်တို့တွင် မိုးစပါး၊ နွေစပါးအပါ အဝင် နှမ်း၊ မိုး၊ ဆောင်းသုံးရာသီစလုံး သီးထပ်၊ သီးညှပ်များနှင့် သီးနှံမျိုးစုံ အချိန်အခါ ရာသီမရွေး စိုက်ပျိုးနိုင်တော့မည်ဖြစ်ရာ ဒေသခံတောင်သူများ ဝမ်းသာပီတိဖြစ်လျက်ရှိကြောင်း ဂျုတ်ကုန်းကျေးရွာမှ တောင်သူ ဦးအောင်ကျော်စိုးက ပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

၂၀၁၅ ခုနှစ်၌ မြန်မာနိုင်ငံတွင် ဓာတ်အားလိုအပ်ချက် ၂၇၂၅ မဂ္ဂါဝပ်ခန့် ရှိနိုင်

ရန်ကုန် မေ ၃

မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားသုံးစွဲမှုမှာ နှစ်စဉ် ၁၅ ရာခိုင်နှုန်း တိုးတက်နေသဖြင့် ၂၀၁၄ခုနှစ် အတွင်း တစ်နိုင်ငံလုံး ဓာတ်အားလိုအပ်ချက် ၂၃၇၀မဂ္ဂါဝပ် ရှိလာနိုင်ကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ထုတ်ပြန်သောစာရင်းဇယားများ၌ဖော်ပြသည်။

မြန်မာနိုင်ငံတွင် လျှပ်စစ်ဓာတ်အားထုတ်ယူသုံးစွဲနေမှု အခြေအနေမှာ ရေအားလျှပ်စစ်ထုတ်ယူမှုမှ ၇၆ ဒသမ ၁၁ ရာခိုင်နှုန်း၊ သဘာဝဓာတ်ငွေ့အားသုံး ဓာတ်အားထုတ်ယူမှုမှ ၂၆ ဒသမ ၈၈ ရာခိုင်နှုန်းနှင့် ကျောက်မီးသွေးမှ ဓာတ်အားထုတ်ယူမှု ၁၆ ဒသမ ၇၉ ရာခိုင်နှုန်း အသီးသီးရှိနေရာ ရေအားမှလျှပ်စစ်ဓာတ်အားထုတ်ယူသုံးစွဲမှု အများဆုံးဖြစ်သည်။

မြန်မာနိုင်ငံ၏ တိုးတက်လာသော လူဦးရေနှင့် ခေတ်မီအိမ်သုံးလျှပ်စစ်ပစ္စည်းများသုံးစွဲလာမှုတို့ တဖြည်းဖြည်း များပြားလာခြင်းတို့ကြောင့် တစ်နိုင်ငံလုံးတွင် ၂၀၁၅ ခုနှစ်၌ ဓာတ်အား ၂၇၂၅ မဂ္ဂါဝပ်အထိ လိုအပ်လာနိုင်သည်။ ထို့အတူ လာမည့် ၂၀၁၆ ခုနှစ်တွင် တစ်နိုင်ငံလုံး၌ လျှပ်စစ်ဓာတ်အား လိုအပ်ချက် ၃၁၃၀ မဂ္ဂါဝပ်အထိ လိုအပ်နိုင်ကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ခန့်မှန်းထားသည်။

ယင်းဓာတ်အား လိုအပ်ချက်မှာ စက်မှုဇုန်နှင့် အထူးစီးပွားရေးဇုန်များတွင် သုံးစွဲမည့် ဓာတ်အားပမာဏများ ထည့်သွင်းတွက်ချက်ထားခြင်းမရှိကြောင်း သိရသည်။ သို့သော် နိုင်ငံတော်အနေဖြင့် ပြည်သူများ ဓာတ်အားအသုံးပြုနိုင်ရေးအတွက်လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ဆောင်ရွက်မှုပုဂ္ဂလိကများအား ဓာတ်အားထုတ်လုပ်နိုင်ရေး ခွင့်ပြုပေးမှုနှင့် နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံလုပ်ကိုင်လိုသူများအား စိစစ်ခွင့်ပြုပေးမှု စသည့်နည်းလမ်းများဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ကမ္ဘာ့ဘဏ်ကလည်း မြန်မာနိုင်ငံ လျှပ်စစ်ဓာတ်အားထုတ်လုပ် အသုံးပြုနိုင်ရန်အတွက် အမေရိကန်ဒေါ်လာ တစ်ဘီလီယံ ကူညီထောက်ပံ့ရန် စီစဉ်ထားရာ လာမည့် ၂၀၂၀ ပြည့်နှစ်တွင် မြန်မာပြည်သူ ၅၀ ရာခိုင်နှုန်းအထိ ဓာတ်အားအသုံးပြုနိုင်မည်ဟု မျှော်မှန်းထားသည်။ လက်ရှိတွင် မြန်မာပြည်သူ ၃၀ ရာခိုင်နှုန်းခန့်သာ လျှပ်စစ်ဓာတ်အား အသုံးပြုနိုင်ပြီး ပြည်သူအားလုံး ဓာတ်အားသုံးစွဲနိုင်ရေး ဓာတ်အားလိုအပ်ချက်ကို တဖြည်းဖြည်းလျော့ကျသွားရန် ကြိုးစားလျက်ရှိနေသည်။

မောင်မောင်မြင့်ဆွေ

လှိုင်၌ ပညာရည်ချွန်ဆုချီးမြှင့်

ဧပြီ၂၈ ရက်က လှိုင်မြို့နယ် ဇေယျဝတီပရိယတ္တိစာသင်တိုက်နှင့် မြို့နယ်ပညာရေးဌာနတို့ ပူးပေါင်း၍ ဆ၌မအကြိမ် လှိုင်ဗုဒ္ဓစာပေဆုနှင့် ပညာရည်ချွန်ဆုချီးမြှင့်ခြင်း အခမ်းအနားကို I.B.C ခန်းမ၌ကျင်းပရာ ဗုဒ္ဓစာပေဆု ၃၉ဆုနှင့် ပညာရည်ချွန်ဆုခြောက်ဆု၊ နိုင်ငံတော်အဆင့်ပန်းချီဆု သုံးဆုကို လှိုင်ဗုဒ္ဓစာပေဆုနှင့် ပညာရည်ချွန်ဆု ချီးမြှင့်ရေးအဖွဲ့မှ နှစ်စဉ်ချီးမြှင့်ပေးလျက်ရှိပြီ လှိုင်ဗုဒ္ဓစာပေဆုချီးမြှင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းကျော်က ဆုရရှိသူကျောင်းသူတစ်ဦးကို ဆုများချီးမြှင့်ခဲ့သည်။

မီးမီး(လှိုင်)

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ လူနေရပ်ကွက်အမှတ်(၉)၊ မြေကွက်အမှတ်(၁၆၉+၁၇၀)၊ ဧရိယာ ၀ဒသမ၁၁၆၊ စတုရန်း၅၁၆၃ပေရှိဂရန်မြေကွက်နှင့် ယင်းမြေပေါ်တွင်ဆောက်လုပ်ထားသော အမှတ် ၁၇၀နေအိမ်တို့ကို ပိုင်ရှင်ဗိုလ်မှူးကြီးသန်းထွန်း(ငြိမ်း) ၇/ပမန(နိုင်)၀၀၅၈၇၃ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လက်ရောက် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ပေးစာချုပ်ချုပ်ဆိုထားခဲ့ပြီးဖြစ်ပါသည်။ အဆိုပါဂရန်မြေနှင့် ယင်းမြေပေါ်ရှိ နေအိမ်တို့၏ပိုင်ဆိုင်ခွင့်၊ လွှဲပြောင်းရောင်းချခွင့်များနှင့်စပ်လျဉ်း၍ ကန့်ကွက်အရေးဆိုလိုပါက ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ဤသတင်းစာကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဝင်းမြင့်(တရားလွှတ်တော်ရှေ့နေ)
P.Hd. (Thesis)., M.A(Law).,
M.A(Anthropology),
B.A., H.G.P., R.L, Dipin Eng.,
D.B.L, D.M.L, D.I.L, D.A Psy.,
D.I.R., D.S.W, D.A.E, D.I.P
(WIPO)., D.G.I

ဒေါ်သိမ့်သိမ့်ထွန်း
M.A(Law)., LL.B, D.B.L,
D.M.L, D.I.L

အမှတ် ၃၊ တိုက် ၆၊ (၃)ရပ်ကွက်၊ သီတာဆိပ်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၂၀၂၄၁၆၊ ၀၉-၇၃၂၁၈၀၁၂၊ ၀၉-၇၃၁၃၇၅၉၅

အများသိစေရန်နှင့်ခိုင်လုံသောအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါကြောင်း

ဦးဇော်ဝင်းနိုင် ၁၂/ပဘတ(နိုင်)၀၁၁၅၇၈ လက်ရောက်ရရှိဝယ်ယူပိုင်ဆိုင်ထားသော ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ဗိုလ်ညာဏလမ်း၊ မြေကွက်အမှတ် ၈၊ ပေ (၃၈×၆၀)၊ ဘိုးဘွားပိုင်ဂရန်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ သုံးထပ်ခွဲတိုက်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေ ဦးကျော်မင်းထွန်း ၁၃/တကန(နိုင်)၁၉၆၁၁၃ထံမှ ရောင်းဖိုးစရန်ငွေ တစ်စိတ်တစ်ဒေသကိုပေးချေပြီးဖြစ်၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများကို တင်ပြ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးအောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဦးဇော်ကျော်အောင်(စဉ်-၃၄၄၉၀) LL.B, C.B.L
ဒေါ်ကြည်သာဝင်း(စဉ်-၂၉၅၅၃) LL.B,LL.M
ဒေါ်နန်းဆိုင်အုံ(စဉ်-၃၄၅၃၀) LL.B
ဒေါ်ဇင်လင်းထွေး (စဉ်-၃၈၂၃၈) LL.B
ဦးမိုးမင်းဟိန်း (စဉ်-၃၈၂၉၂) LL.B

အထက်တန်းရှေ့နေများ (ရွှေဟသ်ာအိမ်ခြံမြေဥပဒေအတိုင်ပင်ခံအကျိုးဆောင်)
အမှတ် ၈၆၄၊ ပင်လုံလမ်း၊ (၃၆)အဆင့်မြင့်ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၇၃၀၈၉၂၁၃၊ ၀၉-၃၁၅၅၇၀၆၈၊ ၀၉-၃၁၂၁၀၇၇၂၊ ၀၉-၃၁၃၀၂၆၂၉၊ ၀၉-၄၂၀၂၅၇၄၀၃

သတိပေးတားမြစ်ချက်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေကလေးရပ်ကွက်၊ လေးထောင့်ကန်လမ်း၊ အမှတ်၇၄နေ ဒေါ်ဟန်ချွန်း ၁၃/တကန(နိုင်)၁၃၁၉၂၄ ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးတားမြစ်ချက်ကြေညာလိုက်သည်။ မင်္ဂလာဒုံမြို့နယ်၊ နွယ်ခွေကျေးရွာ အုပ်စု၊ ကွင်းအမှတ် ၅၃၀-A၊ ဦးပိုင်အမှတ် ၄၁ ရှိ မြေဧရိယာ ၁၀ ဧကရှိ လယ်မြေကို ဒေါ်ဟန်ချွန်းမှ ၂၅-၆-၉၇ ရက်တွင် လက်ရှိပိုင်ရှင်ဟု စာရွက်စာတမ်းများတင်ပြ၍ ဦးမြသောင်း(ခ)ဦးမောင်မောင် B/RGN-၀၁၃၂၆၉ ထံမှ ငွေကျပ် သိန်း (၆၀၀၀၀၀၀/-) (ကျပ်သိန်းခြောက်ဆယ်တိတိ) ဖြင့် စာချုပ်စာတမ်းများချုပ်ဆို၍ အသိသက်သေများရှေ့တွင် ဝယ်ယူပိုင်ဆိုင်ထားပြီး အဆိုပါလယ်မြေယာကွက်အတွင်းသို့ မည်သူတစ်ဦးတစ်ယောက်ကိုမျှ လုပ်ကိုင်ခွင့်၊ နေထိုင်ခွင့်၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ငှားရမ်းထားခြင်း ယနေ့အချိန်အထိ မရှိခဲ့ပါ။ သို့ဖြစ်ပါ၍ ကျွန်ုပ်မိတ်ဆွေ၏ သဘောတူခွင့်ပြုချက်မရရှိဘဲ လယ်မြေ ၁၀ ဧကအတွင်းသို့ ကျူးကျော်ဝင်ရောက်နေထိုင်လုပ်ကိုင်ခြင်း၊ လုပ်ပိုင်ခွင့်လျှောက်ထားခြင်းများ မပြုလုပ်ရန်နှင့် ပြုလုပ်ထားသူများ ပြန်လည်ရုပ်သိမ်း၍ဖယ်ရှား ထွက်ခွာပေးပါရန် အသိပေးကြေညာအပ်ပါသည်။ အကယ်၍ လိုက်နာရန်ပျက်ကွက်ပါက တရားဥပဒေအကြောင်းအရ တရားစွဲဆိုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- ဦးစိုးတင့်(မြောင်းမြ)
ဥပဒေဘွဲ့(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၆၇၉၃)
အမှတ် ၁၈၀၊ သုမိတ္တာ ၆ လမ်း၊(၁)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်

ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ မြေကွက်အမှတ် ၃၀၉/က၊ မြေကွက်တည်နေရာအမှတ် ၃၀၉/ခ၊ မဟာမြိုင်လမ်း၊ (၂)ရပ်ကွက် ဦးအေးချိုအမည်ပေါက် နှစ်၆၀ဂရန်မြေအား ရွှေပြည်သာမြို့နယ်တရားရုံး၏ တရားမကြီးမှုအမှတ် (၁၀၇/၂၀၁၄)နှင့် တရားမဇာရီမှုအမှတ် (၆/၂၀၁၄)တို့ကို တင်ပြ၍ ဘီလစ် ဒေါ်နိုင်နိုင်မော်မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် လျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၊ မြေကွက်အမှတ် ၅၂၄၊ မြေကွက်တည်နေရာအမှတ် ၅၂၄၊ ကန်သာယာလမ်း၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ် (၁) ဦးမောင်အေး၊ (၂) ဦးအောင်ဝင်းရှိန်အမည်ပေါက် နှစ်၆၀ဂရန် မြေအား အမည်ပေါက် တစ်ဦးဖြစ်သူ ဦးမောင်အေး(ခင်ပွန်း) ကွယ်လွန်သဖြင့် ၎င်း၏အစုအတွက် တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်နွဲ့ ၁၂/သကတ(နိုင်)၀၈၆၈၇၆နှင့် ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဦးအောင်ဝင်းရှိန် ၁၂/သကတ(နိုင်) ၀၈၆၅၈၁တို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၆၂၅၅/၁၄ (၂၈-၂-၁၄)ရသူ ဦးစိန်လှ ၁၂/တမန(နိုင်)၁၂၂၇၄၈မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ဂ)၊ မြေကွက်အမှတ် (၄၅ ၁/၂)၊ မြေကွက်တည်နေရာအမှတ် (၄၅ ၁/၂)၊ ဥက္ကာ ၂လမ်း၊ (ဂ)ရပ်ကွက်၊ (ဦးဟန်သိန်း အန်/အိုကေအေ-၀၂၂၀၅၀) အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက်ခင်ပွန်း ဦးဟန်သိန်းကွယ်လွန်သဖြင့် ဒေါ်တင်တင်ဝင်း ၁၂/ဥကမ(နိုင်) ၀၃၅၁၀၅က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/၁၊ မြေကွက်အမှတ် (၂၆/၂)၊ မြေကွက်တည်နေရာအမှတ် (၂၆/၂)၊ ၃ လမ်း၊ ၁၄/၁ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးမင်းဆွေအမည်ပေါက် နှစ် ၆၀မြေငှားဂရန်မြေအား အမည်ပေါက် ဦးမင်းဆွေနှင့် ဇနီး ဒေါ်ခင်သန်း ကွယ်လွန်သဖြင့် ဒေါ်ခင်မာရီ ၁၂/ဒဂန(နိုင်)၀၀၃၀၉၂၊ ဒေါ်တင်တင်ဆွေ ၁၂/ ဥကတ(နိုင်)၁၀၀၇၀၈၊ ဦးမောင်မင်းဆွေ ၁၂/ဥကတ(နိုင်)၁၀၆၀၄၆တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

ထီးလင်းမြို့နယ်၌ တောင်သူလယ်သမားများ စိုက်ပျိုးရေရလို၍ မိုးကိုမျှော်နေ

ထီးလင်း မေ ၃

မောချောင်းသည် ချင်းပြည်နယ်တွင် မြစ်ဖျားခံစီးဆင်း၍ မကွေးတိုင်းဒေသကြီး ထီးလင်းမြို့နယ်၊ ဂန့်ဂေါမြို့နယ်တို့တွင် ဖြတ်သန်းစီးဆင်းကာ ဂန့်ဂေါမြို့နယ် တောဖို့ကျေးရွာအနီး၌ မြစ်သာမြစ်အတွင်းသို့ စီးဝင်သည်။

အဆိုပါ မောချောင်းမှ ကျောက်၊ သဲများရရှိနိုင်ပြီး တောင်သူလယ်သမားများအတွက် နုန်းတင်မြေနုလွင်ပြင်များနှင့် စိုက်ပျိုးရေလည်း သွယ်ယူရရှိသည်။ ထီးလင်းမြို့နယ်တွင် မောချောင်းရေကို သစ်ဆည်ပိတ်၍ မြောင်းသွယ်ကာ လယ်မြေများသို့ ရေသွယ်ယူပြီး မိုးစပါး၊ နွေစပါးများအပြင် အခြားသီးနှံများ သီးထပ်၊ သီးညှပ်စိုက်ပျိုးကြကြောင်း တောင်သူများထံမှ သိရသည်။

ထီးလင်းမြို့နယ်အတွင်းရှိ မောချောင်းမှ ရေသွယ်သည့် သစ်ဆည်များအနက် မြင်သာဆည်၊ ရပ်မဆည်၊ တောင်ဖက်ဆည်တို့မှ လယ်ယာမြေများစွာသို့ စိုက်ပျိုးရေပေးသွင်းရရှိကြသည်။ ယခုနှစ်တွင် သင်္ကြန်ကာလ မိုးအလိုက်နည်းခြင်း၊ ရာသီဥတု ပူပြင်းခြောက်သွေ့ခြင်းတို့ကြောင့် မောချောင်းရေခန်းခြောက်မှုများပြီး လယ်ယာမြေများသို့ ရေဝင်ရောက်မှု နည်းနေကြောင်း၊ မိုးစပါးများအတွက် ထယ်ရေးပြုပြင်ရန် ရေလိုအပ်ခြင်း၊ နွေးစပါးနှင့် အခြားသီးထပ် သီးညှပ် သီးနှံများအတွက် အောင်ရေရရှိရေးအတွက် မိုးကိုမျှော်နေကြကြောင်း ရပ်မဆည် ရေသောက်ဒေသ စပါးစိုက်တောင်သူများ၏ ပြောပြချက်အရ သိရသည်။

(၁၀၁)

ကြည့်မြင်တိုင်ကမ်းနားလမ်းဟောင်းကို ကွန်ကရစ်လမ်းခင်း

ရန်ကုန် မေ ၃

ကြည့်မြင်တိုင် ကမ်းနားတစ်လျှောက်၌ နေ့စဉ်ဖြတ်သန်းသွားလာနေသော ကုန်တင်ယာဉ်ကြီးများ၊ သစ်လုံးတင်ကားကြီးများ၊ လိုင်းကားကြီးငယ်လတ်များ၊ ကိုယ်ပိုင်ယာဉ်များမှာ ၂၄ နာရီအတွင်း စုစုပေါင်း ယာဉ် အစီးရေ ၅၀၀၀ ကျော်မှ ၆၀၀၀ နီးပါးခန့်ရှိကြောင်း ထီးတန်းရပ်ကွက်နေ ပြည်သူတစ်ဦး၏ မှတ်တမ်းအရ သိရသည်။

အထူးသဖြင့် ကမ်းနားလမ်းဟောင်း ကတ္တရာလမ်းမျက်နှာပြင်မှာ ညီညာမှုမရှိတော့ခြင်း၊ တစ်ချိန်က ယာဉ်သွားလာမှု အရေအတွက် ခံနိုင်ရည်အားကို တွက်ဆခင်းကျင်းထားမှုတို့မှာ ယနေ့ပြောင်းလဲလာသော၊ များပြားလာသော ယာဉ်များနှင့် နှိုင်းဆကြည့်ပါက အလွန်မှပင် ကွာခြားသွားပြီဖြစ်သည်။ မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) ကွန်ကရစ်လမ်းအထူးအဖွဲ့က ကွန်ကရစ်လမ်းမကြီးအဖြစ် စတင်ခင်းနေပြီကို တွေ့ရသည်။ **(အပေါ်ပုံ)**

လက်ထောက်အင်ဂျင်နီယာ ဦးမိုးဆန်းက "ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ရရှိတဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေး ရန်ပုံငွေအရ စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်း/တံတား) ဌာနမှူးရဲ့ တိုက်ရိုက်ကြီးကြပ်မှုနဲ့ ဒီကမ်းနားလမ်း ကတ္တရာလမ်းဟောင်းကြီးကို ကွန်ကရစ်လမ်းအဖြစ် ခင်းနေတာပါ"ဟု နိဒါန်းစကားဆိုသည်။

လမ်းသစ်ခင်းခြင်းကို ၂၀၁၄ ခုနှစ် မတ် ၂၉ ရက်က စတင်၍ လုပ်ငန်းစခဲ့ကြောင်းသိရသည်။ ကြည့်မြင်တိုင်မြို့နယ်အတွင်း ကမ်းနားလမ်းတစ်လျှောက် အစအဆုံးဖြစ်သည့် သုံးတောင်ကွေ့လမ်းဆုံ ဘုရင့်နောင်ကွန်ကရစ်လမ်းအစပ်မှ သီရိမင်္ဂလာဈေးဟောင်းအနီး ကုက္ကိုလမ်းဆုံထိပ်အထိ ဖြစ်သည့် အရှည်ပေအားဖြင့် ၁၂၀၀၀ ကျော်ရှိမည်ဖြစ်သည်။

လမ်းအကျယ်အားဖြင့် ၇၂ ပေ၊ (ခြောက်လမ်းသွား) ကျယ်ဝန်းမည်ဖြစ်သည်။ ထုထည်အမြင့်အားဖြင့် လမ်းအနိမ့်အမြင့်အနေအထားအရ ၁၁ လက်မမှ ၁၃ လက်မအထိ ရှိမည်ဖြစ်သည်။ ခံနိုင်ဝန်အားဖြင့် တန် ၆၀ အထိရှိမည်ဖြစ်ကြောင်း သိရသည်။

လက်ထောက်အင်ဂျင်နီယာ ဦးမိုးဆန်းက "ကျွန်တော်တို့ ဒီလမ်းကို ခင်းတဲ့အခါမှာ လုပ်သားအင်အားကို သုံးခဲ့ပေမယ့် နိုင်ငံတကာစံချိန်စံညွှန်းမီအောင် ကွန်ကရစ်အမျိုးအစား Grade 25 စက်နဲ့ အသုံးပြုသွားတာဖြစ်ပါတယ်။ ဒီစက်ကို အသုံးပြုလာနိုင်တဲ့အတွက် လမ်းအရည်အသွေးက စိတ်ချရသလို လုပ်ငန်းပိုမိုတွင်ကျယ်ပြီး မြန်ဆန်ပါတယ်။ နောက်ပြီးကွန်ကရစ်သားကိုစံပြုပြီး သက်ဆိုင်ရာဓာတ်ခွဲခန်းမှာ စစ်ဆေးမှုတွေပြုလုပ်ခဲ့ပါတယ်" ဟု ရှင်းပြသည်။

ကမ်းနားလမ်းဟောင်းကြီးကို ကွန်ကရစ်လမ်းသစ်အဖြစ် ခင်းရာတွင် လမ်းကို ရေရှည်အသုံးပြုနိုင်ရန်အတွက် ဆက်စပ်လုပ်ငန်းဖြစ်သော ရေနုတ်မြောင်းများပါ တစ်ပါတည်းပြုလုပ်ပေးသွားမည်ဖြစ်ပြီး လိုင်းကားစီးခရီးသည်များ ခေတ္တနားခိုနိုင်ရန် ခေတ်မီ Bus Stand များကိုပါ တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း ၎င်းကဆိုခဲ့သည်။

လမ်းသစ်ကြီး ခင်းပြီးသွားပါက ကမ်းနားလမ်းနေပြည်သူများ စိုးရိမ်နေရသော အဆောက်အအုံများလည်း တုန်ခါမှုကင်းဝေးသွားတော့မည် ဖြစ်သည်။ လမ်းမျက်နှာပြင်များ ညီညာချောမွေ့လာတော့မည်ဖြစ်၍ လမ်းဟောင်းရှိစဉ်က ခံစားခဲ့ရသော လမ်းချိုင့်အတွင်း လေးဘီးကျသည့်အသံ၊ မိုးအခါ၌ ရေဝပ်ခြင်းဒဏ်၊ နွေအခါ၌ လမ်းချိုင့်ဝှမ်းအတွင်းမှ သဲမှုန်များပျံ့လွင့်ခြင်းဒဏ်တို့မှ ကင်းဝေးသွားတော့မည်မှာ အမှန်ပင်ဖြစ်သည်။

လမ်းခင်းမှုကို လုပ်သားအင်အား ၁၀၀ နီးပါးဖြင့် အမြန်ဆုံးပြီးစီးရန် နေ့ညဆောင်ရွက်လျက်ရှိရာ အတော်ခရီး ရောက်နေပြီဖြစ်သည်ကို တွေ့ရသည်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

